# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**မိမိအဖို့ အကျိုးများနိုင်**

သူတစ်ပါး၏ အပြစ်အနာအဆာကို မကြည့်ပါနှင့်။ မိမိအဖို့ အရေးကြီးသည်ကား မိမိကောင်းမှုကို လည်းကောင်း၊ မကောင်းမှုကို လည်းကောင်း လုပ်သည်၊ မလုပ်သည်ကိုသာ ကြည့်ရာ၏။ သူတစ်ပါးအပြစ်ကို ကြည့်ခြင်းထက် မိမိအပြစ်ကို ကြည့်ခြင်းကသာလျှင် မိမိအဖို့ အကျိုးများနိုင်သောကြောင့် ဖြစ်၏။

ပုပ္ဖဝဂ်(ဓမ္မပဒ - ၅၀)


၁၃၇၈ ခုနှစ်၊ တပေါင်းလဆန်း ၄ ရက် | ၂၀၁၇ ခုနှစ်၊ မတ် ၁ ရက်၊ ဗုဒ္ဓဟူးနေ့၊ | အတွဲ (၅၆)၊ အမှတ်(၁၅၂)


## နိုင်ငံတော်သမ္မတ ဦးထင်ကျော်

## ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ်အား လက်ခံတွေ့ဆုံ


စာမျက်နှာ - ၃




# နိုင်ငံတကယ်ရေရှည်တိုးတက်ရန် ငြိမ်းချမ်းရေးသည် မဖြစ်မနေ ရယူရမည့်ကိစ္စဖြစ်

# ငြိမ်းချမ်းရေးကို ထိခိုက်စေသည့်၊ မသန်စွမ်းသည့် စိတ်ဓာတ်ကို မိမိတို့အားလုံး ကုစားပေးရမည်




**နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ငြိမ်းချမ်းရေးတွဲလက်များ Wheel Chair ရထားအဖွဲ့တို့ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်** (သတင်းစဉ်)

**နေပြည်တော် ဖေဖော်ဝါရီ ၂၈**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ငြိမ်းချမ်းရေးတွဲလက်များ Wheel Chair ရထားအဖွဲ့ တွေ့ဆုံခြင်း အခမ်းအနားကို ယနေ့ နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန၌ ကျင်းပသည်။

တွေ့ဆုံပွဲတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က ငြိမ်းချမ်းရေးမရသည့်အကြောင်းရင်းမှာ စိတ်ဓာတ်မသန်စွမ်းမှုကြောင့်ဖြစ်ပါကြောင်း၊ ဉာဏ်ရည်မသန်စွမ်းမှု၊ ကိုယ်လက်အင်္ဂါမသန်စွမ်းမှု တို့ကြောင့် မဟုတ်ပါကြောင်း၊ စိတ်ဓာတ်သန်စွမ်းမှုမရှိသည်ကို ရှိအောင် အားလုံးဝိုင်းပြီး ကူညီရန်လိုပါကြောင်း။

ဒီအဖွဲ့သည် ဒုက္ခနှင့် ရင်ဆိုင်နေရသော်လည်း၊ မသန်စွမ်းသည့်အပိုင်း ရှိသော်လည်း အင်မတန်စွမ်းရည်ပြည့်ဝသည့် စိတ်ဓာတ်ရှိသည်ကို ပြနိုင်ခြင်းသည် တစ်နိုင်ငံလုံးအတွက် စံနမူနာဖြစ်ပြီး အားရစရာလည်းဖြစ်ပါကြောင်း၊ ရင်ဆိုင်


*စာမျက်နှာ ၄ ကော်လံ ၁* ❐



KBZ BANK

STRENGTH OF MYANMAR

သဒ္ဒါထက်သန် မြန်မာအားမာန် ကမ္ဘောဇဘဏ်

# (၇၂)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်

- နိုင်ငံတော်၏ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၊ ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်နှင့် အကျိုးစီးပွားများကို ကာကွယ်စောင့်ရှောက်ရေးနှင့် နိုင်ငံတော်အစိုးရ၏ လုပ်ငန်းတာဝန်အရပ်ရပ်ကို ထိပါးလာမှုများအား တပ်မတော်မှ ကာကွယ်စောင့်ရှောက်ရေး။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ စည်းလုံးညီညွတ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူလူထုက ရွေးချယ်သော ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် ခိုင်ခိုင်မာမာလျှောက်လှမ်းနိုင်ရန် ထိန်းသိမ်းဆောင်ရွက်ရေး တို့အား တပ်မတော်၏ ရပ်တည်ချက်အဖြစ် မြဲမြံစွာခံယူလုပ်ဆောင်ရေး။
- ထာဝရငြိမ်းချမ်းရေးတည်ဆောက်ရာတွင် ချမှတ်ထားသော တပ်မတော်၏ ငြိမ်းချမ်းရေးမူဝါဒ (၆)ရပ်ဖြင့် နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှုနှင့်အတူ ပါဝင်ဆောင်ရွက်ရေး။
- နိုင်ငံတော်ကာကွယ်ရေးနှင့် ဘက်စုံလုံခြုံရေးတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်နိုင်ရန် စွမ်းရည်ထက်မြက်သည့် တပ်မတော်တည်ဆောက်ရေး။

## မွေးကင်းစကလေးအထူးကြပ်မတ်တိုးချဲ့ကုသဆောင် ဗဟိုအမျိုးသမီးဆေးရုံကြီး (ရန်ကုန်) ဖွင့်လှစ်

**နေပြည်တော် ဖေဖော်ဝါရီ ၂၈**

ဗဟိုအမျိုးသမီးဆေးရုံ (ရန်ကုန်)၏ မွေးကင်းစကလေးအထူးကြပ်မတ် တိုးချဲ့ကုသဆောင်နှင့် ကျွမ်းကျင်မှုအခြေပြု လုပ်ငန်းခွင်စွမ်းဆောင်ရည်မြှင့်တင်ရေး ဆိုင်ရာ လက်တွေ့လေ့ကျင့်ရေး အခန်း (Skills Competency Practice Center) ဖွင့်ပွဲအခမ်းအနားများကို ဖေဖော်ဝါရီ ၂၆ ရက်က ဗဟိုအမျိုးသမီး ဆေးရုံ အစည်းအဝေးခန်းမ၌ ကျင်းပရာ ကျန်းမာရေးနှင့် အားကစား ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး တက်ရောက် အမှာစကားပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက ကိုယ်အလေးချိန်ပေါင်မပြည့်မီသော ကလေးများ၊ မွေးရာပါရောဂါကို ခံစားနေရသော ကလေးများနှင့် မွေးကင်းစကလေးများကို အထူးကြပ်မတ်ကုသရန် လိုအပ်ပါက ယခုကဲ့သို့သောဌာနမျိုးသည် ကျွမ်းကျင်မှုပိုင်းဆိုင်ရာနှင့် ပစ္စည်းကိရိယာစုံလင်စွာဖြင့် အရည်အသွေးမြင့်မားစွာ ကုသပေးနိုင်မည်ဖြစ်၍ ကလေးငယ်များ၏ အသက်ရှင်သန်နှုန်းမြင့်မားလာမည်ဖြစ်ပြီး ဉာဏ်ရည်ပိုင်းနှင့် ကိုယ်ကာယဖွံ့ဖြိုးမှုပိုင်းတို့တွင် အခြားကလေးငယ်များနည်းတူ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါကြောင်း၊ မိခင်နို့တိုက်ကျွေးရေးလုပ်ငန်းများလည်း ပိုမိုအထောက်အကူပြုနိုင်မည်ဖြစ်ပါကြောင်း၊ လုပ်ငန်းခွင်စွမ်းဆောင်ရည်မြှင့်တင်ရေးဆိုင်ရာ လက်တွေ့လေ့ကျင့်ရေးအခန်းများမှတစ်ဆင့် အရည်အသွေးမြင့်မားစွာ ကုသစောင့်ရှောက်ပေးနိုင်မည့် ကျန်းမာရေးဝန်ထမ်းများကို ပိုမိုမွေးထုတ်နိုင်မည်ဖြစ်ပါကြောင်း၊ လူနာများအနေဖြင့်လည်း အရည်အသွေးပြည့်ဝသော ကုသမှုများ ပိုမိုရရှိလာမည်ဖြစ်ပြီး မိခင်နှင့်ကလေး သေဆုံးနှုန်း ကျဆင်းလာမည်ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် Jhpeigo ဥက္ကဋ္ဌ၊ အလုပ်အမှုဆောင်အရာရှိချုပ် Ms. Leslie Mancuso၊ လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး (ငြိမ်း) ဦးခင်မောင်စိုးနှင့် GE Foundation Myanmar မှ Mr. Andrew Lee တို့က မွေးကင်းစကလေး အထူးကြပ်မတ်တိုးချဲ့ကုသဆောင် တည်ဆောက်ရေးအတွက် ပါဝင်လှူဒါန်းရခြင်းကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ ဆေးရုံအုပ်ကြီးနှင့် အလှူရှင်များသည် မွေးကင်းစကလေး အထူးကြပ်မတ်တိုးချဲ့ကုသဆောင်နှင့် Skills Competency Practice Center တို့ကို ဖွင့်လှစ်ပေးပြီး Center အတွင်း ကြည့်ရှုစစ်ဆေးခဲ့ကြကြောင်း သိရသည်။

**(သတင်းစဉ်)**



## အလားအလာကောင်းသည့် မြန်မာ့ခရီးသွားလုပ်ငန်း

ပထမအကြိမ် တရုတ်-မြန်မာ ခရီးသွားပူးပေါင်းဆောင်ရွက်ရေးဖိုရမ်ကို နေပြည်တော်၌ ကျင်းပမည်ဖြစ်သည်။ ထိုဖိုရမ်အား 'ခရီးသွားလုပ်ငန်း ပူးပေါင်းဆောင်ရွက်ခြင်း မြန်မာ-တရုတ် နှစ်နိုင်ငံကြား မဟာဗျူဟာမြောက် ပြည့်စုံကျယ်ပြန့်သော ပူးပေါင်းဆောင်ရွက်မှု တွန်းအားသစ်' ခေါင်းစဉ်ဖြင့် မတ်လ ၁ ရက်နှင့် ၂ ရက်နေ့တို့တွင် ကျင်းပမည်ဖြစ်ကြောင်း ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနက အကြိုသတင်းစာရှင်းလင်းပွဲ ပြုလုပ်ခဲ့သည်။

ထိုဖိုရမ်တွင် နှစ်ဖက်အလားအလာများကို ဆွေးနွေးမည်ဖြစ်ပြီး ဖြစ်နိုင်ခြေရှိသော အလားအလာများပေါ်တွင် အခြေခံ၍ ခရီးသွားလုပ်ငန်းစီစဉ်သူများနှင့် လာရောက်လည်ပတ်မည့် ခရီးသွားများ၊ ၎င်းတို့ဘက်မှ ကုမ္ပဏီများနှင့် အပြန်အလှန်ညှိနှိုင်း၍ မြန်မာ-တရုတ် ခရီးစဉ်များအပြန်အလှန် ရောင်းဝယ်ကြမည်ဖြစ်သည်။ တရုတ်ပြည်ဘက်မှလည်း မြန်မာဘက်မှ သတင်းစကားများကို သယ်ဆောင်၍ မြန်မာနိုင်ငံသို့ သွားရောက်လည်ပတ်ဖို့ တိုက်တွန်းခြင်းနှင့် ဈေးကွက်မြှင့်တင်ခြင်း စသည်တို့ လုပ်ဆောင်သွားမည်ဖြစ်သည်။

လက်ရှိ ကမ္ဘာတွင် ခရီးအသွားဆုံး လူမျိုးမှာ တရုတ်လူမျိုးဖြစ်ပြီး ပြီးခဲ့သည့်နှစ်က တရုတ်မှ နိုင်ငံခြားသို့ ခရီးသွား သန်း ၁၀၀ ခန့် ရှိခဲ့သည်ဟု ဆိုသည်။ ထိုအထဲတွင် သန်း ၄၀ လောက်မှာ အာဆီယံနိုင်ငံများသို့ သွားရောက်လည်ပတ်ကြသူများဖြစ်ပြီး ထိုအထဲမှ ထိုင်းနိုင်ငံတစ်ခုတည်းသို့ လာရောက်လည်ပတ်သူ တရုတ်နိုင်ငံသား ၁၀ သန်းခန့် ရှိသည်။ ထိုင်းနိုင်ငံသို့ ၂၀၁၅ ခုနှစ်က နိုင်ငံခြားသား စုစုပေါင်း သန်း ၃၀ ခန့် ဝင်ရောက်ခဲ့ပြီး ဝင်ငွေဒေါ်လာ ၄၄ ဒသမ ၆ ဘီလီယံရရှိခဲ့သည်ဟု သိရသည်။ မြန်မာနိုင်ငံ၏ စာရင်းများအရ ၂၀၁၅ ခုနှစ်က ကမ္ဘာလှည့်ခရီးသွား ၄ ဒသမ ၆၈ သန်း ဝင်ရောက်ခဲ့ပြီး ဒေါ်လာ ၂ ဒသမ ၁၂ ဘီလီယံ ရရှိခဲ့သည်ဟု ဆိုသည်။ သို့သော် ၎င်းကမ္ဘာလှည့်စာရင်းမှာ နယ်စပ်ဖြတ်ကျော်သွားလာသည့် လူဦးရေများ ပါဝင်နေခြင်းဖြစ်ပြီး ၂၀၁၆ ခုနှစ်အတွင်း နိုင်ငံကူးလက်မှတ်ဖြင့် တရားဝင်လာရောက်သော ကမ္ဘာလှည့်ခရီးသည်မှာ ၂ ဒသမ ၉ သန်းသာ ရှိသည်ဟု ဆိုပါသည်။

ကမ္ဘာလှည့်ခရီးသွားဝန်ဆောင်မှုလုပ်ငန်းမှာ ကမ္ဘာတွင် မီးခိုးမထွက်သည့် စက်ရုံအဖြစ် တင်စားခေါ်ဝေါ်ကြပြီး နိုင်ငံအများအပြားမှ အပြိုင်အဆိုင် ဆွဲဆောင်ကြိုးပမ်းကြသော လုပ်ငန်းလည်းဖြစ်ပါသည်။ အစိုးရသစ် ပြောင်းလဲလာပြီးသည့်နောက်ပိုင်း ခရီးသွားလုပ်ငန်းဖွံ့ဖြိုးလာမည်ဟု ခန့်မှန်းမှုများ ရှိခဲ့သော်လည်း သိသိသာသာ တိုးပွားခြင်းမရှိသည်ကို တွေ့ရပေသည်။ မြန်မာနိုင်ငံ၌ ရေမြေသဘာဝ၊ လူမျိုးစုံလင်ကွဲပြားမှု၊ ယဉ်ကျေးမှု၊အမွေအနှစ်စသဖြင့် စိတ်ဝင်စားဖွယ် စုံလင်စွာရှိသော်လည်း အခြေခံအဆောက်အအုံအားနည်းချက်များ၊ ခေတ်မီငွေပေးချေစနစ်၊ ဟိုတယ်ခန်းငှားရမ်းခဈေးနှုန်းမြင့်မားနေခြင်း၊ အစားအစာလုံခြုံမှုအဆင့် လိုအပ်နေသေးခြင်း စသောအချက်များက အတားအဆီးသဖွယ်ဖြစ်နေသည်။ ထို့အပြင် ပြည်တွင်းနိုင်ငံရေးတည်ငြိမ်မှုကလည်း ခရီးသွားများ ထည့်သွင်းတွက်ချက်တတ်သည့် ကိစ္စတစ်ခု ဖြစ်ပါသည်။

အိမ်နီးချင်းနိုင်ငံတစ်ခုဖြစ်သည့် ကမ္ဘောဒီးယားနိုင်ငံ၌ ခရီးသွားလုပ်ငန်းမှ ဝင်ငွေဒေါ်လာ ၃ ဘီလီယံကျော်ရရှိခဲ့သည်ဟု သိရသည်။ ယင်းမှာ တိုင်းပြည်ဝင်ငွေ၏ ၁၃ ရာခိုင်နှုန်း ရှိသည်ဟုဆိုသည်။ ကမ္ဘောဒီးယား၌ ဟိုတယ်နှင့် တည်းခိုခန်း စုစုပေါင်း ခြောက်သောင်းကျော်ရှိပြီး အန်းကောဝပ်နယ်မြေတစ်ခုတည်း၌ ခရီးသည် ၂ ဒသမ ၂ သန်း လာရောက်ခဲ့သည်ဟု ဆိုသည်။ မြန်မာနိုင်ငံ၌ ဟိုတယ် ၁၃၆၁ လုံးနှင့် ဟိုတယ်ခန်း ၅၃၀၀၀ ကျော် ရှိနေသည်။ ခရီးသွားကုမ္ပဏီ ၂၁၉၆ ခုအထိ ရှိနေသည်ဟု သိရသည်။

အစိုးရသစ်လက်ထက်တွင် ရက် ၁၀၀ စီမံချက်နှင့်အတူ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးရေးအတွက် လေကြောင်း၊ ရေကြောင်းနှင့် နယ်စပ်ဝင်ပေါက်များမှ လွယ်ကူလျင်မြန်စွာ ဝင်ရောက်နိုင်ရေးအတွက် ဗီဇာဖြေလျှော့ရေး၊ နယ်စပ်ဝင်ပေါက်များ တိုးချဲ့ဖွင့်လှစ်ရေးတို့ကို ဆောင်ရွက်ခဲ့သည်ကိုလည်း တွေ့ရသည်။ မြန်မာနိုင်ငံ၌ သဘာဝအခြေခံ ခရီးသွားလုပ်ငန်း(Ecotourism) သည် အလားအလာကောင်းသည်ဟု သိရသည်။ ခါကာဘိုရာဇီ အမျိုးသားဥယျာဉ်၊ ဖုန်ကန်ရာဇီဘေးမဲ့တော၊ ဟူးကောင်းချိုင့်ဝှမ်းဘေးမဲ့တော၊ ပုပ္ပားတောင်ဘေးမဲ့တောဥယျာဉ်၊ နတ်မတောင်အမျိုးသားဥယျာဉ်၊ မိုးယွန်းကြီးအင်း ဘေးမဲ့တော၊ မိန်းမလှကျွန်းဘေးမဲ့တော၊ လန်ပိကျွန်းအဏ္ဏဝါအမျိုးသားဥယျာဉ် စသည်တို့ အပါအဝင် သဘာဝအခြေခံခရီးသွားလုပ်ငန်း ဖော်ဆောင်လျက်ရှိသော ခရီးသွားစခန်း ၂၁ ခုရှိသည်ဟု သိရသည်။

ခရီးသွားလုပ်ငန်းသည် သဘာဝအရင်းအမြစ်များကို ထုတ်ယူသုံးစွဲခြင်းမရှိဘဲ ယင်းမှရရှိသော ဝင်ငွေသည် လူ့အလွှာပေါင်းစုံသို့စီးဝင်သက်ရောက်မှု ရှိစေသော စီးပွားရေးလုပ်ငန်းတစ်ခုဖြစ်သည်။ နိုင်ငံတော်၏ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းတွင် အလုပ်အကိုင်အများဆုံး ဖန်တီးပေးနိုင်မည့်လုပ်ငန်းကြီးတစ်ခုဖြစ်သည့်အပြင် ဆင်းရဲမွဲတေမှုကိုလည်း လျှော့ချတိုက်ဖျက်နိုင်မည်ဖြစ်သည့်အတွက် နိုင်ငံတော်အစိုးရ၏ စနစ်တကျ စီမံခန့်ခွဲမှုများဖြင့်သာ ကြီးထွားတိုးတက်လာမည်ဖြစ်ပါကြောင်း တင်ပြရပါသည်။ ။

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း ၂၈-၂-၂၀၁၇

ခင်ရတနာ-စုစည်းသည်။

ရွှေဈေးနှုန်း(အောင်သမာဓိရွှေဆိုင်)

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၀၁၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၄၈၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၀၁၀၀၀ |

စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)

| | | |
|---|---|---|
| ဒီဇယ် | ၇၁၀/၇၂၅ ကျပ် | (လက်ကားဈေး) |
| အောက်တိန်း ၉၂ | ၇၂၀/၇၄၀ ကျပ် | (လက်ကားဈေး) |
| အောက်တိန်း ၉၅ | ၇၆၀/၇၇၀ ကျပ် | (လက်ကားဈေး) |
| ပရီမီယံဒီဇယ် | ၇၃၀/၇၄၅ ကျပ် | (လက်ကားဈေး) |

နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၆၀ · ၀ |
| ဥရောပ | တစ်ယူရို | ၁၄၄၁ · ၁ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၆၈ · ၆၁ |
| ထိုင်း | တစ်ဘတ် | ၃၈ · ၉၂ |
| အိန္ဒိယ | တစ်ရူပီး | ၂၀ · ၃၉ |
| တရုတ် | တစ်ယွမ် | ၁၉၇ · ၉၀ |
| မလေးရှား | တစ်ရင်းဂစ် | ၃၀၆ · ၀၃ |

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်းမှူး - မြင့်ဆွေ(သတင်းထောက်ချုပ်)
စာတည်းများ - ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ သက်မွန်ဦး၊ ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း
mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

# နိုင်ငံတော်သမ္မတ ဦးထင်ကျော် ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ် မစ္စတာ ဟော်နမ်ဟောင်အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဖေဖော်ဝါရီ ၂၈**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးထင်ကျော်သည် ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ် မစ္စတာ ဟော်နမ်ဟောင် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၀ နာရီ ၄၅ မိနစ်တွင် နိုင်ငံတော်သမ္မတ အိမ်တော်သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံဆက်ဆံရေးနှင့် ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ရေး၊ ပညာရေးကဏ္ဍနှင့် ခရီးသွားလာရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်သွားရေးနှင့် နှစ်နိုင်ငံ ပြည်သူများအချင်းချင်း အပြန်အလှန် ချိတ်ဆက်နားလည်နိုင်မှုတိုးမြှင့်ရေးတို့နှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်၊ ဒေါက်တာမျိုးသိမ်းကြီး၊ ဒုတိယဝန်ကြီး ဦးမင်းသူ၊ ဦးကျော်မျိုးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**



နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ် မစ္စတာ ဟော်နမ်ဟောင် ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့တို့ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ်အား လက်ခံတွေ့ဆုံ



## နှစ်နိုင်ငံယဉ်ကျေးမှုနှင့် နိုင်ငံရေး ဖြစ်ပေါ်တိုးတက်မှုအခြေအနေများ ဆွေးနွေး

**နေပြည်တော် ဖေဖော်ဝါရီ ၂၈**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ် မစ္စတာ ဟော်နမ်ဟောင် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၀ နာရီတွင် နိုင်ငံတော်သမ္မတ အိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုပိုမိုတိုးမြှင့်ရေး၊ ခရီးသွားလုပ်ငန်းနှင့် လမ်းပန်းဆက်သွယ်ရေးကဏ္ဍပူးပေါင်းဆောင်ရွက်ရေး၊ နှစ်နိုင်ငံယဉ်ကျေးမှုနှင့် နိုင်ငံရေးဖြစ်ပေါ်တိုးတက်မှုအခြေအနေများကို အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး၊ ဦးအုန်းမောင်၊ ဒုတိယဝန်ကြီး ဦးမင်းသူ၊ ဦးကျော်မျိုးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ် မစ္စတာ ဟော်နမ်ဟောင်တို့ တွေ့ဆုံဆွေးနွေးစဉ်

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် JICA ၏ ဥက္ကဋ္ဌနှင့်အဖွဲ့အား လက်ခံတွေ့ဆုံ

## မြန်မာနိုင်ငံနှင့် JICA တို့အကြား နယ်ပယ်ဒေသအသီးသီး၌ အပြန်အလှန် ပူးပေါင်းဆောင်ရွက်မှု၏ အောင်မြင်မှုများ ဆွေးနွေး

**နေပြည်တော် ဖေဖော်ဝါရီ ၂၈**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် ဂျပန်အပြည်ပြည်ဆိုင်ရာအကူအညီပေးရေးအေဂျင်စီ (JICA)၏ ဥက္ကဋ္ဌ Mr. Shinichi KITAOKA နှင့်အဖွဲ့အား ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် JICA တို့အကြား နယ်ပယ်ဒေသအသီးသီး၌ အပြန်အလှန် ပူးပေါင်းဆောင်ရွက်မှု၏ အောင်မြင်မှုများနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်ရန်ရှိသည့် ကိစ္စရပ်များကို ဆွေးနွေးကြသည်။ **(သတင်းစဉ်)**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ဂျပန်အပြည်ပြည်ဆိုင်ရာအကူအညီပေးရေးအေဂျင်စီ (JICA) ၏ ဥက္ကဋ္ဌ Mr. Shinichi KITAOKA တို့ တွေ့ဆုံဆွေးနွေးစဉ်



❒ ရှေ့ဖုံးမှ

နေရသည့်အခက်အခဲကို ကျော်လွှားနိုင်သည့် အရည်အချင်းသည် တကယ့်သန်စွမ်းမှုပင်ဖြစ်ပါကြောင်း၊ ရင်ဆိုင်ရသည့်အခက်အခဲများကို ကျော်လွှားရဲသည့် သတ္တိမရှိသည့်အခါ ဘယ်လိုမှ တိုးတက်မှုမဖြစ်နိုင်ပါကြောင်း။

**အလုပ်နှင့် ပြရမည်**

နိုင်ငံတကယ်ရေရှည်တိုးတက်ရန် ငြိမ်းချမ်းရေးသည် မဖြစ်မနေရယူရမည့် ကိစ္စပင်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ငြိမ်းချမ်းရေးကိုထိခိုက်စေသည့်၊ မသန်စွမ်းသည့် စိတ်ဓာတ်ကို မိမိတို့အားလုံး ကုစားပေးရမည်ဖြစ်ပါကြောင်း၊ ကုစားပေးသည်ဆိုသည်မှာ စကားနှင့်ချည်း ကုစားပေး၍မရဘဲ အလုပ်နှင့် ပြရမည်ဖြစ်ပါကြောင်း၊ စံနမူနာအရ မိမိတွင်ရှိသည့်အခက်အခဲကို ကျော်လွှားနိုင်သည်၊ အားနည်းချက်များကို ကျော်လွှားနိုင်သည်၊ ထို့ကြောင့် အားလုံးကိုယ့်စိတ်ဓာတ်ပိုင်းဆိုင်ရာ အားနည်းချက်များကို ကျော်လွှား၍ရသည်ဆိုပြီး အားပေးရမည်၊ တိုက်တွန်းရမည်ဖြစ်ပါကြောင်း၊ အားလုံးဝိုင်းလုပ်မှ ငြိမ်းချမ်းရေးရမည်ဖြစ်ပါကြောင်း၊ နိုင်ငံတစ်နိုင်ငံ၏ ကံကြမ္မာဆိုသည်မှာ ဒီနိုင်ငံကို မှီတင်းနေသူအားလုံးက ဖော်ဆောင်နေခြင်းဖြစ်ပါကြောင်း၊ တစ်ယောက်တည်းလုပ်၍၊ တစ်ဖွဲ့တည်းလုပ်၍ မရပါကြောင်း၊ အစိုးရတစ်ဖွဲ့တည်းလုပ်၍မရပါကြောင်း၊ နိုင်ငံကို မှီတင်းနေထိုင်ကြသူများအားလုံး၏ လုပ်ဆောင်ချက်များသည် နိုင်ငံတစ်နိုင်ငံ၏ ကံကြမ္မာကို ဖန်တီးပေးသွားမည်ဖြစ်ပါကြောင်း။

**အားလုံးဆက်နွှယ်သွားမည်**

လွတ်လပ်ရေးမရခင်က လွတ်လပ်ရေးအတွက် လှုပ်ရှားရုန်းကန်နေသည့် ခေါင်းဆောင်များ ပြောသည့်စကားရှိပါကြောင်း၊ မိမိတို့၏ကံကြမ္မာကို မိမိတို့ဖန်တီးနိုင်ခွင့် ရစေချင်ပါကြောင်း၊ လွတ်လပ်ရေးလိုချင်သည်မှာ ကိုယ့်ကံကြမ္မာကို ကိုယ်ဖန်တီးပိုင်ခွင့်တောင်းဆိုခြင်းဟု ပြောပါကြောင်း၊ ကိုယ့်ကံကြမ္မာ ကိုယ်ဖန်တီးပိုင်ခွင့်ရသည့်အခါ ဒီအခွင့်အရေးကို မှန်မှန်ကန်ကန်သုံးရန်အရေးကြီးပါကြောင်း၊ အခွင့်အရေးရသည့်အခါ အလွဲသုံးစားလုပ်မည်ဆိုလျှင် ရှေ့မှ တိုင်းပြည်လွတ်လပ်ရေးရရန်လုပ်သွားသည့် ခေါင်းဆောင်ကြီးများအပေါ် သစ္စာမဲ့ရာလည်း ရောက်ပါကြောင်း၊ နောက်မျိုးဆက်များအပေါ် သစ္စာမဲ့ရာလည်းရောက်ပါကြောင်း၊ ကိုယ့်အပေါ်လည်းကိုယ်သစ္စာမဲ့ရာရောက်ပါကြောင်း၊ သစ္စာဆိုသည်မှာ အနာဂတ်ကိုရော၊ ပစ္စုပ္ပန်ကိုရော၊ အတိတ်ကိုရော အားလုံးဆက်နွှယ်သွားမည် ဖြစ်ပါကြောင်း။

မိမိတို့သည် ငြိမ်းချမ်းရေးပန်းတိုင်ကို မရောက်သေးပါကြောင်း၊ ပန်းတိုင်ကို ရောက်သည်အထိ စိတ်ဓာတ်အပြည့်အဝဖြင့် ဆက်ပြီးလုပ်သွားရန်လိုပါကြောင်း၊ ဝီရိယဆိုသည်မှာ အင်မတန်အရေးကြီးပါကြောင်း၊ လူငယ်များကို ဆရာတော်ကြီးတစ်ပါး သင်ပေးသည့်အတိုင်းပြောပြပါကြောင်း။

**ဒီလိုဝီရိယမျိုးလိုအပ်**

ဝီရိယသည် အဆင့်လေးဆင့် ရှိပါကြောင်း၊ အလုပ်တစ်ခု လုပ်မည်ဆိုသည့် ဆုံးဖြတ်ခြင်းက ပထမအဆင့်၊ ဆုံးဖြတ်ချက်အတိုင်းလုပ်ခြင်းက ဒုတိယအဆင့်၊ အခက်အခဲနှင့် တွေ့ရသည့်တိုင် ဆက်ပြီးလုပ်သည်က တတိယအဆင့်ဖြစ်ပြီး နောက်ဆုံးအဆင့်၊ အမြင့်ဆုံးအဆင့်မှာ ရှုံးနိမ့်မှုနှင့် ရင်ဆိုင်ရသည့်အခါတောင်မှ စိတ်ဓာတ်မကျဘဲ ဆက်ပြီး ရှုံးနိမ့်မှုကို ကျော်လွှားခြင်းဆိုသည့် ဝီရိယသည် အမြင့်ဆုံးဝီရိယပါပဲဆိုပြီး ခံယူခဲ့ပါကြောင်း၊ အားလုံး ဒီလိုဝီရိယမျိုးလိုအပ်ပါကြောင်း။

**ကျယ်ဝန်းသွားအောင်လုပ်ရမည်**

ငြိမ်းချမ်းရေးပန်းတိုင်ရောက်သည်အထိ နိုင်ငံသူ နိုင်ငံသားများအားလုံးက ဒီပန်းတိုင်ကို ရောက်အောင်လုပ်မည်ဆိုသည့်စိတ်ဓာတ်ဖြင့် ပန်းတိုင်ကိုသွားသည့်လမ်းကြီးဖြူးသွားအောင်၊ ဖြောင့်သွားအောင်၊ ကျယ်ဝန်းသွားအောင် လုပ်ရမည်ဖြစ်ပါကြောင်း၊ ကျယ်ဝန်းသည်ဆိုသည့်နေရာတွင် ပါဝင်သင့်သူများ အားလုံးပါဝင်အောင် အားလုံး ဒီလမ်းကြီးကို လျှောက်နိုင်အောင် လျှောက်ရမည်ဖြစ်ပါကြောင်း၊ သို့သော် လမ်းက ဘယ်လောက်ပဲကျယ်ကျယ်၊ ဘယ်လောက်ပဲချောချော လျှောက်ချင်သည့်ဆန္ဒရှိမှ ဒီလမ်းပေါ်ကို ရောက်လာမည်ဖြစ်ပါကြောင်း၊ အရေးအကြီးဆုံးမှာ ဆန္ဒပင်ဖြစ်ပါကြောင်း၊ ငြိမ်းချမ်းရေးလမ်းစဉ်ပေါ်တွင် အားလုံးဝိုင်းပြီး လျှောက်ချင်သည့်ဆန္ဒဖြစ်အောင် ကြိုးစားပေးပါ၊ ဒီမှာရောက်လာသည့်အဖွဲ့ကလည်း ကိုယ့်အစွမ်းအစများနှင့် ဆက်ပြီး ကူညီပေးပါ။ ဒီအကူအညီတွေလည်း ဆက်ပြီးယူပါ့မယ်ဟု ပြောကြားသည်။

ထို့နောက် ငြိမ်းချမ်းရေးတွဲလက်များ Wheel Chair ရထားအဖွဲ့ခေါင်းဆောင် ဦးသိန်းလွင်က အဖွဲ့ဖြစ်တည်လာပုံနှင့် ငြိမ်းချမ်းရေးခရီးစဉ် အတွေ့အကြုံများကို ရှင်းလင်းတင်ပြပြီး ရန်ကုန်မျက်မမြင်ကျောင်း(ခဝဲခြံ) ဒုတိယကျောင်းအုပ်ကြီး ဒေါ်မြသီတာလွင်က ငြိမ်းချမ်းရေးတွဲလက်များ Wheel Chair ရထားအဖွဲ့၏ လှုပ်ရှားဆောင်ရွက်ချက်များကို Projector ဖြင့် ရှင်းလင်းတင်ပြသည်။

**ပိုမိုအလေးထား**

ယင်းနောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က ငြိမ်းချမ်းရေးဖြစ်စဉ်တွင် ပါဝင်သူများသည် ယုံကြည်မှုတည်ဆောက်ရန်၊ တရားလျှင် တရားကြောင်း၊ မတရားလျှင် မတရားကြောင်း ပြောရဲရန်၊ ငြိမ်းချမ်းရေးအတွက် လုပ်ဆောင်ချက်များ၊ သတင်းများကို အများပြည်သူသိအောင် မှတ်တမ်းတင်ပြီး စာစောင်ထုတ်နိုင်ရေး တာဝန်ရှိသူများနှင့် တိုင်ပင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ငြိမ်းချမ်းရေးသည် အားလုံးနှင့် သက်ဆိုင်သည်ဟုမှတ်ယူပြီး ငြိမ်းချမ်းသည့်ဒေသမှ လူများကလည်း ပိုမိုအလေးထား ပါဝင်ဆောင်ရွက်ရန်တို့ကို ပြောကြားသည်။

**နိုင်ငံကို အကျိုးပြုနိုင်ပါစေ**

ထို့အပြင် "၁ နဲ့ ၁ ပေါင်းရင် ၂ ထက်များတယ်ဆိုတဲ့ လမ်းစဉ်ကို သွားဖို့လိုမယ်။ ငြိမ်းချမ်းရေးရဖို့အတွက် လှုပ်ရှားနေတဲ့ အစိုးရနဲ့ ပေါင်းခြင်းအားဖြင့်၊ တစ်နဲ့တစ်နဲ့ ပေါင်းခြင်းအားဖြင့် နှစ်မက ဖြစ်လာနိုင်တယ်။ အဲ့ဒီလိုစိတ်ဓာတ်တွေနဲ့ အားလုံးလုပ်မယ်ဆိုရင် ငြိမ်းချမ်းရေးဟာ မလွဲမသွေရမယ်။ ငြိမ်းချမ်းရေးရဲ့အသီးအပွင့်အဖြစ် ဖွံ့ဖြိုးတိုးတက်ရေးရမယ်။ ဖွံ့ဖြိုးတိုးတက်ရေးရဲ့အသီးအပွင့်ဟာ ငြိမ်းချမ်းရေးကို ပြန်ပြီး ပိုပြီးတော့ ခိုင်မာအောင် လုပ်သွားမယ်။ ငြိမ်းချမ်းရေး ပိုပြီးခိုင်မာလာတာနဲ့အမျှ ဖွံ့ဖြိုးတိုးတက်ရေးဟာ ပိုပြီးခိုင်မာလာမယ်။ ဒီလို တစ်ဆင့်တစ်ဆင့်နဲ့ ဒီနိုင်ငံဟာ တက်လှမ်းနိုင်မှာဖြစ်တယ်။ ငြိမ်းချမ်းရေးနဲ့ ပတ်သက်ပြီး အမြင်ကျယ်အောင်၊ ငြိမ်းချမ်းရေးနဲ့ ပတ်သက်ပြီး အသိအမြင်သစ်တွေ တိုးပွားအောင် လုပ်ပေးဖို့ရောက်လာတဲ့ ငြိမ်းချမ်းရေးတွဲလက်များအဖွဲ့ကို အများကြီးကျေးဇူးတင်ပါတယ်။ နောင်ဆက်လက်ပြီး နိုင်ငံကို အကျိုးပြုနိုင်ပါစေ" ဟု ပြောကြားသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ငြိမ်းချမ်းရေးတွဲလက်များ Wheel Chair ရထားအဖွဲ့တာဝန်ရှိသူများသည် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန် ပေးအပ်ကြသည်။

**ရင်းရင်းနှီးနှီးနှုတ်ဆက်**

ယင်းနောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် တွေ့ဆုံပွဲသို့ တက်ရောက်လာသည့် ငြိမ်းချမ်းရေးတွဲလက်များ Wheel Chair ရထားအဖွဲ့ အဖွဲ့ဝင်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ပြီး မှတ်တမ်းတင် ဓာတ်ပုံရိုက်သည်။

ယနေ့ကျင်းပသည့် တွေ့ဆုံပွဲအခမ်းအနားသို့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မြင့်ထွေး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဝင်းမြတ်အေး၊ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်တင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**




နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ငြိမ်းချမ်းရေးတွဲလက်များ Wheel Chair ရထားအဖွဲ့ တွေ့ဆုံခြင်းအခမ်းအနားတွင် အမှာစကားပြောကြားစဉ်



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ငြိမ်းချမ်းရေးတွဲလက်များ Wheel Chair ရထားအဖွဲ့မှ တာဝန်ရှိသူတစ်ဦးအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်

# လူ့အခွင့်အရေးနှင့်ပတ်သက်သည့် ကိစ္စရပ်များကို နိုင်ငံတကာ၌ ဖြေရှင်းဆောင်ရွက်နေမှုများဆွေးနွေး

**နေပြည်တော် ဖေဖော်ဝါရီ ၂၈**

ပြည်သူ့လွှတ်တော်၊ နိုင်ငံသားများ၏ မူလအခွင့်အရေးဆိုင်ရာကော်မတီဥက္ကဋ္ဌ ဦးစောသည် ကုလသမဂ္ဂ လူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံးမှ Ms. Heike Alefsen အား ယနေ့ မွန်းလွဲ ၃ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ရေးရာဆောင်အမှတ် (I-5) ညှိနှိုင်းခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် နိုင်ငံသားအခွင့်အရေးနှင့် သက်ဆိုင်သည့် တရားစီရင်မှုကိစ္စရပ်များ၊ လူ့အခွင့်အရေးနှင့် ပတ်သက်သည့်ကိစ္စရပ်များအား နိုင်ငံတကာတွင် ဖြေရှင်းဆောင်ရွက်နေမှုများနှင့် နည်းပညာပိုင်းဆိုင်ရာ အကူအညီပေးရေးကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

**(သတင်းစဉ်)**

## လှိုင်းအသင့်အတင့်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၂၈**

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့၌ တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်၌ တိမ်အနည်းငယ်ဖြစ်ထွန်းနေသည်။ မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ **(မိုး/ဇလ)**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေပြဋ္ဌာန်း

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေ**
**(၂၀၁၇ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၂။)**
**၁၃၇၈ ခုနှစ်၊ တပေါင်းလဆန်း ၃ ရက်**
**(၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေတွင် -

(က) အခန်း(၄)ခေါင်းစဉ်ပါ “တာဝန်နှင့်လုပ်ပိုင်ခွင့်များ”ဆိုသည့် စကားရပ်ကို “ကော်မရှင်၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ”ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ခ) အခန်း(၆)ခေါင်းစဉ်ပါ “တာဝန်နှင့် လုပ်ပိုင်ခွင့်များ”ဆိုသည့် စကားရပ်ကို “ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲ အဆင့်ဆင့်၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ” ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၃။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေပုဒ်မ ၂၁ ကို အောက်ပါအတိုင်း အစားထိုးရမည်-

“၂၁။ (က) ကော်မရှင်နှင့် ကော်မရှင်အဖွဲ့ခွဲ အဆင့်ဆင့်၏ ကုန်ကျစရိတ်များ၊ ရွေးကောက်ပွဲကျင်းပခြင်းနှင့် စပ်လျဉ်းသည့် ကုန်ကျစရိတ်များကို မိမိ၏ဘဏ္ဍာငွေမှ ကျခံသုံးစွဲရန် နှစ်စဉ်ဘဏ္ဍာငွေအရအသုံး ဥပဒေတွင် ထည့်သွင်းရေးဆွဲရမည်။

(ခ) ကော်မရှင်သည် နိုင်ငံ့ဝန်ထမ်းမဟုတ်သည့်အဆင့်ဆင့်သော ကော်မရှင်အဖွဲ့ခွဲဝင်များနှင့်ပတ်သက်၍ ရွေးကောက်ပွဲကျင်းပရသည့် မဲဆန္ဒနယ်မြေများအတွက် ချီးမြှင့်ငွေနှင့် စရိတ်များကို ရရှိခံစားနိုင်ရန် ပြည်ထောင်စုအစိုးရအဖွဲ့နှင့် ညှိနှိုင်းဆောင်ရွက်ရမည်။”

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။**

**(ပုံ) ထင်ကျော်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**





**ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ မတူပီမြို့ မြို့ပြဖွံ့ဖြိုးမှုအခြေအနေကို တောင်ပေါ်ရှုခင်းရပ်မှ ကြည့်ရှုစဉ်** (သတင်းစဉ်)

*✻ ကျော့ဖုံးမှ*

ထို့နောက် လေယာဉ်ကွင်းဖောက်လုပ်မည့် မြေနေရာ၌ စက်ယန္တရားများ စုစည်းထားရှိမှုနှင့် မြေညှိခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လိုင်လင်းပီးမြို့ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေများကို မော်တော်ယာဉ်ဖြင့် လှည့်လည် ကြည့်ရှုသည်။

ယင်းနောက် လိုင်လင်းပီမြို့ အားကစားကွင်း၌ ဒေသခံပြည်သူများနှင့် တွေ့ဆုံ၍ မြို့ပြဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အပိုင်းက ပံ့ပိုးကူညီပေးမည့်အခြေအနေများကို ရှင်းလင်းပြောကြားသည်။

လိုင်လင်းပီမြို့ ဖွံ့ဖြိုးရေးအတွက် လိုအပ်ချက်များကို မြို့မိမြို့ဖ ဒေါက်တာဆာဆာကတင်ပြရာ တာဝန်ရှိသူများက မြို့တွင်းလမ်းများ ကောင်းမွန်ရေး၊ ဆက်သွယ်ရေးစနစ် ကောင်းမွန်ရေး၊ မင်းတပ်-လိုင်လင်းပီ မြို့နယ်ချင်းဆက်လမ်း ဖောက်လုပ်ပေးရေး၊ လျှပ်စစ်ဓာတ်အားရရှိရေး၊ ကျောင်းများနှင့် ဆေးရုံများ အဆင့်တိုးမြှင့်ရေးတို့နှင့် စပ်လျဉ်း၍ ကဏ္ဍအလိုက် ဖြည့်ဆည်းဆောင်ရွက်ပေးမည့် အစီအစဉ်များကို ပြန်လည်ရှင်းလင်းပြောကြားကြသည်။

ထို့နောက် မြို့ဖွံ့ဖြိုးတိုးတက်ရေးအတွက် နယ်စပ်ရေးရာဝန်ကြီးဌာနမှ ထောက်ပံ့ငွေကျပ်သိန်း ၅၀ ကို ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ်က မြို့မိမြို့ဖ ဒေါက်တာဆာဆာထံ ပေးအပ်သည်။

မွန်းလွဲပိုင်းတွင် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် ရေဇွာမြို့ ၁၆ ခုတင်ဆံ့ဆေးရုံသို့ရောက်ရှိပြီး လူနာကုသဆောင်များ၊ သားဖွားခန်း၊ ဆေးသိုလှောင်ခန်း၊ ဓာတ်ခွဲခန်းနှင့် တိုးချဲ့ဆောင်တည်ဆောက်မည့်နေရာများကို လှည့်လည်ကြည့်ရှုပြီး ဆေးကုသမှုခံယူနေသည့်လူနာများအား ထောက်ပံ့ငွေများ ပေးအပ်သည်။

ထိုမှတစ်ဆင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး အစည်းအဝေးခန်းမ၌ ဒေသခံတိုင်းရင်းသားများ၊ မြို့မိမြို့ဖများနှင့်တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးအတွက် နိုင်ငံတော်အပိုင်းက ဖြည့်ဆည်းဆောင်ရွက်ပေးမည့် အစီအစဉ်များကို ရှင်းလင်းပြောကြားသည်။

ရေဇွာမြို့ဖွံ့ဖြိုးရေးအတွက် ဒေသခံပြည်သူများ၏ လိုလားချက်များကို မြို့မိမြို့ဖ ဦးရော်ဟဲကတင်ပြရာ တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ပြန်လည်ရှင်းလင်း ပြောကြားကြသည်။

ယင်းနောက် ဒုတိယသမ္မတအား ရေဇွာမြို့သူ မြို့သားများက အမှတ်တရ ဂုဏ်ပြုလက်ဆောင်ပေးအပ်သည်။

ညနေပိုင်းတွင် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် မတူပီမြို့နယ် ၂၅ ခုတင်ဆံ့ဆေးရုံသို့ ရောက်ရှိပြီး ဆေးရုံအတွင်းရှိ လူနာကုသဆောင်များ၊ ခွဲစိတ်ခန်းနှင့် တိုးချဲ့ကုသဆောင် တည်ဆောက်နေမှုတို့ကို လှည့်လည်ကြည့်ရှုကာ ဆေးကုသမှုခံယူနေသည့် လူနာများအတွက် ထောက်ပံ့ငွေများကို ပေးအပ်သည်။

ထိုမှတစ်ဆင့် ဒုတိယသမ္မတသည် မတူပီမြို့ ဘုံတလာခန်းမ၌ ဒေသခံပြည်သူများနှင့်တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အပိုင်းက ပံ့ပိုးကူညီမည့်အစီအစဉ်များကို ရှင်းလင်းပြောကြားသည်။

မတူပီမြို့ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသခံပြည်သူများ၏ လိုအပ်ချက်များကို မြို့မိမြို့ဖတစ်ဦးက တင်ပြရာ တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ပံ့ပိုးကူညီ ဆောင်ရွက်ပေးသွားမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် မတူပီမြို့ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နယ်စပ်ရေးရာဝန်ကြီးဌာနမှ ထောက်ပံ့ငွေကျပ်သိန်း ၁၀၀ ကို ဒုတိယသမ္မတက မြို့နယ်စီမံခန့်ခွဲရေးကော်မတီဝင်တစ်ဦးထံ ပေးအပ်သည်။

ဆက်လက်၍ မတူပီမြို့အတွက် နယ်စပ်ရေးရာဝန်ကြီးဌာနမှ ထောက်ပံ့ပေးသည့် ဆိုလာပြား ၅၀ ကို ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်ကလည်းကောင်း၊ စောင် ၂၅၀ ကို ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ်က လည်းကောင်း သက်ဆိုင်ရာတာဝန်ရှိသူများထံ ပေးအပ်သည်။

ထိုမှတစ်ဆင့် ဒုတိယသမ္မတသည် ကိုမန်မုန်တိုင်း မိုးရွာသွန်းမှုကြောင့် မတူပီမြို့နေရာအချို့တွင် မြေပြိုကျမှုများ ဖြစ်ပေါ်ခဲ့သည့်နေရာများအနက် ခိုဘွေရပ်ကွက်နှင့် စံဘောင်ရပ်ကွက်များကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ ဌာနဆိုင်ရာတာဝန်ရှိသူများက လတ်တလောဆောင်ရွက်နေမှုနှင့် ရေရှည်ဆောင်ရွက်ရမည့်အစီအစဉ်များတွင် နိုင်ငံတော်အပိုင်းက ဖြည့်ဆည်းဆောင်ရွက်ပေးရမည့်အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် တိမ်ဗျူးလ် ဂေါက်ကွင်းရှုရပ်မှနေ၍ မတူပီမြို့၏ မြို့ပြဖွံ့ဖြိုးတိုးတက်မှု၊ မြို့တွင်း ရေစီးရေလာကောင်းမွန်ရေးအတွက် ဆောင်ရွက်နေမှု၊ မြို့ပြဧရိယာတိုးချဲ့သင့်သည့်နေရာများ၊ မြေပြိုကျမှု ဖြစ်စဉ်ဖြစ်ပွားသည့် နေရာများကို ကြည့်ရှုသည်။

ထို့နောက် မတူပီမြို့ မြို့ရှောင်လမ်း ဖောက်လုပ်ထားမှုကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုသည်။

ယနေ့သွားရောက်ခဲ့သည့် ဒေသများတွင် ဒုတိယသမ္မတက ဒေသခံပြည်သူများအနေဖြင့် မိမိတို့ဒေသရှိ ရေ၊ မြေတို့ကို အကျိုးရှိရှိ အသုံးပြုသွားရန်၊ ရွှေ့ပြောင်းတောင်ယာစိုက်ပျိုးခြင်းမှ နှစ်ရှည်သီးနှံပင်များ စိုက်ပျိုးရေးကိုလည်း လုပ်ဆောင်သွားကြရန် လိုအပ်ပါကြောင်း၊ မိမိတို့အနေဖြင့် လတ်တလောပြည်သူများ ဘေးအန္တရာယ်ကင်းရှင်းရေးကို ဆောင်ရွက်နေသည့်အပြင် နောင်တွင် အလားတူဖြစ်စဉ်မျိုး ဖြစ်ပွားခြင်းမရှိအောင် ဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း၊ သဘာဝဘေးအန္တရာယ်ဖြစ်သည့် မြေပြိုမှုဖြစ်စဉ်များ ဖြစ်ပွားမှုမရှိအောင် စီမံဆောင်ရွက်ရာ၌ ဒေသအတွက် လိုအပ်သည့် လျှပ်စစ်ဓာတ်အားနှင့် သောက်သုံးရေဖူလုံစွာရရှိအောင်လည်း တစ်ပါတည်း ထည့်သွင်းစဉ်းစားဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း၊ အဆိုပါစီမံကိန်းများ စနစ်တကျဆောင်ရွက်နိုင်ရေးအတွက် ပြည်နယ်ဝန်ကြီးချုပ်မှဦးဆောင်၍ ဘူမိဗေဒဆိုင်ရာ၊ ပထဝီပိုင်းဆိုင်ရာ၊ ဆည်မြောင်းဆိုင်ရာ စသည့် တတ်သိကျွမ်းကျင်သည့် ပညာရှင်များပါဝင်သည့် ကော်မတီတစ်ရပ်ကို ဆောလျင်စွာဖွဲ့စည်းဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း မှာကြားခဲ့သည်။ **(သတင်းစဉ်)**



## ဖက်ဒရယ်ပြည်ထောင်စုစနစ် ဖြစ်ပေါ်လာရေးအတွက် အခြေခံလိုအပ်ချက်များ ဆွေးနွေး

**နေပြည်တော် ဖေဖော်ဝါရီ ၂၈**

ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ လွှတ်တော်များ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့(JCC)ဥက္ကဋ္ဌ ဦးတီခွန်မြတ်သည် ဖက်ဒရယ်နိုင်ငံများဖိုရမ် ဘုတ်အဖွဲ့ဥက္ကဋ္ဌ Mr.Georg Milbradt နှင့် အဖွဲ့အား ယနေ့မွန်းလွဲ ၃ နာရီက နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌရုံးဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် လွှတ်တော်က ဖွဲ့စည်းထားရှိသည့် JCC အဖွဲ့၏ လုပ်ငန်းတာဝန်နှင့် ရည်ရွယ်ချက်များ၊ JCC နှင့် Forum of Federations တို့ ပူးပေါင်းဆောင်ရွက်သွားနိုင်ရေးဆိုင်ရာ ကိစ္စရပ်များ၊ Forum of Federations အနေဖြင့် ပြည်ထောင်စုလွှတ်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်များတွင် ဖက်ဒရယ်ဒီမိုကရေစီနိုင်ငံရေးစနစ် ထူထောင်ရေးဆိုင်ရာ အကူအညီပေးလျက်ရှိသည့် လုပ်ငန်းများနှင့် ဖက်ဒရယ်ပြည်ထောင်စုစနစ် ဖြစ်ပေါ်လာရေးအတွက် အခြေခံလိုအပ်ချက်များကို အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

အဆိုပါ တွေ့ဆုံပွဲသို့ လွှတ်တော်များ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့ (JCC) ဥက္ကဋ္ဌနှင့်အတူ အဖွဲ့ဝင်များဖြစ်ကြသော ဒေါက်တာဒေါ်သန်းငွေ၊ ဒေါ်အေးအေးမူ၊ လွှတ်တော်ရုံးများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

# ဒေသအလိုက်အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ တောင်ငူတွင် အောင်မြင်စွာကျင်းပပြီးစီး

**တောင်ငူ ဖေဖော်ဝါရီ ၂၈**

ဖေဖော်ဝါရီ ၂၈ ရက် နံနက် ၉ နာရီက တောင်ငူမြို့ ပညာရေးကောလိပ် မြတ်ပညာခန်းမ၌ ကျင်းပသည့် ဒေသအလိုက် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ (၃)ရက်မြောက်နေ့ကို ကျင်းပရာ နိုင်ငံရေးကဏ္ဍဆိုင်ရာစာတမ်းများကို ပဲခူးတိုင်းဒေသကြီး သယံဇာတ၊ သစ်တောနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဦးကျော်မင်းဇံ၊ တောင်ငူ တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာတင်ထွန်း၊ KNU အမျိုးသားအစည်းအရုံးမှ စောပိုပိုထူးအောင်တို့က လည်းကောင်း ဖတ်ကြားခဲ့သည်။ ဆက်လက်၍ စီးပွားရေးကဏ္ဍဆိုင်ရာစာတမ်းများကို တိုင်းဒေသကြီး စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး ဦးညွန့်ရွှေ၊ ပဲခူးတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာမင်းအောင်၊ နိုင်ငံရေးပါတီအစုအဖွဲ့မှ ဦးသိန်းနိုင်ဝင်းတို့က ဖတ်ကြားခဲ့သည်။ မြေယာနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စာတမ်းများကို တိုင်းဒေသကြီးစိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဦးအောင်ဇော်နိုင်၊ ပြည်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာညွန့်စိုးတို့က ဖတ်ကြားခဲ့သည်။

ယင်းနောက် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးသုဝေက ငြိမ်းချမ်းရေးအကြောင်းကိုပြောကြားပြီး ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင် အဖွဲ့ဝင် ဦးဝင်းထိန်က ပြောကြားရာတွင် ဒေသဆိုင်ရာအသီးသီးက တင်ပြချက်၊ လိုအပ်ချက်များကို မကြာမီကျင်းပမည့် (၂၁)ရာစုပင်လုံညီလာခံတွင် ထည့်သွင်းဆွေးနွေးသွားမည်ဖြစ်ကြောင်း၊ ကိုယ်ကျရာကဏ္ဍကနေ ငြိမ်းချမ်းရေးအတွက် ကြိုးကြိုးစားစား ဆောင်ရွက်သွားရန် ပြောကြားခဲ့သည်။



ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းက နိဂုံးချုပ်ပြောကြားရာတွင် ယခုကျင်းပသည့် ဆွေးနွေးပွဲအကြောင်းအရာများမှာ နိုင်ငံရေးကဏ္ဍတွင် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ကိစ္စရပ်များ၊ တိုင်းရင်းသားလူမျိုး တစ်မျိုးစီအလိုက် ခံစားသင့် ခံစားထိုက်သည့် အခွင့်အရေး ဆိုင်ရာကိစ္စရပ်များ၊ စီးပွားရေးကဏ္ဍ ဒေသန္တရဖွံ့ဖြိုးရေးဆိုင်ရာ ကိစ္စရပ်များ၊ မြေယာနှင့်ဆိုင်ရာကဏ္ဍစသည့်ကဏ္ဍအလိုက် ဆွေးနွေးခဲ့ကြသည့် တူညီသော အမြင်သဘောထားများနှင့် မတူညီသော အမြင်သဘောထားများကိုစုစည်းပြီး UPDJC ၏ နိုင်ငံရေးဆိုင်ရာကိစ္စရပ်များ ဆွေးနွေးရေးလုပ်ငန်းကော်မတီ၊ စီးပွားရေးဆိုင်ရာကိစ္စရပ်များ ဆွေးနွေးရေးလုပ်ငန်းကော်မတီ၊ မြေယာနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာကိစ္စရပ်များဆွေးနွေးရေး လုပ်ငန်းကော်မတီများသို့ တင်ပြသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ကြီးကြပ်ရေးကော်မတီ ဥက္ကဋ္ဌ ကရင်တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီး ဒေါ်နော်ပွယ်ဆေးက ဆွေးနွေးပွဲတွင် တင်သွင်းသည့်စာတမ်းများ မှတ်တမ်းတင်ထားသည့် အကြောင်းကြေညာရာတွင် နိုင်ငံရေးဆိုင်ရာစာတမ်းအား ဆွေးနွေးသူ ၃၁ ဦး၊ စာတမ်းတင်သူ ၇၈ ဦးက ဆွေးနွေးပြောကြားခဲ့ရာ ခေါင်းစဉ်ကြီးနှစ်ခုအား ဆွေးနွေးရာတွင် ဒီမိုကရေစီဆိုင်ရာခေါင်းစဉ်အောက်တွင် အချက် ၃၀၊ ဖက်ဒရယ်စနစ်ဆိုင်ရာ ခေါင်းစဉ်အောက်တွင် ၂၃ ချက်၊ တိုင်းရင်းသားလူမျိုးတစ်မျိုးစီအလိုက် ခံစားသင့်ခံစားထိုက်သော အခွင့်အရေးများနှင့် လူမျိုးရေးဆိုင်ရာ စုပေါင်းအခွင့်အရေးဆိုင်ရာခေါင်းစဉ်အောက်တွင် ၃၈ ချက်၊ အဆိုပါ နိုင်ငံရေးခေါင်းစဉ်ကြီးနှစ်ခုအောက်တွင် အချက်ပေါင်း အချက် ၉၀ ကို ဆွေးနွေးခဲ့ကြသည်။ မြေယာနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စာတမ်းကို ဆွေးနွေးသူ ၄၁ ဦး၊ စာတမ်း တင်သူ ၆၃ ဦးတို့ဖြင့် ဆွေးနွေးခဲ့ကာ အဆိုပါခေါင်းစဉ်နှင့် ပတ်သက်၍ ဖက်ဒရယ်ကိုအခြေခံသော မြေယာမူဝါဒချမှတ်နိုင်ရေးအတွက် ခေါင်းစဉ်ကြီး ခြောက်ခုအား ဆွေးနွေးခဲ့ရာတွင် မြေယာနှင့်သက်ဆိုင်သော ခေါင်းစဉ်အောက်တွင်ခုနစ်ချက်၊ သဘာဝပတ်ဝန်းကျင်နှင့် သယံဇာတဆိုင်ရာ မူဝါဒများခေါင်းစဉ်အောက်တွင် အချက် ၄၀၊ သိမ်းဆည်းမြေများနှင့် သက်ဆိုင်သည့် မူဝါဒများ ခေါင်းစဉ်အောက်တွင် ၁၁ ချက်၊ ရေအရင်းအမြစ်အားအသုံးချနိုင်ရေး မူဝါဒ ခေါင်းစဉ်အောက်တွင် ရှစ်ချက်၊ ရေးအားလျှပ်စစ် မူဝါဒများအတွက် ပြန်လည်နေရာချထားရေး ဆိုင်ရာ ခေါင်းစဉ်အောက်တွင် ခုနစ်ချက်၊ တိုင်းရင်းသားလူမျိုးစုများ ဆိုင်ရာ ဆွေးနွေးချက်များခေါင်းစဉ် အောက်တွင် ခုနစ်ချက်ဖြင့် အချက်ပေါင်း ၁၄၃ ချက် ဆွေးနွေးခဲ့ကြကြောင်း ကြေညာခဲ့ပြီး ဆွေးနွေးပွဲကို အောင်မြင်စွာ ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

သူရ(တောင်ငူ)

## နိုင်ငံတော်သြဝါဒါစရိယ (အဘိဓဇမဟာရဋ္ဌဂုရု) သဒ္ဓမ္မ နယူပဒေသကျောင်း ဆရာတော်ကြီး ဘဒ္ဒန္တပဒုမာဘိဝံသ ဘဝနတ်ထံပျံလွန်တော်မူ

**နေပြည်တော် ဖေဖော်ဝါရီ ၂၈**

မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် ဒေးဝန်းအရှေ့ရပ်ကွက်၊ မစိုးရိမ်ကျောင်းတိုက် မဟာနာယက၊ နိုင်ငံတော်သြဝါဒါစရိယ(အဘိဓဇမဟာရဋ္ဌဂုရု) သဒ္ဓမ္မနယူပဒေသကျောင်း ဆရာတော်ကြီး ဘဒ္ဒန္တပဒုမာဘိဝံသသည် သက်တော် (၈၂ နှစ်)၊ သိက္ခာတော် (၆၂) ဝါအရ ၁၃၇၈ ခုနှစ်၊ တပေါင်းလဆန်း (၂) ရက် ဖေဖော်ဝါရီ ၂၇ ရက် တနင်္လာနေ့ ည ၈ နာရီ ၁၅ မိနစ်တွင် ဘဝနတ်ထံပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

# ချင်းအမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲကျင်းပ

**ထန်တလန် ဖေဖော်ဝါရီ ၂၈**

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံသို့ ချင်းလူမျိုးများ၏ ဘုံသဘောထားရပ်တည်ချက် တင်ပြနိုင်ရန်အတွက် ပြုလုပ်သော ချင်းအမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲကို ထန်တလန်မြို့ရှိ ထန်တလန်နှစ်ခြင်းဘုရားကျောင်း၌ ဖေဖော်ဝါရီ ၂၇ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။




ဆွေးနွေးပွဲတွင် ချင်းအမျိုးသားတပ်ဦးဥက္ကဋ္ဌပူဇိန်ကျုံးက အဖွင့်မိန့်ခွန်းပြောကြား၍ ချင်းပြည်နယ်ဝန်ကြီးချုပ်ထံမှ ပေးပို့သောသဝဏ်လွှာကို လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးကျော်ကျော်က ဖတ်ကြားသည်။

ထို့နောက် ပစ်ခတ်တိုက်ခိုက်မှုဆိုင်ရာ သဘောတူစာချုပ်များနှင့် NCA ဆိုင်ရာ ပူးတွဲကော်မတီများအကြောင်းနှင့် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများနှင့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - ( ၂၁ ) ရာစုပင်လုံ လုပ်ငန်းစဉ်များကို ချင်းအမျိုးသား တပ်ဦးမှ ဒေါက်တာ လျန်မှုန်းဆာခေါင်း၊ Salai Thla Hei နှင့် Pu Nai Sak တို့က ရှင်းလင်းတင်ပြပြီး အဆိုပါတင်ပြချက်များအပေါ် အမေးအဖြေများ ပြုလုပ်ကာ ပထမနေ့ကို အောင်မြင်စွာ ရုပ်သိမ်းခဲ့သည်။

ချင်းအမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၂၇ ရက်မှ မတ် ၁ ရက်အထိ ကျင်းပပြီး အဆိုပါ ဆွေးနွေးပွဲတွင် အချုပ်အခြာအာဏာ၊ တန်းတူရေး၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်၊ စစ်မှန်သော ဖက်ဒရယ်ပြည်ထောင်စု၊ တိုင်းရင်းသားလူနည်းစုများ၏ အခွင့်အရေးများကို ကာကွယ်ခြင်း၊ ဒီမိုကရေစီအခွင့်အရေး၊ အခြေခံလူ့အခွင့်အရေးနှင့် ကျား/မဆိုင်ရာတန်းတူမှု၊ ပါတီစုံဒီမိုကရေစီစနစ်နှင့် ဘာသာရေးကို အခြေခံသော နိုင်ငံရေးစသည့် အချက်ရှစ်ချက်ကို အဖွဲ့ကိုးဖွဲ့ခွဲ၍ ဆွေးနွေးခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက် )

## ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးတွေ့ဆုံပွဲပြုလုပ်

**တမူး ဖေဖော်ဝါရီ ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး တမူးခရိုင် တမူးမြို့စော်ဘွားအင်း(၁)ရပ်ကွက် ပြည်တော်သာလမ်းရှိ မောနွေလ(အေမာနွေလ)ခရစ်ယာန်အသင်းတော်၌ ဖေဖော်ဝါရီလနောက်ဆုံးပတ်က ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေး တွေ့ဆုံဆွေးနွေးပွဲပြုလုပ်ခဲ့ကြောင်း သိရသည်။

တွေ့ဆုံဆွေးနွေးပွဲသို့ တမူးမြို့ အေးချမ်းဝေစည်ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တကလျာန၊ မြေနီကုန်းကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဝိမလနှင့် သံဃာတော်များ၊ ဗုဒ္ဓဘာသာဝင်များ၊ တမူးမြို့ မြို့မဂျာမေဗလီမှ ဂေါပကဥက္ကဋ္ဌ ဦးခင်မောင်မြင့်နှင့် အစ္စလာမ်ဘာသာဝင်များ၊ ခရစ်ယာန်သာသာမှ မောနွေလ(အေမာနွေလ)နှစ်ခြင်းအသင်းတော်သင်းအုပ်ဆရာတော်ထန်ခိုပေါင်နှင့် ခရစ်ယာန်ဘာသာဝင်များ၊ ဟိန္ဒူဘာသာဝင်များ၊ တိုင်းဒေသကြီး(၂)လွှတ်တော်ကိုယ်စားလှယ် ဦးတန်ခိုဟောက်နှင့် NLD ပါတီမှ ပါတီဝင်များ၊ ပြည်သူများ တက်ရောက်ကြပြီး ဆွေးနွေးပွဲတွင် ဘဒ္ဒန္တကလျာနက အမှာစကားမိန့်ကြားခဲ့ပြီး ဘာသာအသီးသီးမှ ကိုယ်စားလှယ်များက ပြဿနာတစ်စုံတစ်ရာဖြစ်ပွားခဲ့လျှင် ဘာသာပေါင်းစုံ ညှိနှိုင်းကိုင်တွယ်ဖြေရှင်းသွားကြရန်နှင့် ဘာသာအားလုံး မတူညီမှုများကို ညှိနှိုင်းဆောင်ရွက်ကြရေး၊ လူသားအချင်းချင်းစာနာမှုရှိရေး၊ လိုအပ်သည့် အကူအညီများကို ဘာသာမခွဲ ရိုင်းပင်းကူညီကြရေးနှင့် တမူးမြို့အား စံပြမြို့ဖြစ်ရေးတို့ကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

(၁၅၈)

# စတုတ္ထအကြိမ် မြန်မာနိုင်ငံ စာကြည့်တိုက်မှူးများညီလာခံ အောင်မြင်စွာကျင်းပပြီးစီး

**ရီရီမြင့်၊ ဥမ္မာသန့်**

**ရန်ကုန် ဖေဖော်ဝါရီ ၂၈**

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်းတို့ ပူးပေါင်းကျင်းပသည့် စတုတ္ထအကြိမ် မြန်မာနိုင်ငံ စာကြည့်တိုက်မှူးများ ညီလာခံဒုတိယနေ့ကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် (UMFCCI) ၌ ကျင်းပသည်။

ညီလာခံတွင် တိုင်းဒေသကြီး/ပြည်နယ်များမှ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် စာကြည့်တိုက်ကော်မတီများမှ တာဝန်ရှိသူများ၊ စာကြည့်တိုက်မှူးများက စာတမ်းများကို ဖတ်ကြားကြသည်။

ယနေ့ကျင်းပသည့် ညီလာခံတွင် "ကျေးရွာစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေး၊ အောင်မြင်ရှင်သန်နေသော ကျေးရွာစာကြည့်တိုက်များ၏ ကြိုးပမ်းဆောင်ရွက်မှု၊ ကျေးရွာစာကြည့်တိုက်များ ရှင်သန်လည်ပတ်မှု၊ ကြိုးပမ်းဆောင်ရွက်ချက်များ၊ ကျေးရွာစာကြည့်တိုက်များ ရှင်သန်ရေး ဆောင်ရွက်မှုအပေါ်အားနည်းချက်၊ အားသာချက်၊ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေး၊ အောင်မြင်ရှင်သန်နေသော ကျေးရွာစာကြည့်တိုက်များအပေါ် လေ့လာသုံးသပ်ခြင်း၊ ရပ်ကွက်စာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးရေး၊ အမေ့ရွာစာပျိုးခင်းစာကြည့်တိုက် ရှင်သန်ဖွံ့ဖြိုးမှုများ၊ ရပ်ကွက် ကျေးရွာစာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးရေး၊ မြို့ ဖွံ့ဖြိုးရေး၊ ရာပြည့်စာကြည့်တိုက် ရှင်သန်ဖွံ့ဖြိုးမှုအခြေအနေ၊ ကျေးရွာစာကြည့်တိုက်များ၏ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေ သုံးသပ်တင်ပြခြင်း၊ ကြီးပွားရေးစာကြည့်တိုက် အောင်မြင်တိုးတက်မှုများ၊ မင်္ဂလာစာကြည့်တိုက် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ရေရှည်တည်တံ့ရေး ဆောင်ရွက်ချက်၊ ကျေးရွာစာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးမှုအပေါ် သုံးသပ်တင်ပြခြင်း" ခေါင်းစဉ်များဖြင့် စာတမ်း ၁၄ စောင်ကို ဖတ်ကြားခဲ့ကြသည်။




ထို့နောက် မြန်မာနိုင်ငံစာကြည့်တိုက်မှူးများ ညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဦးညွန့်ဆွေက အမှာစကားပြောကြားပြီး မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်း နာယက ဦးကျော်ဆန်းနှင့် ဗဟိုအလုပ်အမှုဆောင်များက ပြန်လည်သုံးသပ်ဆွေးနွေးကြသည်။

ယင်းနောက် မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင် ဥက္ကဋ္ဌ ဦးမောင်မောင် က နိဂုံးချုပ်အမှာစကားပြောကြားပြီး ညီလာခံကို အောင်မြင်စွာရုပ်သိမ်းခဲ့သည်။

# ဥယျာဉ်ခြံမြေများအတွက် နှစ်ရှည် မြေငှားရမ်းစနစ်ဖြင့် ဆောင်ရွက်ပေးခြင်းလုပ်ငန်းများ ဆက်လက်လုပ်ကိုင်ခွင့်ပြုမည်

**နေပြည်တော် ဖေဖော်ဝါရီ ၂၈**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၁၄) ရက်မြောက်နေ့ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ ဆက်လက်ကျင်းပသည်။

အစည်းအဝေးတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော် ကော်မတီအဖွဲ့ဝင် ပြောင်းရွှေ့တာဝန်ပေးအပ်ခြင်းနှင့် ထပ်မံထည့်သွင်းခြင်းကို လွှတ်တော်သို့ အသိပေးတင်ပြသည်။

ယနေ့အစည်းအဝေးတွင် တောင်ဥက္ကလာပ မဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဦးစောနိုင်၏ **တောင်ဥက္ကလာပမြို့နယ်၊ ဥက္ကလာပစေတီပရဝဏ်၏ ပေ ၁၀၀ အတွင်း ပေ ၇၀ ထက်မြင့်သောအထပ်မြင့် အဆောက်အအုံ ဆောက်လုပ်နေခြင်းနှင့် ပတ်သက်၍ သက်ဆိုင်ရာဌာနများအနေဖြင့် မည်သို့စီစဉ်ထားသည်ကို သိလိုကြောင်း မေးခွန်းနှင့်စပ်လျဉ်း၍** သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက တောင်ဥက္ကလာပစေတီတော်သည် ၁၉၉၀ ပြည့်နှစ်တွင် တည်ဆောက်ခဲ့ပြီး ဉာဏ်တော် ၁၀၈ ပေရှိပါကြောင်း။ အဆိုပြုမြေကွက်သည် မြေရှင် ဦးဌေးအောင်က မူလကမူအားဖြင့် ခွင့်ပြုထားသည့် Basement + ၁၂ ဒသမ ၅ ထပ်တိုက်အစား လေးထပ်လျှော့၍ တောင်ဥက္ကလာပစေတီတော်၏ စိန်ဖူးတော်နှင့် ထီးတော်တို့ထက်နိမ့်ချပြီး အမြင့် ၉၈ ပေရှိသော Basement + ၈ ဒသမ ၅ ထပ်တိုက် အဆောက်အအုံ ဆောက်လုပ်ခွင့်ပြုပေးပါရန် တင်ပြလျှောက်ထားမှုအား ၂၀၁၅ ခုနှစ် ဧပြီ ၈ ရက်က ကျင်းပသော ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့အစည်းအဝေး အမှတ်စဉ် (၁၈/၂၀၁၅) ဆုံးဖြတ်ချက်အပိုဒ်(၇) အရ သဘောတူကြောင်း အကြောင်းကြားလာပါသဖြင့် အဆိုပါကိစ္စနှင့်စပ်လျဉ်း၍ ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီမှ သတ်မှတ်ထားသော စည်းကမ်းများနှင့် ညီညွတ်သဖြင့် ခွင့်ပြုပေးခဲ့ပြီးဖြစ်ကြောင်း။

၂၀၁၅ ခုနှစ် ဇွန် ၁၀ ရက်တွင် ကျင်းပသော သတ္တမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (ပထမအဖွဲ့ခွဲ)၏ ဒုတိယအကြိမ် နဝမအစည်း



ပြည်ထောင်စုဝန်ကြီး
ဦးအုန်းဝင်း

အဝေးက ဥက္ကလာပစေတီတော်အနီးဝန်းကျင်တွင် အထပ်မြင့် အဆောက်အအုံများ ဆောက်လုပ်ခြင်းကြောင့် စေတီတော်၏ မြင်ကွင်းကို ထိခိုက်စေခြင်း၊ စေတီတော်၏ ကြံ့ခိုင်မှုကို ထိခိုက်စေခြင်း အစရှိသည်များ မဖြစ်ပေါ်စေရေးနှင့် သာသနာတော်အရှည်တည်တံ့နိုင်မည့် အရေးကိုတွက်ဆ၍ ဘာသာရေးရှုထောင့်၊ ယဉ်ကျေးမှုရှုထောင့်၊ ဘူမိဗေဒရှုထောင့်နှင့် အင်ဂျင်နီယာရှုထောင့် အသီးသီးတို့မှ ပညာရှင်များနှင့် စနစ်တကျ တွက်ချက်ညှိနှိုင်းပြီး ဆောက်လုပ်ရန် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်ထံ မေတ္တာရပ်ခံရန်ဟု ဆုံးဖြတ်ခဲ့ပြီး ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ထံ အကြောင်းကြားမေတ္တာရပ်ခံခဲ့ပြီး ပညာရှင်များနှင့် ၂၀၁၅ ခုနှစ် ဩဂုတ် ၃ ရက် ရက်စွဲဖြင့် စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်း ခဲ့ကြောင်း၊ ယင်းစုံစမ်းရေးအဖွဲ့က ညှိနှိုင်းအစည်းအဝေးပြုလုပ်ခဲ့ပြီး ဆွေးနွေးသုံးသပ်ချက်များအရ ၂၀၁၆ ခုနှစ် မတ်လ ၃ ရက်တွင် ကျင်းပသော ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ အစည်းအဝေးသို့ တင်ပြခဲ့ရာ ပညာရှင်အဖွဲ့၏ အစီရင်ခံချက်အရ အမြင့်ပေ ၉၆ ပေဖြင့် ခွင့်ပြုခဲ့ကြောင်း။

အလားတူ ဥက္ကလာပစေတီဂေါပကအဖွဲ့က ဥက္ကလာပစေတီမဟာရံတံတိုင်းနှင့် ၅၉ ပေသာကွာဝေးသည့် မြေကွက်နေရာ၌ ဆာကူရာကုမ္ပဏီက ရှစ်ထပ်ခွဲ အဆောက်အအုံ ဆောက်လုပ်နေသဖြင့် တားမြစ်ပေးပါရန် သာသနာရေးဝန်ကြီးဌာနထံ ထပ်မံမေတ္တာရပ်ခံတင်ပြလာသဖြင့် ဤဝန်ကြီးဌာနက သက်ဆိုင်ရာ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီတို့ကို လိုအပ်သလို ပြန်လည်သုံးသပ်ပေးနိုင်ရန် ထပ်မံညှိနှိုင်းခဲ့ပါကြောင်း၊ အပြန်အလှန်ညှိနှိုင်းချက်များအရ စိစစ်မှုအကြိမ်ကြိမ်ပြုလုပ်သည့် နောက်ပိုင်းတွင် ဖော်ပြပါ Basement+ ၈ ဒသမ ၅ ထပ်တိုက်အား ခွင့်ပြုထားပြီးဖြစ်သဖြင့် ၂၀၁၆ ခုနှစ် ဩဂုတ် ၂၉ ရက်တွင် ကျင်းပသော ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အစည်းအဝေးသို့တင်ပြခဲ့ရာ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ အစည်းအဝေးတွင် ခွင့်ပြုခဲ့သည့်အတိုင်း Basement + ၈ ဒသမ ၅ ထပ်တိုက်အား အမြင့် ၉၆ ပေဖြင့် ခွင့်ပြုခဲ့သည်ကို ပြန်လည်ရှင်းလင်းဖြေကြားခဲ့ပါကြောင်း။

ဆာကူရာကုမ္ပဏီက အမြင့် ၉၈ ပေရှိ ၈ ထပ်ခွဲ အဆောက်အအုံဆောက်လုပ်နေခြင်းနှင့်ပတ်သက်၍ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့နှင့် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနတို့အနေဖြင့် ဥက္ကလာပစေတီဂေါပကအဖွဲ့၏ တင်ပြချက်များအရ သက်ဆိုင်ရာတာဝန်ရှိသည့် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီသို့ အကြိမ်ကြိမ်အသိပေးညှိနှိုင်းပေးခဲ့ပြီး ဖြစ်ပါကြောင်းနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှလည်း စုံစမ်းစစ်ဆေးရေးအဖွဲ့နှင့် ပညာရှင်များဖွဲ့စည်းစစ်ဆေးပြီးမှ ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ အဆုံးအဖြတ်သည်သာ အဓိကဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

ဥတ္တရသီရိမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးကျော်မင်းလှိုင်၏ **ဥတ္တရသီရိမြို့နယ်အတွင်း ဒေသခံပြည်သူများ အမှန်တကယ်နေထိုင်လုပ်ကိုင်စားသောက်နေသော ကျေးရွာများ၊ လယ်မြေများနှင့် ယာမြေများကို သစ်တောမြေအဖြစ်မှ ပယ်ဖျက်ပေးရန် အစီအစဉ်ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းက လက်ရှိအစိုးရသစ် လက်ထက်တွင် နေပြည်တော်ကောင်စီအတွင်းရှိ သစ်တောနယ်မြေများအတွင်း နှစ်ကာလကြာရှည်စွာ ကျူးကျော်အခြေချ နေထိုင်သူများအတွက် ၂၀၁၃ ခုနှစ်တွင် စာရင်းကောက်ယူခဲ့သော ပြည်ထဲရေးအမည်ပေါက် အိမ်ခြေ ၅၀



ဥတ္တရသီရိမဲဆန္ဒနယ်မှ လွှတ်တော်
ကိုယ်စားလှယ် ဦးကျော်မင်းလှိုင်

နှင့်အထက် ကျေးရွာများ၏ ရွာမြေ၊ လယ်မြေနှင့် သာသနာ/အများပိုင်မြေများ ပယ်ဖျက်ပေးရန် နေပြည်တော်ကောင်စီ၏ ၂၀၁၆ခုနှစ် ဇွန်လ ၁၆ ရက်က ကျင်းပသည့် အစည်းအဝေးအမှတ်စဉ် (၇/၂၀၁၆) ဆုံးဖြတ်ချက်အပိုဒ်(၁၁) အရ ဥတ္တရသီရိမြို့နယ်ရှိ ကျေးရွာ ၁၂ ရွာ အပါအဝင် နေပြည်တော်ကောင်စီနယ်မြေ သစ်တောမြေအတွင်းရှိ ပြည်ထဲရေး အမည်ပေါက် ၄၉ ရွာကို ပယ်ဖျက်ပေးခြင်း မပြုဘဲ သီးနှံသစ်တောရောနှော စိုက်ပျိုးခြင်း ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တော တည်ထောင်ခွင့်ပြုခြင်း၊ ဥယျာဉ်ခြံမြေများအတွက် နှစ်ရှည် မြေငှားရမ်းစနစ်ဖြင့် ဆောင်ရွက်ပေးခြင်း လုပ်ငန်းများ ဆက်လက်လုပ်ကိုင်ခွင့်ပြုမည်ဖြစ်ပါကြောင်း။

နေပြည်တော်ကောင်စီ သစ်တောနယ်မြေအတွင်းရှိ ပယ်ဖျက်ပေးမည့် ဧရိယာ ၆၈၃၈ ဒသမ ၄၈၃ ဧက အနက် အမှန်ပယ်ဖျက်ရန် ထပ်မံစိစစ်ဆောင်ရွက်ချက်အရ ရွာမြေ၊ လယ်မြေ၊ သာသနာ/အများပိုင်မြေ ၈၀၇ ဒသမ ၇၃၆ ဧကကို လုပ်ထုံးလုပ်နည်းနှင့်အညီ ကြိုးဝိုင်းတောမြေအဖြစ်မှ ပယ်ဖျက်ပေးရန် အမိန့်ကြော်ငြာစာမူကြမ်းအား စိစစ်ပြီးပါက သစ်တောမြေအဖြစ်မှ ပယ်ဖျက်ပေးမည်ဖြစ်ပါကြောင်း၊ ထို့အပြင် ဥတ္တရသီရိမြို့နယ်အတွင်း၌ ကျန်ရှိသော ယာမြေ ၁၅၇၀ ဒသမ ၃၆၇ ဧကကို သီးနှံသစ်တောရောနှောစိုက်ပျိုးခြင်း နည်းစနစ်ဖြင့် ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောတည်ထောင်ခွင့် ပြုမည်ဖြစ်ပါကြောင်းနှင့် ဥယျာဉ်ခြံမြေ ၅၀ ဒသမ ၉၄ ဧကကို နှစ်ရှည် မြေငှားရမ်းစနစ်ဖြင့် ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

ယနေ့အစည်းအဝေးတွင် သိန်းနီ မဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းဦးခမ်းနှင့် ဆားလင်းကြီး မဲဆန္ဒနယ်မှ ဦးဝင်းသိန်းဇော်တို့၏ မေးခွန်းများကို ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းနှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းတို့က ရှင်းလင်းဖြေကြားပေးကြသည်။

ပေါင်မဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဒေါ်မိကွန်ချမ်းက **မွန်ပြည်နယ်၊ မော်လမြိုင်မြို့နှင့် ချောင်းဆုံမြို့နယ်တို့အကြား သံလွင်မြစ်ပေါ်တွင် ထိုးထားသည့် တံတားအမည်အား အမျိုးသားခေါင်းဆောင်ကြီး "ဗိုလ်ချုပ်အောင်ဆန်း"၏ အမည်နာမဖြင့် ဂုဏ်ပြုသတ်မှတ်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းသည့် အဆို**ကိုတင်သွင်းရာ ဘီးလင်းမဲဆန္ဒနယ်မှ ဦးတင်ကိုကိုဦးက ထောက်ခံဆွေးနွေးပြီး လွှတ်တော်ဥက္ကဋ္ဌက အဆိုကိုလက်ခံဆွေးနွေးနိုင်ရန်အတွက် လွှတ်တော်၏ သဘောတူညီမှုကို ရယူရာ အဆိုအပေါ် ဆွေးနွေးလိုသော လွှတ်တော် ကိုယ်စားလှယ်များရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

လှိုင်းဘွဲ့မဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးခင်ချို၏ "ဝါးစိုက်ပျိုးရေးကဏ္ဍ တွင်တွင်ကျယ်ကျယ် ဖြစ်ထွန်းအောင်မြင်လာစေရေးအတွက် နိုင်ငံတော်အစိုးရမှ ဦးဆောင်အားစိုက် ပါဝင်ဆောင်ရွက်ပေးရေး တိုက်တွန်းကြောင်း" အဆိုကို လွှတ်တော်ကိုယ်စားလှယ် ကိုးဦးက ဆွေးနွေးကြသည်။

သံတောင်ကြီး မဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးစောဇစ်တာခလိုက် က သစ်/ဝါးများ ထုတ်ယူခြင်း၊ ခုတ်ယူခြင်းကို ပြန်လည်သုံးသပ်ကြည့်ပါက မြေလွှတ်၊ မြေရိုင်း၊ မြေလပ်များကို ကြိုးပြင်ကာကွယ်တောအဖြစ် သတ်မှတ်သည့်အချိန်မှစ၍ ပုဂ္ဂလိကလုပ်ငန်းများ၊ ကုမ္ပဏီများအား ကျွန်းနှင့် အခြားသစ်မာများ စိုက်ပျိုးရန်၊ နှစ်ရှည်သီးနှံပင်များစိုက်ပျိုးရန်၊ ရောနှောသစ်တောများ စိုက်ပျိုးရန်၊ နှစ်ရှည်မြေယာ လုပ်ကိုင်ခွင့်များကို လုပ်ကိုင်ခွင့်ပြုခြင်းမှအစ အချို့သော ပုဂ္ဂလိကလုပ်ငန်းရှင်များက မိမိတို့အကျိုးစီးပွားအတွက် မြေယာရရှိလိုမှုအတွက် သစ်တောများကို စည်းမဲ့ ကမ်းမဲ့ ထုတ်ယူလျက်ရှိသည်သာမက ပြန်လည်ပြုပြင်ထိန်းသိမ်းမှု အားနည်းနေသည်ကို တွေ့ရသည့်အတွက် သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးခြင်း၊ ရာသီဥတုပြောင်းလဲခြင်းများကို ဖြစ်ပေါ်စေပါကြောင်း။

ထို့အတွက် ပုဂ္ဂလိကနှင့်လုပ်ငန်းရှင်များအား နှစ်ရှည်လုပ်ကိုင်ခွင့်များကို ပြန်လည်စိစစ်ပြီး စီမံချက်ချကာ တိုင်းပြည်အကျိုးမပြုသော လုပ်ငန်းများ၊ သဘာဝပတ်ဝန်းကျင် ဂေဟစနစ်ကို ပျက်ယွင်းစေသော လုပ်ဆောင်မှုများ တားဆီးကာ ပြည်သူ များနှင့် သက်ဆိုင်ရာ နိုင်ငံတော်အဖွဲ့အစည်းများ ပူးပေါင်းကာ အစုအဖွဲ့ပိုင်သစ်တောများကို လည်းကောင်း၊ ကျေးရွာအဖွဲ့ပိုင်သစ်တောအဖြစ်သော်လည်းကောင်း၊ သစ်/ဝါးများကို စနစ်တကျပျိုးထောင်စိုက်ပျိုးပါက အချိန်တိုအတွင်း တောင်ကတုံးများအဖြစ်မှ စိမ်းလန်းစိုပြည်သော တောတောင်များ ဖြစ်ပေါ်လာမည်ဖြစ်ပါကြောင်း၊ အထူးသဖြင့် ဝါးအမျိုးအစားများကို သင့်လျော်သည့်ဒေသတွင် အစိုးရ၏ကူညီပံ့ပိုးမှုဖြင့် တွင်တွင်ကျယ်ကျယ် စိုက်ပျိုးရန်လိုအပ်ပါကြောင်း၊ ဝါးမှာအမြစ်များပြီး မြေဆီမြေနှစ်များကို ထိန်းသိမ်းထားနိုင်ရုံသာမက မြေပြိုခြင်းများကိုလည်း ကာကွယ်နိုင်ပါကြောင်း ရှင်းလင်းဆွေးနွေးသည်။

ယင်းအဆိုအပေါ် တောင်တွင်းကြီး မဲဆန္ဒနယ်မှ ဦးမင်းသိန်း၊ ဖာပွန်မဲဆန္ဒနယ်မှ ဦးစောထွန်းမြအောင်၊ ဟုမ္မလင်းမဲဆန္ဒနယ်မှ ဦးမျိုးညွန့်၊ ဒလမဲဆန္ဒနယ်မှ ဒေါက်တာ ဦးစိန်မြအေး၊ ဗန်းမောက်မဲဆန္ဒနယ်မှ ဦးကျော်စိုး၊ ဆင်ပေါင်ဝဲ မဲဆန္ဒနယ်မှ ဦးနေထက်ဝင်း၊ ရေဖြူ မဲဆန္ဒနယ်မှ ဦးသက်နိုင်ဦးနှင့် သထုံမဲဆန္ဒနယ်မှ ဒေါ်မာမာခိုင်တို့က ဝိုင်းဝန်းအကြံပြုဆွေးနွေးကြသည်။

ထို့နောက် အဆိုနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းက ပြန်လည် ရှင်းလင်းဆွေးနွေးပြီး အဆိုရှင်က ၎င်း၏အဆိုကို အတည်ပြုပေးရန် လွှတ်တော်သို့တင်ပြရာ လွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်၏သဘောတူညီချက်ကိုရယူပြီး အတည်ပြုကြောင်း ကြေညာသည်။

**အောင်နိုင်၊ မီမီဖြိုး၊**
**အေးအေးသန့်(သတင်းစဉ်)**

# ဥပဒေဘာသာရပ်သည် အခြေခံပညာအဆင့်တွင် သင်ကြားမှုမပြုဘဲ တက္ကသိုလ်အဆင့်၌သာ ထည့်သွင်းသင်ကြားပေးလျက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၂၈**

လက်ရှိအခြေခံပညာ အထက်တန်းသင်ရိုးတွင် အခြေခံဥပဒေဘာသာရပ်တစ်ခုအဖြစ် မဟုတ်သော်လည်း စာရိတ္တနှင့် လောကနီတိကို သမိုင်းဘာသာရပ်နှင့် အခြားဆက်နွယ်သော ဘာသာရပ်များတွင် ထည့်သွင်းပေါင်းစပ်သင်ကြားပေးလျက်ရှိသည့်အပြင် သင်ရိုးသစ်တွင်လည်း ထည့်သွင်းသင်ကြားနိုင်ရန် စီစဉ်လျက်ရှိပါကြောင်း ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက ရှင်းလင်းပြောကြားသည်။

ယနေ့နံနက်ပိုင်းတွင် ကျင်းပသည့် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန် အစည်းအဝေး (၁၄) ရက်မြောက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဌေးဦး၏ **"နိုင်ငံတော်၌ တရားဥပဒေစိုးမိုးမှု ယိမ်းယိုင်ပျက်ပြားနေခြင်းအပေါ် အနာဂတ်တွင် ထိန်းသိမ်းပြုပြင်ပြောင်းလဲနိုင်ရန်အလို့ငှာ မျိုးဆက်သစ် အထက်တန်းကျောင်းများတွင် စာမေးပွဲမစစ်သည့် အပိုဘာသာရပ်အဖြစ် ဥပဒေအခြေခံဘာသာရပ်သင်ရိုးကို တစ်ပတ်လျှင် အနည်းဆုံးတစ်ချိန်သတ်မှတ်၍ လက်တွေ့ဥပဒေနယ်ပယ်မှ တရားသူကြီးများ၊ ဥပဒေအရာရှိများနှင့် ရှေ့နေရှေ့ရပ်များကို သင်ကြားပို့ချပေးစေနိုင်ခြင်း ရှိ၊ မရှိ"** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက အထက်ပါအတိုင်း ရှင်းလင်းပြောကြားခဲ့ခြင်းဖြစ်သည်။

ဆက်လက်၍ ဒုတိယဝန်ကြီးက လက်ရှိအခြေခံပညာအထက်တန်းသင်ရိုးတွင် အခြေခံဥပဒေဘာသာရပ်တစ်ခုအဖြစ်မဟုတ်သော်လည်း နိုင်ငံ့သားကောင်းများ မွေးထုတ်နိုင်ရန်အတွက် နိုင်ငံသားများ၏ အခွင့်အရေးများ၊ ရပိုင်ခွင့်များ၊ လိုက်နာဆောင်ရွက်ရမည့်



ဒုတိယဝန်ကြီး
ဦးဝင်းမော်ထွန်း

တာဝန်များ၊ ဒီမိုကရေစီအခြေခံများ၊ နိုင်ငံသားများ လိုက်နာကျင့်သုံးရမည့် ဒီမိုကရေစီ အလေ့အကျင့်ကောင်းများ၊ လူ့အခွင့်အရေးဆိုင်ရာအခြေခံများကို စာရိတ္တနှင့် လောကနီတိအဖြစ် သမိုင်းဘာသာရပ်နှင့် အခြားဆက်နွယ်သော ဘာသာရပ်များတွင် ထည့်သွင်းပေါင်းစပ်သင်ကြားပေးလျက် ရှိသည့်နည်းတူ သင်ရိုးသစ်တွင်လည်း ထည့်သွင်းသင်ကြားနိုင်ရန် စီစဉ်လျက်ရှိပါကြောင်း။

ဥပဒေဘာသာရပ်သည် ခက်ခဲနက်နဲသည့်အတွက် အခြေခံပညာအဆင့်တွင် သင်ကြားမှုမပြုဘဲ ဥပဒေပညာရှင်များ မွေးထုတ်ပေးနိုင်ရန်အတွက် တက္ကသိုလ်အဆင့်၌သာ ဥပဒေဘာသာရပ်အထူးပြုအဖြစ် ထည့်သွင်းသင်ကြားပေးလျက်ရှိပါကြောင်း ဖြေကြားသည်။

ထို့အပြင် ဥပဒေအရာရှိများအနေဖြင့် အခါအားလျော်စွာ စာသင်ကျောင်းများတွင် ဥပဒေရေးရာ အသိပညာပေး ဟောပြောပွဲများကျင်းပ၍ အသိပညာဖြန့်ဝေခြင်း၊ လက်ကမ်းစာစောင် ဖြန့်ဝေခြင်းစသည်ဖြင့် ဆောင်ရွက်လျက်ရှိပြီး အသိပညာပေးခြင်းကိုသာ ဆက်လက်



ရန်ကုန်တိုင်းဒေသကြီး
မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဌေးဦး

ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ လက်အောက်ခံမြို့နယ် ဥပဒေရုံးနှင့် ခရိုင်ဥပဒေရုံးအသီးသီးရှိ ဥပဒေအရာရှိများက အထက်ဖော်ပြပါအတိုင်း ဥပဒေရေးရာ အသိပညာပေးဟောပြောပွဲများတွင် ဟောပြောခြင်းဖြင့်သာ ဒေသဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများနှင့် လိုအပ်သလို ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

သို့ဖြစ်၍ ပညာရေးဝန်ကြီးဌာနအနေဖြင့် လက်ရှိပြင်ဆင်ရေးဆွဲလျက်ရှိသည့် သင်ရိုးသစ်နှင့် လက်ရှိအသုံးပြုနေသည့် သင်ရိုးဟောင်းနှစ်ရပ်လုံးတွင် **"အခြေခံ ဥပဒေဘာသာရပ် သင်ရိုးကို တစ်ပတ်လျှင် အနည်းဆုံးတစ်ချိန် သတ်မှတ်၍ လက်တွေ့ဥပဒေနယ်ပယ်မှ တရားသူကြီးများ၊ ဥပဒေအရာရှိများနှင့် ရှေ့နေရှေ့ရပ်များကို သင်ကြားပို့ချပေးစေနိုင်ရန်"** စီစဉ်ဆောင်ရွက်ပေးနိုင်မည့် အခြေအနေမရှိသေးပါကြောင်း ဒုတိယဝန်ကြီးက ဖြေကြားသည်။

စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးအောင်မျိုး၏

*စာမျက်နှာ ၈ သို့*



# အမျိုးသားလွှတ်တော်ပညာရေးနှင့်သက်ဆိုင်သော လုပ်ငန်းအစီအစဉ်များဆွေးနွေး

**နေပြည်တော် ဖေဖော်ဝါရီ ၂၈**

အမျိုးသားလွှတ်တော်၊ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ စီစဉ်မှုဖြင့် ပညာရေးဝန်ကြီးဌာန၏ ပညာရေးနှင့်သက်ဆိုင်သော ဆောင်ရွက်ဆဲ၊ ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များ ဆွေးနွေးတင်ပြခြင်း အခမ်းအနားကို ယနေ့ မွန်းလွဲ ၂ နာရီတွင် အမျိုးသားလွှတ်တော် ထမင်းစားခန်းမဆောင်၌ ကျင်းပသည်။

အခမ်းအနားသို့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၊ ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်တို့တက်ရောက်ပြီး ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်က အဖွင့်အမှာစကားပြောကြားသည်။ ယင်းနောက် ပညာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ဆွေးနွေးတင်ပြကာ လွှတ်တော်ကိုယ်စားလှယ်များက ပြန်လည်မေးမြန်းဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# တရားစီရင်ရေးကျင့်ဝတ်ရေးဆွဲခြင်းနှင့် အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဆိုင်ရာ အဆင့်မြင့်ဆွေးနွေးပွဲကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၂၈**

ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် ဒိန်းမတ်နိုင်ငံသံရုံး၊ အပြည်ပြည်ဆိုင်ရာ ဥပဒေပညာရှင်များအဖွဲ့ (International Commission of Jurists-ICJ)၊ ကုလသမဂ္ဂဖွံ့ဖြိုးမှု အစီအစဉ် (United Nations Development Programme-UNDP)တို့ ပူးပေါင်း၍ **"တရားစီရင်ရေးကျင့်ဝတ်ရေးဆွဲခြင်းနှင့် အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဆိုင်ရာ တတိယအကြိမ် အဆင့်မြင့်ဆွေးနွေးပွဲ"** ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော် Horizon Lake View Resort ဟိုတယ်၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးက မြန်မာနိုင်ငံတွင် မျှတပြီး ဘက်လိုက်မှုကင်းရှင်းသည့် တရားစီရင်ရေးစနစ်အဖြစ် ဘက်စုံဖွံ့ဖြိုးတိုးတက်ရန်နှင့် တရားသူကြီးများ၊ တရားရေးအရာရှိများအတွက် ကိုယ်ကျင့်တရားဆိုင်ရာ ကျင့်ဝတ်အဖြစ် စံနှုန်းများသတ်မှတ်ရန် ရည်ရွယ်၍ တရားစီရင်ရေးဆိုင်ရာ ကျင့်ဝတ်များနှင့် ပတ်သက်ပြီး ထုံးတမ်းစဉ်လာအရရှိနေသည့် တန်ဖိုးထားမှုများကို ပြန်လည်သုံးသပ်၍ ရေးဆွဲဆောင်ရွက်ခဲ့ရာတွင် ယခုအခါ တတိယမူကြမ်းသို့ ရောက်ရှိနေပြီဖြစ်ကြောင်း၊ တရားစီရင်ရေးဆိုင်ရာ ကျင့်ဝတ်အနေနှင့် နိုင်ငံတကာစံနှုန်းများ၊ တရားစီရင်ရေးဆိုင်ရာ ဘန်ဂလောအခြေခံမူများတွင်ပါရှိသည့် အချက်များနှင့်ကိုက်ညီပြီး အကျိုးသက်ရောက်မှုရှိစေရန်နှင့် တရားသူကြီးများ၊ တရားရေးအရာရှိများက လေးစားလိုက်နာရန် လိုအပ်ပါကြောင်း၊ ထို့အပြင် တရားစီရင်ရေးကဏ္ဍနှင့် ပါဝင်ဆက်စပ်နေသူအားလုံးက တရားစီရင်ရေးအပေါ် ပိုမိုနားလည်လာပြီး လိုအပ်သည့်ပံ့ပိုးမှုများ ပြုနိုင်ရမည် ဖြစ်ကြောင်း၊ ယခုဆွေးနွေးပွဲတွင် တရားစီရင်ရေးဆိုင်ရာ ကျင့်ဝတ်အပေါ် ရှေ့ဆက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များအတွက် ကျင့်ဝတ်တွင် ပါဝင်သင့်သည့် အရေးပါသောအချက်များကို ချမှတ်ဆောင်ရွက်နိုင်ရန်နှင့် တရားစီရင်ရေးကဏ္ဍတစ်ရပ်လုံးအတွက် ပထမဆုံးဖြစ်ပြီး ပြည့်စုံကောင်းမွန်သည့် တရားစီရင်ရေးဆိုင်ရာ ကျင့်ဝတ်ထုတ်ပြန်နိုင်ရန်အတွက် ဆွေးနွေးဆောင်ရွက်သွားကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ထို့နောက် ဒိန်းမတ်နိုင်ငံ သံအမတ်ကြီး Mr.Peter Lysholt Hansen နှင့် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (UNDP) မှ Country Director Mr.Peter Bachelor တို့က အမှာစကားပြောကြားကြသည်။




ဖွင့်ပွဲအခမ်းအနားသို့ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများ၊ တိုင်းဒေသကြီး/ပြည်နယ် တရားလွှတ်တော် တရားသူကြီးများ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးနှင့် ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံးတို့မှ တာဝန်ရှိသူများနှင့် ဒိန်းမတ်နိုင်ငံသံရုံးမှ သံအရာရှိများ၊ အပြည်ပြည်ဆိုင်ရာ ဥပဒေပညာရှင်များအဖွဲ့ (ICJ)နှင့် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (UNDP) တို့မှ ပညာရှင်များ တက်ရောက်ကြပြီး ဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၂၈ ရက်မှ မတ် ၁ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



# နှစ်နိုင်ငံဆက်ဆံရေးနှင့် ဥပဒေရေးရာကိစ္စရပ်များ ဆွေးနွေး

**နေပြည်တော် ဖေဖော်ဝါရီ ၂၈**

ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင် ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် အီတလီနိုင်ငံ သံအမတ်ကြီးH.E. Mr.Pier Giorgio ALIBERTI အား ယနေ့နံနက် ၁၁ နာရီက နေပြည်တော်ရှိ လွှတ်တော် အဆောက်အအုံရေးရာဆောင် အမှတ် (I-1)ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။ **(ဝဲပုံ)**

တွေ့ဆုံစဉ် နှစ်နိုင်ငံဆက်ဆံရေးဆိုင်ရာကိစ္စရပ်များနှင့် ဥပဒေရေးရာကိစ္စရပ်များကို ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## နေရာကွက်ကျားမိုးရွာနိုင်

**နေပြည်တော် ဖေဖော်ဝါရီ ၂၈**

နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ ကချင်ပြည်နယ်၌ နေရာကွက်ကျား မိုးရွာနိုင်သည်။

**(မိုး/ဇလ)**

*အမျိုးသားလွှတ်တော်မှ*

**"အလောင်းမင်းတရားကြီး ဦးအောင်ဇေယျ စစ်ချီထွက်တိုင်း ပင့်ဆောင်သွားလေ့ရှိသည့် သက်န်းနက်ရုပ်ပွားတော်မြတ်ကြီးအား ရွှေဘိုမြို့သို့ ပြန်လည်ပင့်ဆောင်ခွင့်ရရှိရေးအတွက် ညှိနှိုင်းဖြေရှင်းပေးရန် အစီအစဉ် ရှိ၊ မရှိ"** မေးခွန်းနှင့်စပ်လျဉ်း၍ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက သင်္ကန်းနက်ရုပ်ပွားတော်သည် နှစ်ပေါင်း ၁၀၀ နှစ်အထက် သက်တမ်းရှိပြီးဖြစ်သဖြင့် ရှေးဟောင်းဝတ္ထုပစ္စည်းအဖြစ် သတ်မှတ်နိုင်မည်ဖြစ်ပါကြောင်း။

ရှေးဟောင်း ဝတ္ထုပစ္စည်းများ ကာကွယ်ထိန်းသိမ်းရေးဥပဒေအရ မိမိတို့ဝန်ကြီးဌာနသည် ရှေးဟောင်းဝတ္ထုပစ္စည်းများကို ထိခိုက်ခြင်း၊ ဆွေးမြည့်ခြင်းနှင့် ပျက်စီးခြင်းဖြစ်နိုင်သည်ဟု ယူဆပါလျှင် ယဉ်ကျေးမှုအမွေအနှစ်အဖြစ် ကာကွယ်ထိန်းသိမ်းခွင့်ရှိသော်လည်း ယင်းရုပ်ပွားတော် သည် အဆိုပါဥပဒေပုဒ်မ ၈၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မခွဲငယ်(၁)အရ ဘာသာရေးအရ ဝတ်ပြုကိုးကွယ်ရာတွင် လက်ရှိအသုံးပြုနေသော ရှေးဟောင်းဝတ္ထုပစ္စည်းဖြစ်နေသဖြင့် ဝန်ကြီးဌာန၏ ယဉ်ကျေးမှုအမွေအနှစ်အဖြစ် ကာကွယ်ထိန်းသိမ်းခွင့်နှင့် သက်ဆိုင်ခြင်းမရှိပါကြောင်း။

သို့ဖြစ်၍ ယင်းသက်န်းနက်ဆင်းတုတော်နှင့်အတူ အခြားရှေးဟောင်းသမိုင်းဝင် ရုပ်ပွားဆင်းတုတော်များစွာကို မရမ်းကုန်းမြို့နယ် ဓမ္မသကသီလရှင်စာသင်တိုက် သီလရှင်ဆရာကြီး ဒေါက်တာပညာသီရိက သဗ္ဗညုပုထိုးတော်ကြီးတွင် စနစ်တကျ ထိန်းသိမ်းစောင့်ရှောက်ထားပြီး မည်သူမဆို အချိန်မရွေး လာရောက်ဖူးမြော်နိုင်ပါကြောင်း၊ ရွှေဘိုမြို့သို့ ပြန်လည်ပင့်ဆောင်ခွင့်ရရှိရန်အတွက် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ရန်ကုန်တိုင်းဒေသကြီး သာသနာရေးမှူးသည် လက်ရှိကိုးကွယ်လျက်ရှိသော သီလရှင်ဆရာကြီး ဒေါက်တာပညာသီရိနှင့် ၂၀၁၆ ခုနှစ် မေ ၂၀ ရက်တွင် ပြေလည်မှုရရှိရေး ညှိနှိုင်းဆောင်ရွက်ပေးခဲ့သော်လည်း သီလရှင်ဆရာကြီးမှ သဘောမတူသဖြင့် ပြေလည်မှု မရရှိခဲ့ပါကြောင်း ဖြေကြားသည်။

တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးဟန်ဝင်းသိန်း၏ **"တနင်္သာရီတိုင်းဒေသကြီး ရေဖြူမြို့နယ် ဇာဒီအခြေခံပညာအထက်တန်းကျောင်း (ခွဲ)အား အခြေခံပညာအထက်တန်းကျောင်းအဖြစ် ၂၀၁၇-၂၀၁၈ ပညာသင်နှစ်တွင် အဆင့်တိုးမြှင့်ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ၊ မရှိ"** မေးခွန်း၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးကျော်နီနိုင်၏ **"ရှမ်းပြည်နယ် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိ ဥပဓိရုပ်မကောင်းသော စာသင်ကျောင်းသုံးကျောင်း၌ ကျောင်းဆောင်သစ် တစ်ဆောင်စီ ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ"** မေးခွန်း၊ ချင်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၄)မှ ဦးဇုန်လှယ်ထန်း၏ **"ချင်းပြည်နယ် ဖလမ်းမြို့နယ်ရှိ အခြေခံပညာမူလတန်းလွန်ကျောင်းများတွင် ဆရာ ဆရာမများ တိုးမြှင့်ခန့်ထားပေးရန် အစီအစဉ် ရှိ၊မရှိ"** မေးခွန်းနှင့် မွန်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၁၀)မှ ဦးစိုးသီဟ(ခ)မောင်တူး၏ **"မွန်ပြည်နယ် ပေါင်မြို့နယ် ကျွဲခြံကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)ရှိ အန္တရာယ်ရှိကျောင်းဆောင်အား ဖျက်သိမ်းပြီး နှစ်ထပ်ကျောင်းဆောင်သစ် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ"** မေးခွန်းများနှင့် စပ်လျဉ်း၍လည်း ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက ဘဏ္ဍာငွေရရှိမှုအခြေအနေနှင့် ဆောင်ရွက်ပေးမည့် အစီအမံများကို ရှင်းလင်းဖြေကြားသည်။

ထို့နောက် ဥပဒေကြမ်းကော်မတီဝင် စိုင်းထွန်းအောင်က ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပေးပို့လာသော **"ဥပဒေဆိုင်ရာအထောက်အကူပေးရေး ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း"**နှင့် စပ်လျဉ်း၍ လေ့လာတွေ့ရှိချက်နှင့် သုံးသပ်ချက်များပါဝင်သော ကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားသည်။

ယင်းနောက် လွှတ်တော်ဥက္ကဋ္ဌက ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်နှင့် တင်ပြချက်များကို တစ်ပိုဒ်ချင်းစီ လွှတ်တော်၏ အဆုံးအဖြတ်ရယူ၍ အတည်ပြုခဲ့သည်။

**"စာရင်းအင်း ဥပဒေကြမ်း"**နှင့် စပ်လျဉ်း၍ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၂)မှ ဦးဌေးဦးက မူဝါဒချမှတ်သူများနှင့် စီမံကိန်းရေးဆွဲသူများသည် စာရင်းအင်းပါ အချက်အလက်များအပေါ် အခြေပြုပြီး မူဝါဒနှင့် စီမံကိန်းများ ရေးဆွဲချမှတ်ခြင်း ဖြစ်သည့်အတွက် အခြေခံစာရင်းအင်း အချက်အလက်များသည် တိုင်းပြည်အတွက် အလွန်အရေးကြီးပါကြောင်း၊ ထို့ကြောင့် စာရင်းအင်း ဥပဒေတစ်ရပ်ရေးဆွဲပြီး စာရင်းအင်းများကို အသေအချာပြုစုနိုင်ရန်အတွက် ကြိုးပမ်းဆောင်ရွက်ခဲ့ခြင်းဖြစ်ပါကြောင်း၊ စာရင်းအင်း အချက်အလက်များသည် တိုင်းပြည်ပြိုကွဲပျက်စီးစေနိုင်သည်အထိ အရေးကြီးပါကြောင်း။

၁၉၈၈ ခုနှစ်က ဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံနှင့် ပြည်ထောင်စုဆိုရှယ်လစ်ဆိုဗီယက် ရုရှားနိုင်ငံများသည် စာရင်းအမှား၊ ကိန်းဂဏန်းအမှားများ၊ အောက်ခြေမှ လိမ်လည်ပြုစုတင်ပြသည့် အချက်အလက်များအပေါ်တွင် အခြေပြုဆောင်ရွက်ခဲ့သည့်အတွက် နိုင်ငံပြိုကွဲပျက်စီးသည့်အထိ ဖြစ်ခဲ့ရသည့် ကမ္ဘာ့သာဓကများ ရှိခဲ့ပါကြောင်း၊ အဓိကအားဖြင့် တာဝန်ရှိသူများဖြစ်သည့် စာရင်းအင်းဆိုင်ရာ အချက်အလက်များ ကောက်ယူစုဆောင်းသူနှင့် ၎င်းတို့၏ အထက်အဆင့်ဆင့်ရှိ ဗဟိုကော်မတီဝင်များသည် လွန်စွာတာဝန်ကြီးလေးလှပါကြောင်း၊ ၎င်းတို့အထဲမှ တစ်ဦးဦးသည် မကောင်းသောရည်ရွယ်ချက်ဖြင့် မမှန်သည်ကိုသိလျက် စာရင်းအင်းအချက်အလက်များကို ပြင်ဆင်ဖြည့်စွက်ခြင်း၊ ဖြည့်သွင်းခြင်း၊ ဖော်ပြအသုံးပြုခြင်းနှင့် ကြေညာခြင်းတို့ကို ဆောင်ရွက်ပါက တိုင်းပြည်အတွက် အထက်ပါ သာဓကများကဲ့သို့ မူဝါဒအမှားများ၊ စီမံကိန်းအမှားများ ရေးဆွဲမိမည်ဖြစ်ပါကြောင်း၊ ထိုအခါ တိုင်းပြည်လည်း အထိနာမည်ဖြစ်ကြောင်း၊ ထို့ကြောင့် စာရင်းအင်းနှင့်ပတ်သက်၍ တာဝန်ရှိသူအားလုံး သိလျက်နှင့် မကောင်းသည့်စိတ်ဓာတ်ဖြင့် ထိုသို့မလုပ်ရဲအောင် ဥပဒေတွင် တားမြစ်ထားသည့်အချက် မပါရှိခြင်းသည် တိုင်းပြည်အတွက် လွန်စွာအရေးကြီးပါကြောင်းနှင့် ပြစ်ဒဏ်နှင့် ငွေဒဏ်များ ပြင်ဆင်ပြဋ္ဌာန်းရန် လိုအပ်ပါကြောင်း ဆွေးနွေးသည်။

ထို့နောက် လွှတ်တော်ဥက္ကဋ္ဌက ဆွေးနွေးချက်နှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက ပြန်လည်ကြားနာဆောင်ရွက်ရန် ဆုံးဖြတ်ခဲ့သည်။ **မော်စီ၊ ဝေသူနွယ်၊ မွှေးကြူဇင် (သတင်းစဉ်)**

# ပြည်သူလူထု၏ အလိုအပ်ဆုံးသော ထာဝရငြိမ်းချမ်းရေးရရှိအောင် ပူးပေါင်းဆောင်ရွက်

**နေပြည်တော် ဖေဖော်ဝါရီ ၂၈**

ရှမ်းပြည်နယ် အရှေ့မြောက်ဒေသ၌ နိုဝင်ဘာလအတွင်းက ဖြစ်ပွားခဲ့သည့် မုံးကိုးဖြစ်စဉ်များနှင့် ရခိုင်ပြည်နယ် မြောက်ပိုင်း၌ အောက်တိုဘာလအတွင်းက ဖြစ်ပွားခဲ့သည့် နယ်ခြားစောင့်ရဲတပ်ဖွဲ့စခန်းများကို အကြမ်းဖက်စီးနင်းတိုက်ခိုက်ခဲ့မှုဖြစ်စဉ်များနှင့် စပ်လျဉ်း၍ သတင်းစာရှင်းလင်းပွဲကို ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)ဘုရင့်နောင်ရိပ်သာ၌ ကျင်းပရာ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မြထွန်းဦး တက်ရောက်ရှင်းလင်း ပြောကြားသည်။ **(ယာပုံ)**



သတင်းစာရှင်းလင်းပွဲ၌ ဗိုလ်ချုပ်ကြီး မြထွန်းဦးက ၂၀၁၆ ခုနှစ် အောက်တိုဘာ ၁၀ရက်တွင် ဖုန်တာရှင်သည် ကိုးကန့်ဒေသအတွင်းသို့ ပြန်လည်အခြေချလှုပ်ရှားနိုင်ရန်နှင့် မုံးကိုး၊ ဖောင်းဆိုင်နယ်မြေအတွင်း အခြေခံနယ်မြေတည်ဆောက်ရန် KIA၊ MNDAA၊ TNLA အင်အား ၁၀၀၀ ခန့်ဖြင့် တပ်ပေါင်းစုအမည်ခံ၍ လှုပ်ရှားဆောင်ရွက်ရန် ညှိနှိုင်းစီစဉ်ခဲ့သည်ကို သတင်းရရှိခဲ့ပါကြောင်း၊ နိုဝင်ဘာလ ဒုတိယအပတ်တွင် MNDAAအဖွဲ့မှ ဖုန်တာရှင် ခေါင်းဆောင်သော အင်အား ၃၀၀ ခန့်က ဟုံအိုင်မှ မုံးကိုးနယ်မြေအတွင်းသို့ ရောက်ရှိပြီး မုံးကိုးဒေသအား သိမ်းပိုက်ရန်နှင့် မူဆယ်မြို့အား စီးနင်းတိုက်ခိုက်ရန် စီစဉ်ဆောင်ရွက်ခဲ့ပါကြောင်း၊ နိုဝင်ဘာ ၂၀ ရက်တွင် မုံးကိုးစခန်းသို့ KIAနှင့် MNDAA တို့ အင်အား ၂၀၀ ခန့်က လေးနေရာခွဲ၍ ဝင်ရောက်တိုက်ခိုက်ခဲ့ပါကြောင်း၊ ထို့အပြင် မန်ကန်စခန်း၊ ဖောင်းဆိုင်စခန်း၊ ၁၀၅ မိုင် ကုန်သွယ်ရေးဇုန်၊ မူဆယ်တပ်စခန်း၊ မူဆယ်ရဲကင်း၊ ကြူကုတ်(ပန်ဆိုင်း)စခန်း၊ နမ့်ပေါ်တံတား၊ မုံးပေါ်စခန်းတို့အား ဝင်ရောက်တိုက်ခိုက်ခဲ့ပါကြောင်း၊ နိုဝင်ဘာ ၂၂ ရက်တွင် မုံးကိုးစခန်းသို့ ထပ်မံတိုက်ခိုက်ခဲ့ပြီး ဒီဇင်ဘာ ၁ ရက်တွင် အင်အား ၅၀၀ ခန့်သာလွန် အင်အားအသုံးပြုပြီး အနီးကပ်တိုက်ပွဲများ ပြုလုပ်ခဲ့ပါကြောင်း၊ မြေဖြုတ်ကျင်းများ ပိတ်ဆို့ဆောင်ရွက်ခဲ့ပါကြောင်း၊ KIA၊ MNDAA၊ TNLA၊ AA တို့ ပူးပေါင်းအဖွဲ့များ၏ လက်နက်ကြီးများဖြင့် ပစ်ခတ်ခြင်း၊ မိုင်းထောင်ခြင်း၊ တံတားများ မိုင်းခွဲဖျက်ဆီးခြင်းများကြောင့် ဒေသခံပြည်သူများ သေဆုံးပြီး ဒဏ်ရာရရှိခဲ့ပါကြောင်း။

လားရှိုး-မူဆယ် ပြည်ထောင်စုလမ်းမကြီး တစ်လျှောက်တွင်လည်း ကုန်တင်ယာဉ်များအား မီးရှို့ခြင်း၊ လမ်းကြောင်းပိတ်ဆို့ခြင်းများ ခုနစ်ကြိမ်ဆောင်ရွက်ခဲ့ပြီး ယာဉ်မောင်းနှစ်ဦးနှင့် အပြစ်မဲ့ပြည်သူနှစ်ဦးတို့အား အကြောင်းမဲ့ သတ်ဖြတ်ခဲ့ပါကြောင်း၊ ၁၀၅ မိုင် ကုန်သွယ်ရေးဇုန်ကို ငါးရက်ကြာ တိုက်ခိုက်မှုကြောင့် ကုန်စည်စီးဆင်းမှုရပ်နားခဲ့ရပြီး ငါးရက်တာကာလအတွင်း တိုင်းပြည်အတွက် ဒေါ်လာ သန်း ၉၀ ဒသမ ၅၅၅ ထိခိုက်နစ်နာခဲ့ပါကြောင်း၊ မုံးကိုးဒေသသည် မဟာဗျူဟာအရ အရေးပါသော နေရာဖြစ်ပါကြောင်း၊ မုံးကိုးဒေသကိုရရှိပါက တရုတ်-မြန်မာ အဓိက ကုန်သွယ်ရေးလမ်းကြောင်းကို ခြိမ်းခြောက်နိုင်မည်ဖြစ်ခြင်း၊ တစ်ခုတည်းသော ဆက်သွယ်ရေးလမ်းကြောင်းကို ဖြတ်တောက်ထားပါက တပ်မတော်စစ်ကူ၊ စစ်ကြောင်းများရောက်ရှိရန် ကြန့်ကြာနိုင်ခြင်း၊ နယ်စပ်ဒေသဖြစ်၍ မိမိလက်နက်ကြီးဖြင့် လေကြောင်းပစ်ကူပေးရန် ကန့်သတ်ချက်များ ရှိနိုင်ခြင်းတို့ကို သုံးသပ်၍ မြောက်ပိုင်းမဟာမိတ်အဖွဲ့အနေဖြင့် မုံးကိုးဒေသကို ဝင်ရောက်တိုက်ခိုက်ခြင်း ဖြစ်နိုင်ပါကြောင်း။





တပ်မတော်စစ်ကြောင်းများကို ပြည်သူလူထုမှ ရိက္ခာနှင့် ရေများ လှူဒါန်းစဉ်

သို့သော်လည်း တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာ၊ နယ်မြေဒေသ တည်ငြိမ်အေးချမ်းရေး၊ ဒေသခံပြည်သူများဘဝ လုံခြုံစိတ်ချမှုရှိစေရေး၊ နိုင်ငံတော်၏အုပ်ချုပ်မှုယန္တရားများ မထိခိုက်စေရေး၊ နိုင်ငံတော်၏ ကျင့်သုံးဆောင်ရွက်လျက်ရှိသော ပါတီစုံဒီမိုကရေစီစနစ်ကို ဥပဒေနှင့်အညီ သာယာဖြောင့်ဖြူးစွာ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် မုံးကိုးနယ်မြေအား ၂၀၁၆ ခုနှစ် နိုဝင်ဘာလမှစပြီး စစ်ဆင်ရေးနှင့် လုံခြုံရေးများကို ဆောင်ရွက်ခဲ့ရပါကြောင်း၊ ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရာတွင် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးရရှိရေးသည် အဓိကအခန်းကဏ္ဍတွင် ပါဝင်လျက်ရှိပါကြောင်း၊ တိုင်းရင်းသားပေါင်းစုံဖြင့် စုစည်းထားသည့် တပ်မတော်အနေဖြင့် မည်သည့်ခွဲခြားမှုမျှမရှိဘဲ နိုင်ငံတော်တိုးတက်ဖွံ့ဖြိုးမှုနှင့် တိုင်းရင်းသားများ၏ လူမှုအကျိုးစီးပွားတိုးတက်မှုကို ကျရာအခန်းကဏ္ဍမှ အဓိကဖော်ဆောင်သွားမည်ဖြစ်ကြောင်း၊ ငြိမ်းချမ်းရေးတည်ဆောက်ရာတွင် နောက်ကြောင်းပြန်တောင်းဆိုမှုများထက် အနာဂတ်ကို မျှော်တွေးပြီး ပြည်သူလူထု၏ အလိုအပ်ဆုံးသော ထာဝရငြိမ်းချမ်းရေးရရှိအောင် ပူးပေါင်းဆောင်ရွက်သွားရန် တိုက်တွန်းလိုပါကြောင်း ပြောကြားသည်။

ထို့အပြင် ဗိုလ်ချုပ်ကြီး မြထွန်းဦးက မုံးကိုးဒေသတွင် ၁၉၆၇ ခုနှစ်မှစ၍ ဗကပတို့ လှုပ်ရှားခဲ့မှု၊ ၁၉၈၅ ခုနှစ်တွင် တစ်ဖက်နိုင်ငံမှ အကူအညီဖြတ်တောက်ခဲ့သည့်အတွက် စစ်ရေး၊ စီးပွားရေးနှင့် အုပ်ချုပ်ရေးတို့တွင် ဗကပတို့ ဩဇာကျဆင်းခဲ့မှု၊ ဖုန်အုပ်စုနှင့် ရန်အုပ်စု အရေးအခင်းဖြစ်ပွားခဲ့မှု၊ လောက်ကိုင်အရေးအခင်းဖြစ်ပွားခဲ့မှု၊ ဖုန်ကြားရှင်အား နိုင်ငံတော်မှ လွတ်ငြိမ်းချမ်းသာခွင့်ပေးခဲ့မှု၊ ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလအတွင်း လောက်ကိုင်ဒေသသို့ လက်နက်ကိုင်များ ဝင်ရောက်တိုက်ခိုက်မှု၊ MNDAA အဖွဲ့ မုံးကိုးဒေသသို့ ဝင်ရောက်လှုပ်ရှားခဲ့မှုတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဗိုလ်ချုပ်ကြီး မြထွန်းဦးက ရခိုင်ပြည်နယ်ဖြစ်စဉ်နှင့် စပ်လျဉ်း၍ ပြောကြားရာတွင် ၂၀၁၆ ခုနှစ် အောက်တိုဘာ ၉ ရက်တွင် ကျီးကန်းပြင်၊ ကိုးတန်ကောက်၊ ငါးခူရစခန်းတို့အား အကြမ်းဖက်သမားများ ဝင်ရောက်စီးနင်းခဲ့မှု၊ ယင်းဖြစ်စဉ်ကြောင့် ရဲတပ်ဖွဲ့ဝင်များ သေဆုံးခဲ့မှုနှင့် လက်နက်မျိုးစုံဆုံးရှုံးခဲ့မှု၊ အကြမ်းဖက်သမားများ ဖမ်းဆီးရရှိမှု၊ နိုဝင်ဘာ ၁၂ ရက်တွင် တပ်မတော်နှင့် နယ်ခြားစောင့်ရဲတပ်ဖွဲ့ ပူးပေါင်းစစ်ကြောင်းမှ မယင်းတောင်ကျေးရွာရောက်ရှိစဉ် အကြမ်းဖက်သမားများနှင့် ထိတွေ့မှုဖြစ်ပွားခဲ့မှု၊ ဂွဆုံကျေးရွာအနီး အကြမ်းဖက်သမား ၈၀၀ ခန့်က တပ်မတော်စစ်ကြောင်းအား ဝိုင်းပတ်တိုက်ခိုက်ခဲ့သဖြင့် ယာယီတပ်ရင်းမှူးတစ်ဦး ကျဆုံးခဲ့မှုနှင့် စစ်သည်တစ်ဦး ဒဏ်ရာရရှိခဲ့မှု။

အကြမ်းဖက်တိုက်ခိုက်မှု ဖြစ်စဉ်သည် RSO အကြမ်းဖက်အဖွဲ့နှင့် မောင်တောဒေသတွင် လှုပ်ရှားခဲ့သည့် Aqa Mul Mujahidin အဖွဲ့၏ ဆောင်ရွက်ချက်ဖြစ်ကြောင်း၊ ဦးဆောင်သူမှာ မောင်တောမြို့နယ် ကျောက်ပြင်ဆိပ်ကျေးရွာနေ ဟာဗစ်တူဟာရ်ဖြစ်ပြီး ပါကစ္စတန်နိုင်ငံရှိ တာလီဘန်များထံ ခြောက်လသင်တန်း တက်ရောက်ခဲ့သူဖြစ်ကြောင်း၊ ဟာဗစ်တူဟာရ်က လူမှုကွန်ရက်မှတစ်ဆင့် ဝါဒဖြန့်ဗီဒီယိုများ ထုတ်လွှင့်ခဲ့မှု၊ မောင်တောဒေသတွင် အကြမ်းဖက်သမားများက အပြစ်မဲ့ပြည်သူများအား ဖမ်းဆီးသတ်ဖြတ်မှုဖြစ်စဉ်များ၊ ဘူးသီးတောင်နှင့် မောင်တောကျေးရွာများအတွင်း ဌာနဆိုင်ရာနှင့် ပညာရေးဝန်ထမ်းများအား ရဟတ်ယာဉ်များဖြင့် ပြောင်းရွှေ့ပေးခဲ့မှု၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် မောင်တောမြို့နယ်အတွင်းရှိ ဒေသခံများအား သွားရောက်တွေ့ဆုံအားပေးခဲ့မှု၊ ပြည်ပနိုင်ငံသတင်းမီဒီယာများနှင့် အဖွဲ့အစည်းများ၏ တစ်ဖက်သတ် စွပ်စွဲဖော်ပြချက်များ၊ ဂျီနီဗာအခြေစိုက် လူ့အခွင့်အရေးဆိုင်ရာ ကော်မရှင်နာမင်းကြီးရုံး၏ အစီရင်ခံစာထုတ်ပြန်ခဲ့မှု၊ ပြည်ပနိုင်ငံအချို့မှ အစိုးရအဖွဲ့၊ ပါတီအဖွဲ့အစည်းများ၊ မြန်မာသံရုံးများရှေ့တွင် ဆန္ဒဖော်ထုတ်ခဲ့မှုများ၊ ရခိုင်ပြည်နယ်အရေးနှင့် ပတ်သက်၍ အကြံပေးကော်မရှင်၊ စုံစမ်းစစ်ဆေးရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်ခဲ့မှု၊ ရခိုင်ပြည်နယ်အတွင်း လူ့အခွင့်အရေးချိုးဖောက်မှုအပါအဝင် ဥပဒေနှင့်မညီသော ဖြစ်စဉ်ဖြစ်ရပ်များ ရှိ/မရှိ စုံစမ်းစစ်ဆေးရန်အတွက် တပ်မတော်စစ်ဆေးရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီး အေးဝင်းနှင့် အဖွဲ့ဝင်များဖြင့် ဖွဲ့စည်းဆောင်ရွက်နေမှု၊ မစ္စတာ ကိုဖီအာနန် ဦးဆောင်သောအဖွဲ့ ရခိုင်ပြည်နယ်အတွင်း ကွင်းဆင်းစစ်ဆေးတွေ့ရှိချက်များ၊ ရခိုင်ပြည်နယ်မောင်တော ဒေသစုံစမ်းစစ်ဆေးရေးကော်မရှင် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ မြေပြင်ကွင်းဆင်းစစ်ဆေးမှုများ၊ သံရုံးသံတမန်များနှင့် ကုလသမဂ္ဂလူသားချင်းစာနာမှုဆိုင်ရာ အဖွဲ့များ မောင်တောဒေသသို့ ရောက်ရှိစဉ် တွေ့ရှိချက်များ၊ မြန်မာနိုင်ငံ လူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ မစ္စ ရန်ဟီလီ၏ ရခိုင်ပြည်နယ်ခရီးစဉ်တွင် ဒေသခံများနှင့် တွေ့ဆုံမေးမြန်းချက်၊ သတင်းထောက်များနှင့် တွေ့ဆုံစဉ်ပြောကြားချက်များ၊ လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးမှု အခြေအနေသုံးသပ်တွေ့ရှိချက်များနှင့် စပ်လျဉ်း၍ အသေးစိတ်ရှင်းလင်းပြောကြားခဲ့ပြီး သတင်းမီဒီယာများ၏ မေးမြန်းချက်များကို ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။ **(သတင်းစဉ်)**

# အဌမတန်းနောက်ဆုံးနေ့စာမေးပွဲ မောင်တောမြို့နယ်၌ အောင်မြင်စွာကျင်းပပြီးစီး

**မောင်တော ဖေဖော်ဝါရီ ၂၈**

မောင်တောမြို့နယ်အတွင်းရှိ စာသင်ကျောင်းများတွင် ဖွင့်လှစ်ထားရှိသည့် စာစစ်ဌာနများ၌ အဌမတန်း ကျောင်းသားကျောင်းသူများအတွက် အတန်းတင်စာမေးပွဲ နောက်ဆုံးနေ့အဖြစ် ယနေ့ နံနက်ပိုင်းတွင် သက်ဆိုင်ရာ ကျောင်းအသီးသီး၌ ကျင်းပသည်။

စာမေးပွဲ နောက်ဆုံးရက်တွင် မောင်တောမြို့အထက(၂) စာစစ်ဌာန၌ ကျောင်းသား ကျောင်းသူ ၃၃၈ ယောက်လာရောက်ဖြေဆိုကြောင်း သိရသည်။

"အဌမတန်းတွေအတွက် ဒီနေ့က စာမေးပွဲဖြေဆိုရက် နောက်ဆုံးနေ့ဖြစ်ပါတယ်။ အောင်ချက်မြင့်မားရေးအတွက် ဒီကျောင်းမှာရှိတဲ့ ဆရာ ဆရာမတွေရော အကျိုးတော်ဆောင်တွေပါ အကုန်လုံး စည်းစည်းလုံးလုံးနဲ့ ဝိုင်းဝန်းလုပ်ဆောင်ကြတဲ့အတွက် အောင်မြင်မှုတွေရရှိပါတယ်။ ပူးပေါင်းလုပ်ဆောင်တဲ့အတွက် အခက်အခဲလည်း မရှိပါဘူး။ အဲဒီလို ဝိုင်းဝန်းလုပ်ဆောင်ကြတဲ့အတွက် ကျွန်မတို့ ကျောင်းက ပညာထူးချွန်တဲ့ ကျောင်းသူ ကျောင်းသားတွေ ထွက်ရှိပါတယ်"ဟု မောင်တောအထက(၂) ကျောင်းအုပ်ဆရာမကြီး ဒေါ်လှမေသိန်းက ပြောသည်။

"ကျွန်တော့်နာမည်က မောင်မင်းမြတ်သိန်းပါ။ အဌမတန်း A ခန်းကပါ။ နှစ်စကနေ ပုံမှန်ကြိုးစားလာတာပါ။ စာမေးပွဲဖြေဆိုရတာ အခက်အခဲတော့မရှိပါဘူး။ အခုလို စာမေးပွဲကြီးကို အောင်အောင်မြင်မြင်နဲ့ ဖြေဆိုနိုင်အောင် သင်ကြားပြသပေးခဲ့တဲ့ ဆရာ ဆရာမများ အားလုံးကိုလည်း ကျေးဇူးတင်ပါတယ်။ မြန်မာတစ်နိုင်ငံလုံးမှာ ဖြေဆိုနေကြတဲ့ စတုတ္ထတန်း၊ အဌမတန်း ကျောင်းသား ကျောင်းသူအားလုံး စာမေးပွဲဖြေဆိုနိုင်ကြပါစေ။"

"ကျွန်မနာမည်က မဖူးပြည့်စုံပါ။ စာမေးပွဲဖြေဆိုရက်ခြောက်ရက်လုံးမှာ ဘာသာရပ်အားလုံးကို ကောင်းမွန်စွာ ဖြေဆိုနိုင်ပါတယ်။ စာကို နှစ်စကတည်းက ပုံမှန်လုပ်သွားရင် အခက်အခဲကတော့ မရှိသလောက်ပါပဲ။ အရေးအခင်းတွေ ဖြစ်ပွားပြီးတဲ့နောက်ပိုင်းမှာလည်း သွားရေးလာရေးတွေ ပုံမှန်အဆင်ပြေပါတယ်။ စာကျက်ရင်တော့ အခက်အခဲမရှိ ဖြေဆိုနိုင်မှာပါ အားလုံးဖြေဆိုနိုင်ကြပါစေလို့ ဆုတောင်းပေးလိုက်ပါတယ်" ဟု ပြောကြားခဲ့ကြသည်။



ထို့အတူ လာမည့် မတ် ၈ ရက်တွင်ကျင်းပမည့် တက္ကသိုလ်ဝင်စာမေးပွဲအတွက်လည်း ကျောင်းသား ကျောင်းသူများအားလုံး အခက်အခဲမရှိ အဆင်ပြေချောမွေ့စွာ ဖြေဆိုနိုင်ရေးအတွက် မောင်တောမြို့နယ်အတွင်းရှိ ကျောင်းအသီးသီးမှ တာဝန်ရှိဆရာ ဆရာမများက ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**အေးမြ(မန္တလေး)၊ အေးမင်းသူ**

# ဆိုမာလီပြည်သူများအတွက် ကျန်းမာရေးအကူအညီပေးရန် ကန်ဒေါ်လာ ၁၀ သန်းလိုအပ်လျက်ရှိ

**ဂျီနီဗာ ဖေဖော်ဝါရီ ၂၈**

ဆိုမာလီနိုင်ငံရှိ ပြည်သူ ၁ ဒသမ ၅ သန်းအတွက် လတ်တလောတွင် မိုးခေါင်ရေရှားအခြေအနေနှင့် စားနပ်ရိက္ခာအခက်အခဲများကြောင့် ကျန်းမာရေးဆိုးရွားနေမှုများကို ဖြေရှင်းပေးနိုင်ရန်အတွက် အမေရိကန်ဒေါ်လာ ၁၀ သန်းလိုအပ်လျက်ရှိကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့(ဒဗလျူအိတ်ချ်အို)က မကြာ သေးမီက ပြောကြားလိုက်သည်။

ယင်းငွေပမာဏသည် ရောဂါဘယဖြစ်ပွားနေသည့်ဒေသများတွင် ကျန်းမာရေးစောင့်ရှောက်မှုပေးရန် ကုလသမဂ္ဂအရေးပေါ်စီအနေဖြင့် ၂၀၁၇ ပထမခြောက်လအတွက် အသုံးပြုသွားရန်တောင်းခံခြင်းဖြစ်ကြောင်း ဒဗလျူအိတ်ချ်အိုက ပြောခဲ့သည်။

ဆိုမာလီယာနိုင်ငံ၌ လက်ရှိတွင် မိုးခေါင်ရေရှားမှု၊ ပတ်ဝန်းကျင် အန္တရာယ်ဆိုးရွားမှု၊ ကျန်းမာရေးအခြေအနေ နိမ့်ကျလာမှုများကြောင့် စိုးရိမ်ဖွယ်အနေအထားရောက်ရှိနေပြီဖြစ်ကြောင်း မြေထဲပင်လယ် အရှေ့ပိုင်းဒေသဆိုင်ရာ ဒဗလျူအိတ်ချ်အို ညွှန်ကြားရေးမှူး မာမော့ဒ်ဖစ်ကီရီက မိုဂါဒစ်ရှူးတွင် ယမန်နေ့က ထုတ်ပြန်ကြေညာခဲ့သည်။




မိုဂါဒစ်ရှူးရှိ လူအများကို ရွှေ့ပြောင်းနေရာချထားပေးသည့် စခန်းများအားတွေ့ရစဉ်

ဆိုမာလီယာနိုင်ငံတွင် လူသားချင်းစာနာမှုအကူအညီပေးရေး အခြေအနေမှာ ဆက်လက်ဆိုးရွားလာနေပြီး ပြီးခဲ့သည့် ၂၅ နှစ်တာကာလအတွင်း အစာရေစာ ငတ်မွတ်မှုအခြေအနေသည် တတိယအမြင့်ဆုံးအဆင့်ထိ ရောက်ရှိလာခဲ့ကြောင်း သိရသည်။

ဆိုမာလီယာနိုင်ငံသား ထက်ဝက်ပမာဏဖြစ်သည့် ပြည်သူ ၆ ဒသမ ၂ သန်းကျော်သည် လူသားချင်းစာနာမှုအကူအညီများကို ချက်ချင်းလိုအပ်နေပြီး ၎င်းတို့ထဲမှ သုံးသန်းခန့်သည် စားနပ်ရိက္ခာပြတ်လပ်မှုများနှင့် ကြုံတွေ့နေရပြီဖြစ်သည်။ ပြည်သူ ၅ ဒသမ ၅ သန်းခန့်သည် ရေကြောင့်ဖြစ်တတ်သော ရောဂါများ ခံစားနေရကြောင်း၊ ၎င်းတို့အနက် ထက်ဝက်ကျော်မှာ အမျိုးသမီးများနှင့် အသက်ငါးနှစ်အောက် ကလေးငယ်များဖြစ်ကြောင်း သိရသည်။ **(ဆင်ဟွာ)**

## တရုတ်နှင့် အမေရိကန် ဆက်ဆံရေးမြှင့်တင်ရန်ကတိပြု

**ဝါရှင်တန် ဖေဖော်ဝါရီ ၂၈**

အမေရိကန်နိုင်ငံသို့ အလည်အပတ်ရောက်ရှိနေသည့် တရုတ်နိုင်ငံ အတိုင်ပင်ခံပုဂ္ဂိုလ် ယန်ကျဲချီအား အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က အိမ်ဖြူတော်တွင် ယမန်နေ့ညက လက်ခံတွေ့ဆုံခဲ့ပြီး နှစ်နိုင်ငံဆက်ဆံရေး အဆင့်မြှင့်တင်ရေးအတွက် ကတိပြုခဲ့ကြသည်။

တရုတ်သမ္မတရှီနှင့် အမေရိကန်သမ္မတ ထရန့်တို့ အရေးကြီးသည့် တယ်လီဖုန်း ပြောခဲ့စဉ်အတိုင်း အနာဂတ် တရုတ်-အမေရိကန် ဆက်ဆံရေး တိုးတက်မှုလမ်းကြောင်းအား လိုလားကြောင်း ယန်က ပြောကြားခဲ့သည်။ ဘုံအကျိုးစီးပွားနှင့် အဓိကကိစ္စများတွင် အလေးထား ဆောင်ရွက်ကြရန် ယန်က ပြောကြားခဲ့သည်။ ကမ္ဘာ့အရေးနှင့် ဒေသတွင်းရေးရာများတွင် စေ့စပ်ညှိနှိုင်းဆောင်ရွက်ခြင်းနှင့် နယ်ပယ်အားလုံးတွင် ပူးပေါင်းဖလှယ်မှုများ တိုးမြှင့်သွားမည်ဖြစ်ကြောင်း အမေရိကန်သမ္မတ ထရန့်က ပြောခဲ့သည်။ အမေရိကန်ဒုတိယသမ္မတ မိုက်ပန့်စ်နှင့် သမ္မတအကြီးတန်းအကြံပေး ဂျရက်ကက်ရှ်နာတို့လည်း တွေ့ဆုံပွဲသို့ တက်ရောက်ခဲ့သည်။ **(ဆင်ဟွာ)**

## မြောက်ကိုရီးယားသံတမန် တရုတ်နိုင်ငံသို့ သွားရောက်

**ပေကျင်း ဖေဖော်ဝါရီ ၂၈**

မြောက်ကိုရီးယားနိုင်ငံမှ အဆင့်မြင့်သံတမန်တစ်ဦးသည် တရုတ်နိုင်ငံနှင့် နှစ်နိုင်ငံဆက်ဆံရေး အဆင်ပြေချောမွေ့စေရေး သံတမန်ခင်းကိစ္စရပ်များ ပြောဆိုဆွေးနွေးရန်အတွက် တရုတ်နိုင်ငံသို့ သွားရောက်ခဲ့ကြောင်း သိရသည်။

မြောက်ကိုရီးယားနိုင်ငံမှ ထွက်သည့် ကျောက်မီးသွေးများ တရုတ်နိုင်ငံသို့ တင်သွင်းမှုကို ပိတ်ပင်ရန် တရုတ်နိုင်ငံက ဆုံးဖြတ်လိုက်သည့်အချိန်မှစတင်ကာ နှစ်နိုင်ငံဆက်ဆံရေးတွင် တင်းမာခက်ထန်သည့်အခြေအနေသို့ ရောက်ရှိသွားခဲ့သည်။

မြောက်ကိုရီးယား ဒုတိယနိုင်ငံခြားရေးဝန်ကြီး ရီကီဆောင်းသည် တရုတ်နိုင်ငံ ပေကျင်းမြို့သို့ အင်္ဂါနေ့က ရောက်ရှိခဲ့ပြီး တရုတ်အစိုးရအဖွဲ့က လေဆိပ်၌ သွားရောက်ကြိုဆိုစေခဲ့သည်။ တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ဂျန်ရှောင်က ပြောကြားချက်အရ မစ္စတာရီအား တရုတ်နိုင်ငံက အလည်အပတ်လာရောက်ရန် ဖိတ်ကြားခဲ့ပြီး ပေကျင်းတွင် လာရောက်လည်ပတ်နေစဉ်အတွင်း မစ္စတာရီသည် နိုင်ငံခြားရေးဝန်ကြီး ဝမ်ယီနှင့် တွေ့ဆုံရန် အစီအစဉ်ဆွဲထားကြောင်း သိရသည်။

မြောက်ကိုရီးယားနှင့်တရုတ် နှစ်နိုင်ငံတို့သည် အပြန်အလှန်အလေးထားပူပန်ရမည့်ကိစ္စရပ်များအပါအဝင် ဒေသတွင်းနှင့် နိုင်ငံတကာဆိုင်ရာအကြောင်းအရာများအပေါ် သဘောထားအမြင်ကို အပြန်အလှန် နှီးနှောဖလှယ်သွားမည်ဖြစ်ကြောင်း ဂျန်က ပြောကြားခဲ့သည်။

**(အင်န်အိတ်ချ်ကေ)**

# ကယ်လီဖိုးနီးယား၌ လေယာဉ်ပျက်ကျ၊ သုံးဦးထက်မနည်းသေဆုံး

**လော့စ်အိန်ဂျလိစ် ဖေဖော်ဝါရီ ၂၈**

ကယ်လီဖိုးနီးယားတွင် ဖေဖော်ဝါရီ ၂၈ ရက်က ရေဗာဆိုက်ရှိ လူနေရပ်ကွက်သို့ လေယာဉ်ပျက်ကျခဲ့ရာ လူသုံးဦးထက်မနည်း သေဆုံးခဲ့ပြီး အခြားနှစ်ဦးလည်း ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။

အဆိုပါလေယာဉ်တွင် ဆန်ဂျိုဆေးမှ ဇနီးမောင်နှံစုံတွဲနှင့် ၎င်းတို့၏ ဆယ်ကျော်သက် ကလေးသုံးဦး လိုက်ပါလာကြောင်း သိရပြီး အိမ်အပြန်လမ်းတွင် ထိုသို့ ပျက်ကျခဲ့ခြင်းဖြစ်သည်။

စက်စ်နာ ၃၁၀ လေယာဉ်သည် လော့စ်အိန်ဂျလိစ်အရှေ့ဘက် ကီလိုမီတာ ၁၀၀ အကွာ ရေဗာဆိုက်လေဆိပ်မှ ပျံသန်းထွက်ခွာလာခဲ့ပြီး သိပ်မကြာမီ ဒေသစံတော်ချိန် ညနေ ၄ နာရီ ၄၅ မိနစ်တွင် ပျက်ကျခဲ့ခြင်းဖြစ်ကြောင်း ဒေသဆိုင်ရာမီဒီယာများတွင် သတင်းဖော်ပြခဲ့သည်။



လေယာဉ်ပျက်ကျပြီး အစိတ်အပိုင်းများ လွင့်စဉ်ကျကာ လူနေရပ်ကွက်ရှိ အိမ်များကို မီးစွဲလောင်နေသည်ကို ဗွီဒီယိုထဲတွင် တွေ့ရသည်။

သေဆုံးသွားသူများထဲမှ တစ်ဦးမှာ လေယာဉ်ပျက်ကျရာ လူနေရပ်ကွက်မှ ဒေသခံတစ်ဦးဖြစ်မည်ဟု ခန့်မှန်းရကြောင်း၊ အခြားသေဆုံးသူများမှာ လေယာဉ်ပျက်ကျမှုမှ သေဆုံးသူများလော၊ သို့မဟုတ် လူနေရပ်ကွက်မှ ဒေသခံများ သေဆုံးခြင်းလောဆိုသည်ကို အရာရှိများက စိစစ်ဆဲဖြစ်ကြောင်း လော့စ်အိန်ဂျလိစ်တိုင်းမ်သတင်းစာတွင် ဖော်ပြထားသည်။

လေယာဉ်ပျက်ကျမှုကြောင့် လေးဦးသေဆုံးပြီး တစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း အရာရှိများက အစောပိုင်းတွင် ဖော်ပြခဲ့သည်။

**(ဆင်ဟွာ)**

# အချုပ်ကားပစ်ခတ်မှုတွင် ပါဝင်သည့် ကားတစ်စီးကို ရဲတပ်ဖွဲ့ ခြေရာခံမိ

**ကိုလံဘို ဖေဖော်ဝါရီ ၂၈**

လွန်ခဲ့သောအစောပိုင်းရက်များက သီရိလင်္ကာအချုပ်ကားပစ်ခတ်မှုတွင် ပါဝင်သည့် ကားတစ်စီးကို သီရိလင်္ကာစုံထောက်များက ဖေဖော်ဝါရီ ၂၈ ရက်က တွေ့ရှိခဲ့ကြောင်း၊ အဆိုပါပစ်ခတ်မှုတွင် လူခုနစ်ဦး သေဆုံးခဲ့ပြီး အတော်များများ ဒဏ်ရာရရှိခဲ့ကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။

ပစ်ခတ်မှုတွင် အသုံးပြုခဲ့သည့် ဗင်ကားအဖြူရောင်တစ်စီးကို ကျွန်းတောင်ဘက်တွင် ရှာဖွေတွေ့ရှိခဲ့ကြောင်း စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ပြီးနောက် ရဲတပ်ဖွဲ့က ပြောခဲ့သည်။ ကလူတာရာ တရားရုံးသို့သွားရာလမ်းတွင် အကျဉ်းသားများ တင်ဆောင်လာသော ကားကို ယင်းဗင်ကားအဖြူရောင်ပေါ်မှ သေနတ်သမားများက ပစ်ခတ်တိုက်ခိုက်ခဲ့ရာ နာမည်ကြီး လူဆိုးတစ်ဦးအပါအဝင် အကျဉ်းသားငါးဦးနှင့် အကျဉ်းဦးစီးအရာရှိ နှစ်ဦး သေဆုံးခဲ့ကြောင်း သိရသည်။

ကနဦးစုံစမ်းစစ်ဆေးချက်များအရ သေနတ်သမားများသည် ရဲယူနီဖောင်းနှင့် တူညီသည့် ဝတ်စုံများကို ဝတ်ဆင်ထားပြီး မြေအောက်လောကတွင် နာမည်ကြီးသည့် အန္တရာ အူ ဒယာ့စ်ဟန်သာ ခေါ် ဆာမယမ်သည် ပစ်ခတ်မှုတွင် သေဆုံးခဲ့ကြောင်း၊ ၎င်းကို အဓိကဦးတည်ပစ်ခတ် တိုက်ခိုက်ခြင်းဖြစ်ကြောင်း သိရသည်။ ဆာမယမ်ကို ဦးတည်ပစ်ခတ်တိုက်ခိုက်ခြင်းသည် ပထမအကြိမ်မဟုတ်ကြောင်း၊ လွန်ခဲ့သော ၂၀၁၅ ခုနှစ် စက်တင်ဘာလကလည်း ထိုသို့ ဦးတည်တိုက်ခိုက်ခြင်းခံခဲ့ရကြောင်း သိရသည်။ ယင်းဖြစ်စဉ်ကို စုံစမ်းရန် အထူးရဲတပ်ဖွဲ့ကို တာဝန်ပေးအပ်ထားကြောင်း သိရသည်။

**(ဆင်ဟွာ)**

# လတ်တလောနိုင်ငံရေးအကျည်းတန်မှုများရှိနေသော်လည်း အလားအလာကောင်းများရှိကြောင်း သမ္မတဟောင်း ဘုရှ်ပြောကြား




**ဝါရှင်တန် ဖေဖော်ဝါရီ ၂၈**

အမေရိကန်သမ္မတဟောင်း ဂျော့ဒဗလျူဘုရှ်သည် အမေရိကန်သမ္မတသစ် ဒေါ်နယ်ထရန့်လက်ထက်၌ ဝါရှင်တန်တွင် ဖြစ်ပွားနေသည့် နိုင်ငံရေးအခြေအနေများသည် အတော်လေးဆိုးရွားသည့် အခြေအနေတွင်ရှိကြောင်း ဖော်ပြခဲ့ပြီး နိုင်ငံရေးဆိုင်ရာ ပြိုကွဲမှုများရှိနေသော်လည်း အမေရိကန်အနေဖြင့် ရုန်းထွက်နိုင်လိမ့်မည်ဟု ယုံကြည်ထားကြောင်း အကောင်းမြင်ရှုထောင့်ဖြင့် ပြောကြားခဲ့သည်။

အသက် ၇၀ ရှိပြီဖြစ်သည့် ဘုရှ်သည် ၎င်းအနေဖြင့် လူမျိုးရေးခွဲခြားမှုများကို လုံးဝမနှစ်မြို့ကြောင်းနှင့် ပြည်သူများ သွေးကွဲခြင်း ဝေးကွာခြင်းကို လုံးဝရှုတ်ချကြောင်း၊ ထိုသို့သောအဖြစ်မျိုးကို မည်သူမျှလည်း နှစ်သက်မည်ဟု မထင်မိကြောင်း သောကြာနေ့က People Magazine နှင့် အင်တာဗျူး အမေးအဖြေပြုလုပ်စဉ် ဖြေကြားခဲ့သည်။

တိုင်းရေးပြည်ရေးအခြေအနေများ မည်မျှရှုပ်ထွေးနေသော်လည်း နိုင်ငံ၏ ရှေ့ဆက်ချီတက်နေသည့် ဦးတည်ရာလမ်းကြောင်းနှင့် ပတ်သက်၍ ပူပန်စိုးရိမ်ကြောင့်ကြမှုကို စိုးစဉ်းမျှမခံစားရဟု ၎င်းက ဆိုသည်။ နိုင်ငံရေးဆိုင်ရာ အဆုံးသတ်ကာလအတွက် ကောင်းမွန်သောရလဒ်များကိုသာ မျှော်လင့်ထားပြီး အခက်အခဲဒုက္ခများကို ကျော်လွှားနိုင်လိမ့် မည်သာဖြစ်ကြောင်း သမ္မတဟောင်း ဘုရှ်က ပြောကြားခဲ့သည်။ **(ရိုက်တာ)**

# ကြားဖြတ်ရွေးကောက်ပွဲအတွက် ဆန္ဒမဲလက်မှတ်များ တိုင်းဒေသကြီးနှင့်ပြည်နယ်များသို့ ဖြန့်ဝေ

**သတင်း- ကျော်သူဝင်း**

**ဓာတ်ပုံ- သက်ထက်**

**နေပြည်တော် ဖေဖော်ဝါရီ ၂၈**

မကြာမီကျင်းပတော့မည့် ၂၀၁၇ ကြားဖြတ်ရွေးကောက်ပွဲအတွက် ဆန္ဒမဲလက်မှတ်များကို ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန နေပြည်တော်ပုံနှိပ်စက်ရုံမှ သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ ဖေဖော်ဝါရီ ၂၈ ရက်တစ်ရက်တည်း စတင်ဖြန့်ဝေပေးလျက်ရှိကြောင်း သိရသည်။

ကြားဖြတ်ရွေးကောက်ပွဲကျင်းပမည့် မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့အတွက် ဆန္ဒမဲလက်မှတ်များကို သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ ရွေးကောက်ပွဲအရာရှိများက ကြီးကြပ်ပြီး လာရောက်ထုတ်ယူကြောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ပြည်သူ့လွှတ်တော် မဲဆန္ဒနယ်ကိုးနယ်အတွက် ဆန္ဒမဲလက်မှတ်ပေါင်း ၁၂၅၃၀၀ စောင်၊ အမျိုးသားလွှတ်တော် မဲဆန္ဒနယ်သုံးနယ်အတွက် ဆန္ဒမဲလက်မှတ်ပေါင်း ၇၄၀၅၅၀ စောင်နှင့် တိုင်းဒေသကြီး/ ပြည်နယ်လွှတ်တော် မဲဆန္ဒနယ် ခုနစ်နယ်အတွက် ဆန္ဒမဲလက်မှတ်ပေါင်း ၂၃၃၂၀၀ စောင်ဖြစ်ပြီး လွှတ်တော်သုံးရပ်ပေါင်း စုစုပေါင်း ဆန္ဒမဲလက်မှတ် ၂၂၂၅၀၅၀ စောင်ဖြစ်ကြောင်း သိရသည်။



ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ တာဝန်ရှိသူများထံ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာနမှ တာဝန်ရှိသူများက ဆန္ဒမဲလက်မှတ်များ စနစ်တကျ လွှဲပြောင်းစဉ်

"ကျွန်တော်တို့ နေပြည်တော် ပုံနှိပ်စက်ရုံမှ ကြားဖြတ်ရွေးကောက်ပွဲအတွက် ဆန္ဒမဲလက်မှတ်တွေကို ကျင်းပမယ့် သက်ဆိုင်ရာတိုင်းဒေသကြီးနဲ့ ပြည်နယ်တွေကို ဒီနေ့တစ်ရက်တည်းအပြီး ဖြန့်ဝေပေးတာ ဖြစ်ပါတယ်။ လာရောက်ထုတ်ယူတဲ့ တိုင်းဒေသကြီးနဲ့ ပြည်နယ်များမှ ရွေးကောက်ပွဲအရာရှိတွေထံ စနစ်တကျ ထုတ်ပေးတာဖြစ်ပါတယ်။ မော်တော်ယာဉ်တွေနဲ့ လာရောက်ထုတ်ယူတာဖြစ်တဲ့အတွက် ဆန္ဒမဲလက်မှတ်တွေကို ပျက်စီးဆုံးရှုံးမှုတွေ မဖြစ်ပေါ်စေရေးအတွက် အထုပ်တစ်ထုပ်ကို ပီနံအိတ်နှစ်အိတ်ထပ်ပြီး ချုပ်ပေးထားပါတယ်။ ပီနံအိတ်တစ်အိတ်ကို ရေစိုခံအိတ် အသုံးပြုထားတာကြောင့် မိုးမိတာတို့၊ ရေထိတာတို့ကို ခံနိုင်ပါတယ်။ ယာဉ်ပေါ်မှာလည်းမပျက်စီးစေရေးအတွက် အခင်း၊ အကာ၊ အမိုးတွေနဲ့ စနစ်တကျ ပြုလုပ်ထားပါတယ်"ဟု ပုံနှိပ်ရေးနှင့် ထုတ်ဝေရေး ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးထွန်းထွန်းနိုင်က ပြောပြသည်။

၂၀၁၇ ခုနှစ် ဧပြီ ၁ ရက်တွင် ကျင်းပမည့် ကြားဖြတ်ရွေးကောက်ပွဲအတွက် ဆန္ဒမဲလက်မှတ်များကို နေပြည်တော်ပုံနှိပ်စက်ရုံ၌ ဇန်နဝါရီ ၂၀ ရက်က စတင်ပုံနှိပ်ခဲ့ရာ ဇန်နဝါရီလကုန်တွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ လွှဲပြောင်းအပ်နှံခဲ့သည်။ ဖေဖော်ဝါရီ ၂၈ ရက်တွင် ကြားဖြတ်ရွေးကောက်ပွဲကျင်းပမည့် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့်ပြည်နယ်တို့သို့ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

၂၀၁၇ ခုနှစ် ဧပြီ ၁ ရက်တွင် ကျင်းပပြုလုပ်မည့် ကြားဖြတ်ရွေးကောက်ပွဲတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ မြန်မာနိုင်ငံသား နှစ်သန်းကျော်က လွှတ်တော်ကိုယ်စားလှယ်လောင်း ၉၅ ဦးအနက် ၁၉ ဦးကို ရွေးချယ်ကြရမည်ဖြစ်သည်။



တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးသို့ ဖြန့်ဝေမည့်ဆန္ဒမဲလက်မှတ်များယာဉ်ပေါ်သို့ တင်နေသည်ကို တွေ့ရစဉ်

# မြန်မာစီးပွားရေးလုပ်ငန်းများတိုးတက်ရန် ထိုင်းနှင့်ပူးပေါင်းမည်

**ရန်ကုန် ဖေဖော်ဝါရီ ၂၈**

မြန်မာနိုင်ငံတွင် စီးပွားရေးလုပ်ငန်းများ ပိုမိုတိုးတက်အောင်မြင်စေရေးအတွက် ထိုင်းစီးပွားရေးလုပ်ငန်းရှင်များ အနေဖြင့် ပိုမိုပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ထိုင်းသံရုံးမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

"မြန်မာနိုင်ငံမှာ စီးပွားရေးအခွင့်အလမ်းသစ်တွေ တိုးတက်လာမှုနဲ့အတူ ထိုင်းစီးပွားရေးလုပ်ငန်းရှင်တွေအနေနဲ့ ဖက်စပ်လုပ်ငန်းတွေအဖြစ် ပူးပေါင်းလုပ်ဆောင်သွားဖို့ အသင့်ရှိနေပါတယ်။ ထိုင်းနိုင်ငံအနေနဲ့ တစ်နိုင်ငံတည်း ရှေ့ဆက်သွားလို့မရပါဘူး။ အတူတကွ ပူးပေါင်းသွားမှ ရှေ့ဆက်ရောက်မယ်ဆိုတဲ့ ပေါ်လစီရှိပါတယ်။ ဒါကြောင့် ဒီကနေ့ဟာ မြန်မာနိုင်ငံနဲ့ ထိုင်းနိုင်ငံတို့ရဲ့ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုသမိုင်းမှတ်တိုင်သစ်ကို စတင်လိုက်ခြင်းဖြစ်ပါတယ်။ ဒီအတွက်ကြောင့်လည်း ထိုင်းနိုင်ငံမှာ နှစ်ပေါင်း ၂၀ ကျော်အတွေ့အကြုံရှိတဲ့ ကုမ္ပဏီကိုးခုကို မြန်မာစီးပွားရေးလုပ်ငန်းရှင်တွေနဲ့ စီးပွားရေးချိတ်ဆက်ဆောင်ရွက်နိုင်ဖို့ မိတ်ဆက်ခဲ့ခြင်းဖြစ်ပါတယ်" ဟု ထိုင်းသံရုံးမှ Minister Counsellor မစ္စတာ ပါကိုင်နေး လန်အီးအီးက ယနေ့ နံနက်ပိုင်းတွင် နိုဗိုတယ် ဟိုတယ်၌ ပြုလုပ်သော Thai Event Business Delegation to Myanmar အခမ်းအနားတွင် သတင်းထောက်များအား ပြောကြားသည်။

အဆိုပါ နှစ်နိုင်ငံစီးပွားရေးလုပ်ငန်းရှင်အချင်းချင်း တွေ့ဆုံမိတ်ဆက်ပွဲအခမ်းအနားသို့ ထိုင်းနိုင်ငံမှ ဟိုတယ်နှင့်ခရီးသွားလာရေးကုမ္ပဏီကြီးများ အပါအဝင် နှစ်ပေါင်း ၂၀ ကျော် အတွေ့အကြုံရှိ ကုမ္ပဏီကြီးကိုးခုမှ လာရောက်ကာ မြန်မာစီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။

အခမ်းအနားကို ကုန်သည်စက်မှုအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဒေါက်တာမောင်မောင်လေး၊ ထိုင်းကုန်သွယ်ရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူး မစ္စတာ တာနာဝပ်နာဂိုဝစ်နှင့် ရန်ကုန်မြို့ထိုင်းသံရုံးမှ မစ္စတာ ပါကိုင်နေး လန်အီးအီးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။

ထိုင်းနိုင်ငံ ကုန်သွယ်မြှင့်တင်မှု ဗဟိုဌာန၏ပံ့ပိုးပေးမှုဖြင့် ကျင်းပခြင်းဖြစ်ကြောင်း၊ ထိုင်းစီးပွားရေးလုပ်ငန်းရှင်များနှင့် မြန်မာစီးပွားရေးလုပ်ငန်းရှင်များ တိုက်ရိုက်တွေ့ဆုံဆွေးနွေးပြီး မြန်မာနိုင်ငံတွင် ထိုင်းစီးပွားရေးလုပ်ငန်းများ ပိုမိုချဲ့ထွင်လုပ်ကိုင်သွားနိုင်ရန် နံနက် ၁၀ နာရီမှ ညနေ ၅ နာရီအထိ တစ်ရက်ကြာ ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**မြင့်မောင်စိုး**

## ရေနံရှာဖွေရေးဆိုက်စမ်းလုပ်ငန်းများလုပ်ရန် အဆောက်အအုံဆောက်လုပ်နေမှုများအား ဒေသခံများကန့်ကွက်

**ပန်းတောင်း ဖေဖော်ဝါရီ ၂၈**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပန်းတောင်းမြို့နယ် ရပ်သာကျေးရွာအုပ်စုအတွင်း၌ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံလုပ်ငန်းနှင့် အကျိုးတူပူးပေါင်းလုပ်ဆောင်မည့် နိုင်ငံခြားကုမ္ပဏီများမှ ပညာရှင်များထားရှိရန် အဆောက်အအုံဆောက်လုပ်နေမှုနှင့် ရေနံစမ်းသပ်ရှာဖွေခြင်းလုပ်ငန်းအား ဒေသခံများကကန့်ကွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ အကျိုးတူပူးပေါင်းလုပ်ဆောင်မည့်အဖွဲ့မှာ BASHNEFT international B.V.Co.ltd ရုရှားကုမ္ပဏီနှင့် GEO APT Solution PVT.Co.ltd အိန္ဒိယကုမ္ပဏီတို့ဖြစ်ပြီး ယင်းကုမ္ပဏီများမှ ပညာရှင်များနေထိုင်ရန် အဆောက်အအုံဆောက်လုပ်နေမှုအား ရပ်သာအနောက်နှင့် ရပ်သာအရှေ့ကျေးရွာများမှဒေသခံများက တားမြစ်ခြင်းဖြစ်ပြီး အဆိုပါကိစ္စနှင့်ပတ်သက်၍ ပန်းတောင်းမြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ကုမ္ပဏီမှ တာဝန်ရှိသူများ ဆောက်လုပ်ရေးကုမ္ပဏီဖြစ်သည့် PHYOE Dralling Service Co.ltd မှ တာဝန်ရှိသူများက ဖေဖော်ဝါရီ ၂၆ ရက် မွန်းလွဲ ၁၂နာရီခွဲခန့်တွင် ရပ်သာအနောက်ကျေးရွာရှိ သာသနဇောတိကာရုံကျောင်း၌ တွေ့ဆုံညှိနှိုင်းဆွေးနွေးခဲ့ကြသော်လည်း ပြေလည်မှုမရရှိခဲ့ကြောင်း သိရသည်။ ဒေသခံများအနေဖြင့် တားမြစ်ရခြင်းမှာ ရေနံစမ်းသပ်ရှာဖွေမည့် နေရာများမှာ ၎င်းတို့စိုက်ပျိုးနေသည့် ယာမြေပေါ်နှင့်စားကျက်မြေပေါ်တို့တွင် ကျရောက်နေသဖြင့် ၎င်းတို့၏ သီးနှံနှင့်လယ်ယာမြေများ ပျက်စီးမည်ကို စိုးရိမ်သည့်အတွက် အဓိကတားမြစ်ရခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါအကြောင်းအရာနှင့်ပတ်သက်၍ ပန်းတောင်းမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဆွေက ရေနံရှာဖွေမည့်လုပ်ငန်းစဉ်အကြောင်း၊ နိုင်ငံတော်စီမံကိန်းအကြောင်းကို ဒေသခံများအနေဖြင့် ကျယ်ကျယ်ပြန့်ပြန့်သိရှိရန်လိုကြောင်း၊ လက်ရှိဒေသခံပြည်သူလူထု၏တင်ပြချက်ကို ဆက်လက်ပြီးတင်ပြသွားမည်ဖြစ်ကြောင်း၊ အဆောက်အအုံဆောက်လုပ်နေမှုအပိုင်းကိုလည်း ပြည်သူများ၏သဘောထားကိုရယူနေသည့်အချိန်တွင် ယာယီရပ်တန့်ထားမည်ဖြစ်ကြောင်း၊ မိမိအနေဖြင့် နိုင်ငံတော်ကချမှတ်သည့်စီမံကိန်းဖြစ်သည့်အတွက် ဒေသခံများနားလည်စေချင်ကြောင်း ပြောကြားခဲ့သည်။ **ကိုလွင်(ဆွာ)**

မြန်မာနိုင်ငံ အားကစားကလောင်ရှင်များ အဖွဲ့ချုပ်က ကြီးမှူးကျင်းပသော ကာယဗလမောင်နှင့် ကာယကြံ့ခိုင်မှု ပြိုင်ပွဲကို ဖေဖော်ဝါရီ ၂၆ ရက်က ရန်ကုန်မြို့ အောင်ဆန်း အားကစားပြိုင်ဝင်း မိုးလုံလေလုံခန်းမ၌ ကျင်းပရာ ကာယကြံ့ခိုင်မှု အကြီးတန်းပြိုင်ပွဲတွင် ပထမဆုရရှိသွားသော မယဉ်မိုးအေးအား ဒိုင်အဖွဲ့ဝင် ရန်ကုန်အဝေးသင်တက္ကသိုလ်ပါမောက္ခ ဒေါက်တာသဇင်လွင် ဆုချီးမြှင့်စဉ်

တင်စိုး(မြန်မာ့အလင်း)



# ရေတာရှည်မြို့ စည်ပင်သာယာဈေးတွင် လူငါးဦးခွေးရူးအကိုက်ခံရ

**ရေတာရှည် ဖေဖော်ဝါရီ ၂၈**

နွေဦးကာလအပူချိန်မြင့်တက်လာသည်နှင့်အမျှ နေရာဒေသအနှံ့အပြားတွင် ခွေးရူးအကိုက်ခံရသူ များပြားလျက်ရှိရာ ရေတာရှည်မြို့နယ် ဆေးရုံစာရင်းဇယားများအရ အမျိုးသား၊အမျိုးသမီး၊ ကလေး စုစုပေါင်း ၂၁၈ ဦးရှိသွားပြီဖြစ်ကြောင်း သိရသည်။ ဖေဖော်ဝါရီ ၂၈ ရက် နံနက် ၉ နာရီခန့်က ရေတာရှည်မြို့ စည်ပင်သာယာဈေးအတွင်း လူငါးဦး ခွေးရူးအကိုက်ခံရပြီး ဆေးရုံသို့ လာရောက်ပြသခဲ့ရာ နှစ်ဦးကို ခွေးရူးရောဂါ အဆိပ်ဖြေဆေး Immnolobulin ထိုးနိုင်ရန် တောင်ငူဆေးရုံကြီးသို့ ဆက်လက် စေလွှတ်ခဲ့ရကြောင်း မြို့နယ်ဆေးရုံမှ လက်ထောက်ဆရာဝန် ဒေါက်တာပိုင်ဇော်က ပြောကြားသည်။

"ကျွန်တော်တို့ဆီမှာရှိတာက ရိုးရိုးကာကွယ်ဆေးပဲရှိတယ်၊ အဆိပ်ဖြေဆေးကတော့မရှိဘူး။ တောင်ငူမှာရှိရင် ထိုးပေးနိုင်အောင်လို့ လူနာနှစ်ယောက်ကို လွှတ်လိုက်ရတာ၊ အပြင်ကဝယ်ထိုးရင် တစ်လုံးကို လေးသောင်းဝန်းကျင် လောက်ရှိမယ်"ဟု ဒေါက်တာပိုင်ဇော်က ဆက်လက်ပြောကြားသည်။

အိမ်မွေးခွေးများကို ဘုန်းကြီးကျောင်း၊ စည်ပင်သာယာဈေး၊ ကျေးလက်ဒေသများတွင် အများအပြားမွေးမြူထားလေ့ရှိပြီး လက်ရှိ ခွေးရူး ရောဂါမဖြစ်ပွားမီကပင် မြို့နယ် တိ/မွေး/ကု ဦးစီးဌာနမှ ခွေးအကောင်ရေ၆ဝကျော်အား ကာကွယ်ဆေးများ ကြိုတင်ထိုးနှံပေးခဲ့သော်လည်း ဆေးဝါးနည်းပါးသည့်အတွက် အားလုံးကို ထိုးနှံပေးနိုင်ခြင်းမရှိကြောင်း မြို့နယ် တိ/မွေး/ကု ဦးစီးဌာနမှ ဒေါက်တာဇော်မင်းနိုင်က ပြောသည်။ (၀၅၉)

# ရန်ကုန်မြို့ပတ်ရထားများတွင် နိုင်ငံခြားသားခရီးသည်များနှင့် လသုံးလက်မှတ်စီးခရီးသည်များ စီးနင်းမှုပိုမိုများပြားလာ

**ရန်ကုန် ဖေဖော်ဝါရီ ၂၈**

စီးပွားရေးအချက်အချာကျပြီး လူဦးရေထူထပ်များပြားသော မြန်မာနိုင်ငံ၏ စီးပွားရေးမြို့တော်ကြီးဖြစ်သည့် ရန်ကုန်မြို့တွင် ဇန်နဝါရီ ၁၆ ရက်က YBS ယာဉ်လိုင်းများ ပြောင်းလဲပြီးနောက် ရန်ကုန်မြို့ပတ်ရထားများတွင် ပြည်ပနိုင်ငံခြားသားခရီးသည်များနှင့် လသုံးလက်မှတ်စီးခရီးသည်များ စီးနင်းမှုပိုမိုများပြားလာကြောင်း မြန်မာ့မီးရထားတိုင်းအမှတ်(၇) သွားလာပို့ဆောင်ရေးဌာနခွဲမှ သိရသည်။

"YBS မစတင်မီအရင်ကတော့ ရန်ကုန်မြို့ပတ်ကို RBE ၁၁ ဆိုင်း၊ ရထားကြီး ၁၂ ဆိုင်း စုစုပေါင်း ၂၃ ဆိုင်းနဲ့ တစ်ရက်ကို ၂၁၅ ခေါက် ပြေးဆွဲပေးနေတယ်။ အဲဒီကာလမှာ တစ်ရက်ကို ပျမ်းမျှခရီးသည် ၇၈၀၀၀ ဝန်းကျင်လောက် စီးကြတယ်။ YBS ပြောင်းပြီးတဲ့နောက်ပိုင်း ခရီးသည်စီးနင်းမှုပိုများလာတယ်။ များလာတဲ့အခါမှာ မြန်မာ့မီးရထားအနေနဲ့ အရင် RBE ၁၁ ဆိုင်းကနေ ၁၃ ဆိုင်း၊ ရထားတွဲဆိုင်းကြီး၁၂ ဆိုင်းကနေ ၁၃ ဆိုင်း စုစုပေါင်း ၂၆ ဆိုင်းနဲ့ တစ်နေ့ကို အခေါက်ရေ ၂၂၅ ခေါက် ထပ်မံတိုးချဲ့ပြေးဆွဲခဲ့တယ်။ တွဲဆိုင်းသုံးဆိုင်း ထပ်တိုးပြီးတော့ ခေါက်ရေကို အရင်ထက် ၁၀ ခေါက် တိုးချဲ့ပြေးဆွဲခဲ့တယ်။ အခုဆို တစ်နေ့ကို ခရီးသည် ပျမ်းမျှ ၉၅၀၀၀ လောက်စီးကြတယ်။ အများဆုံးစီးတဲ့နေ့ဆို ခရီးသည်တစ်သိန်းဝန်းကျင်အထိ ရှိခဲ့တယ်။ လက်ရှိအနေအထားအရ ခရီးသည်အခြေအနေကြည့်ရင် ဒီတွဲဆိုင်းအနေအထားနဲ့ ပြေးဆွဲမှုလုံလောက်နေတယ်။ တကယ်လို့ ခရီးသည်အဆမတန် ထပ်တိုးလာရင်တော့ ခရီးသည်စီးနင်းမှုပေါ်မူတည်ပြီး မြို့ပတ်ရထားကို တိုးချဲ့ပြေးဆွဲပေးဖို့ အစီအစဉ်ရှိပါတယ်။ အခုနောက်ပိုင်းက ပြည်ပနိုင်ငံခြားသားခရီးသည် စီးနင်းမှုနဲ့ လပြတ်ပေးခရီးသည် စီးနင်းမှုတွေက အရင်ထက်ပိုပြီးတိုးလာတယ်"ဟု တိုင်းအမှတ်(၇) သွားလာပို့ဆောင်ရေးဌာနခွဲမန်နေဂျာ ဦးဇော်လွင်က ပြောသည်။



ရန်ကုန်မြို့ပတ်ရထားအား အပျော်တမ်းလိုက်ပါစီးနင်းသော နိုင်ငံခြားသားများကို တွေ့ရစဉ်

ယခုအခါ မြန်မာ့မီးရထားအနေဖြင့် ရန်ကုန်မြို့တွင်းနှင့် ဆင်ခြေဖုံးမြို့နယ်များကို နံနက် ၄ နာရီမှ စတင်ကာ ည ၁၀ နာရီအထိ RBE တွဲဆိုင်း ၁၃ ဆိုင်း၊ ရိုးရိုးရထားတွဲဆိုင်း ၁၃ ဆိုင်း စုစုပေါင်း ၂၆ ဆိုင်းဖြင့် နေ့စဉ် ခေါက်ရေ ၂၂၅ ခေါက် ပြေးဆွဲပေးလျက်ရှိသည်။ တစ်နေ့ မြို့ပတ်ရထားခရီးသည်စီးနင်းမှုမှာ ကိုးသောင်း၊ ကိုးသောင်းကျော်ဝန်းကျင်နှင့် တစ်ခါတစ်ရံ ခရီးသည်တစ်သိန်းနီးပါးအထိ လိုက်ပါစီးနင်းကြောင်း သိရသည်။

"အရင် ရန်ကုန်မြို့တွင်းမှာ YBS ပြောင်းလဲပြေးဆွဲမှု မရှိခင်တုန်းက ပြည်ပခရီးသည်နိုင်ငံခြားသား လိုက်ပါစီးနင်းသူ သိပ်မရှိသလို ပြည်တွင်းခရီးသည်တွေလည်း အခုလောက် မများဘူး။ အခုနောက်ပိုင်းတော့ နိုင်ငံခြားသားခရီးသည်တွေလည်းများလာတယ်။ ပြည်တွင်းခရီးသည်တွေလည်း များလာတယ်။ နိုင်ငံခြားသားခရီးသည်တွေကတော့ အပျော်လိုက်စီးကြတာပါ။ ပြည်တွင်းခရီးသည်တွေကတော့ YBS ပြောင်းလဲပြီးနောက် သိသိသာသာတိုးလာတယ်။ အထူးသဖြင့် လပြတ်ပေးစီး လက်မှတ်ဝယ်သူတွေ ပိုများလာတယ်"ဟု ရန်ကုန်ဘူတာကြီး မြို့ပတ်ရထားတွဲထိန်းတစ်ဦးက နေ့စဉ်ကြုံတွေ့နေရသော ပြည်တွင်း၊ ပြည်ပခရီးသည် လိုက်ပါစီးနင်းမှုများနှင့် ပတ်သက်၍ ပြောသည်။

မြို့ပတ်ရထား RBE ခရီးစဉ်သည် ယခင်ကခရီးသည် တစ်ဦးလျှင် ငွေကျပ် ၂၀၀၊ ၃၀၀၊ ၄၀၀ အထိ နှုန်းထားများ ပြောင်းလဲကောက်ခံခဲ့သော်လည်း ယခုအခါ မြို့ပတ်ရထားအားလုံး ၁၅ မိုင်အတွင်း ခရီးသည်တစ်ဦး ငွေကျပ် ၁၀၀ သာ ကောက်ခံလျက် ရှိပြီး ၁၅ မိုင်ကျော်မှသာ ငွေကျပ် ၂၀၀ နှုန်း ကောက်ခံသဖြင့် လိုက်ပါစီးနင်းသူ ပိုမိုများပြားလာကြောင်းနှင့် အထူးသဖြင့် နံနက်ရုံးတက်ချိန်၊ အလုပ်ဝင်ချိန်နှင့် ညနေရုံးဆင်းချိန်၊ အလုပ်ဆင်းချိန်တို့တွင် လိုက်ပါစီးနင်းသူခရီးသည် ပိုမိုများပြားကြောင်း သိရသည်။

"လသုံးလက်မှတ်ဆိုရင် ပြီးခဲ့တဲ့ ဇန်နဝါရီလက ငါးထောင်ကျော်လောက်ပဲရှိတယ်။ အဲဒီမတိုင်ခင်က သုံးထောင်ကျော်လောက်ပဲရှိခဲ့တာ။ ဖေဖော်ဝါရီလမှာ ရှစ်ထောင်ကျော်လောက်ဖြစ်လာတယ်။ အမြဲတမ်းဒီခရီးကိုသွားနေတဲ့သူက လသုံးလက်မှတ်ဝယ်ထားရင် တစ်ခါတည်းဝယ်ထားရုံပဲ။ တစ်လလုံး ဒီခရီးစဉ်လမ်းကြောင်းကိုစီးနေရုံပဲ။ ဈေးကလည်း ထက်ဝက်နီးပါးကွာတယ်။ ခရီးသည်တစ်ဦး ခရီးစဉ်တိုပဲထားဦး။ အသွားငွေကျပ် ၁၀၀၊ အပြန် ငွေကျပ် ၁၀၀ ဆိုရင် တစ်လကို ငွေခြောက်ထောင်ကုန်နေပြီ။ လသုံးလက်မှတ်ဆိုရင် တစ်လလုံးမှ ငွေကျပ် ၃၃၅၀ ပဲယူတာ။ ထက်ဝက်နီးပါး သက်သာတယ်။ ဈေးနှုန်းလည်းသက်သာတော့ လသုံးလက်မှတ်ဝယ်စီးတဲ့သူ ပိုများလာတယ်"ဟု ဦးဇော်လွင်က ထပ်မံရှင်းပြသည်။

မြန်မာ့မီးရထားအနေဖြင့် ရန်ကုန်မြို့တွင်း ခရီးသွားပြည်သူများ အဆင်ပြေစေရန် ဘက်ပေါင်းစုံက ကြိုးပမ်းလုပ်ဆောင်လျက်ရှိပြီး ယခုအခါ မြို့ပတ်ရထားစီးခရီးသည်များ ခေတ်နှင့်လျော်ညီစွာ သွားလာနိုင်ရေး လမ်းပိုင်းဆိုင်ရာများကို အဆင့်မြှင့်တင်လျက်ရှိသော်လည်း အချက်ပြဆက်သွယ်ရေး ချွတ်ယွင်းမှုရှိခြင်း၊ စက်ခေါင်းချွတ်ယွင်းမှုရှိခြင်း၊ လမ်းပိုင်းဆိုင်ရာ ချွတ်ယွင်းမှုများရှိခြင်းကြောင့် လတ်တလောအခြေအနေတွင် ရာခိုင်နှုန်း ၁၀၀ ၌ ရာခိုင်နှုန်း ၉၀ လောက်သာပြည်သူများ လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်သေးသည်။ သို့သော် ခရီးသည် လိုအပ်မှုအပေါ်မူတည်၍ မြို့ပတ်ရထားများကို ထပ်မံတိုးချဲ့ပြေးဆွဲသွားရန်လည်း စီစဉ်လျက်ရှိကြောင်း သိရသည်။

**သတင်း- မောင်စိန်လွင်(မြန်မာ့အလင်း)၊ ဓာတ်ပုံ- မင်းထက်**

## 1800 MHz လှိုင်းနှုန်းစဉ် သတ်မှတ်ချထားပေးမည့်အစီအစဉ်အား သဘောထားမှတ်ချက်တောင်းခံ

**နေပြည်တော် ဖေဖော်ဝါရီ ၂၈**

ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနအနေဖြင့် 1800 MHz Allocation Process နှင့်စပ်လျဉ်း၍ အများပြည်သူသဘောထားမှတ်ချက်တောင်းခံခြင်းအား ဖေဖော်ဝါရီ ၂၄ ရက်မှ မတ် ၁၀ ရက်အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာထားပြီး အသေးစိတ်အချက်အလက်များကို ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၏ Webpage ဖြစ်သည့် www.motc.gov.mm/news/ptd news တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

**(သတင်းစဉ်)**

## ထူးခြားသည့် ညအပူချိန်များ

**နေပြည်တော် ဖေဖော်ဝါရီ ၂၈**

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ထုတ်ပြန်ချက်အရ ထူးခြားသည့် ညအပူချိန်များမှာ ဟားခါးမြို့၌ ၁ ဒီဂရီစင်တီဂရိတ်၊ နမ့်စန်မြို့၌ ၃ ဒီဂရီစင်တီဂရိတ်၊ ပင်လောင်းမြို့နှင့် ဟဲဟိုးမြို့တို့၌ ၅ ဒီဂရီစင်တီဂရိတ်စီတို့ဖြစ်ကြသည်။

**(မြန်မာ့အလင်း)**


## မွေးနေ့ဆုတောင်း

နိုင်ငံ့တာဝန်များကို (၅၄)နှစ်နီးပါးတစ်ဆက်တည်း ကျေပွန်တက်ကြွစွာ ထမ်းဆောင်ခဲ့ပြီး၊ ယမန်နှစ်ကပင် အငြိမ်းစားယူခဲ့သော ဖေဖေ ဝဏ္ဏကျော်ထင် ဦးလှမြင့်ဦး၏ (၇၅)နှစ်မြောက် စိန်ရတုမွေးနေ့ ခင်ပွန်းနှင့်သားသမီးများအပေါ် မေတ္တာ၊ ကရုဏာ၊ စေတနာအပြည့်ဖြင့် ပြုစုစောင့်ရှောက်နေသော မေမေ ဒေါ်အေးအေးမြင့်၏ (၇၄)နှစ်ပြည့်မွေးနေ့များ ဆက်တိုက်ကျရောက်ချိန်တွင် ချစ်ဖေဖေနှင့် ချစ်မေမေတို့ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာစွာဖြင့် အသက်ရာကျော်ရှည်စေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**ချစ်သားသမီးများ-**

- **ဒုမှူးကြီးဝင်းမြင့်အောင်(ငြိမ်း)(ဆိပ်ကမ်း)၊ ဒေါ်စန္ဒာဦး**
- **ဒေါက်တာဥမ္မာဦး-တွဲဖက်ပါမောက္ခ(ရုပဗေဒ)**
- **ဒေါက်တာနေလင်းဦး(ကုလသမဂ္ဂ/၊ ESCAP) ဒေါ်ဖြူသွယ်မော်**
  **ချစ်မြေးကလေး-ဖွဲ့စည်သူဦး**

## စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

မုံရွာမြို့၊ ရွှေဇလုပ်ရပ်၊ အမှတ် (၁၃၉)နေ
ဦးစန်းလွင် (သစ်တောဦးစီးဌာန၊ မုံရွာမြို့နယ်)-
ဒေါ်ရွှေစင်(အလပြ ဆရာမ)တို့၏သား

**မောင်သန့်ဇင်ထွန်း B.Sc.(Forestry)**
**တောအုပ်ကြီး၊**
**(အပူပိုင်းဒေသစိမ်းလန်းစိုပြေရေးဦးစီးဌာန၊ မုံရွာမြို့နယ်)**
**နှင့်**

မန္တလေးမြို့၊ ရန်မျိုးလုံရပ်၊ အမှတ် (၃၀/စ)နေ
ဦးပေါ်ထွန်းဦး မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော်(ငြိမ်း)၊
ဒေါ်သန့်သန့်ထွန်း(အထက်တန်းရှေ့နေ)တို့၏သမီး

**မရွှေသီသန့်**
**LL.B, LL.M, D.B.L, D.I.R, D.P.S, Dip in Eng: (MUFL), PGDA (Mus:) (တရားလွှတ်တော်ရှေ့နေ)**

တို့သည် ၁၄-၂-၂၀၁၇ရက်တွင် စေ့စပ်ကြောင်းလမ်း ပြီးစီးပါကြောင်း။

**မောင်သန့်ဇင်ထွန်း-မရွှေသီသန့်**

## ဆရာဝန်အလိုရှိသည်

၁။ ဝယ်စလီဆေးရုံ၊ တာဟန်းရပ်ကွက်၊ ကလေးမြို့၊ စစ်ကိုင်းတိုင်းဒေသကြီးမှ လုပ်အားပေးဝန်ထမ်းအဖြစ် လုပ်ကိုင်ရန်အတွက် လက်ထောက်ဆရာဝန် (၂)ဦး အလိုရှိပါသည်။

၂။ လျှောက်ထားလိုသူများသည် CV Form ကို wesleyclinic@gmail.com တွင်ပေးပို့နိုင်ပါသည်။

**လျှောက်ထားလိုသူသည်-**

(၁) အသက် ၁၈ နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်ပြားကိုင်ဆောင်သူ
(၂) မြန်မာနိုင်ငံဆေးတက္ကသိုလ်တစ်ခုခုမှ M.B.,B.S အောင်မြင်ကြောင်း ဘွဲ့လက်မှတ်လက်ဝယ်ရှိသူ
(၃) ဆရာဝန်မှတ်ပုံတင်(ဆမ)ကိုင်ဆောင်ထားသူ
(၄) ကလေးမြို့တွင်နေထိုင်နိုင်သူ
(၅) ဝယ်စလီဆေးရုံ တာဟန်းတွင်သော်လည်းကောင်း၊ ဝယ်စလီဆေးခန်းခွဲတွင်သော်လည်းကောင်း တာဝန်ထမ်းဆောင်နိုင်သူ
(၆) ဆေးလိပ်၊ ခိုင်နီး၊ ကွမ်းယာ၊ ကွမ်းပေါင်း၊ ရာဂျား၊ ဆေးရည်၊ အရက်သေစာနှင့် မူးယစ်ဆေးဝါး လုံးဝကင်းရှင်းသူ။

**စုံစမ်းမေးမြန်းရန်ဖုန်း- ၀၇၃-၂၂၀၂၄၊ ၀၇၃-၂၂၇၇၉၊ ၀၇၃-၂၂၇၇၈၊ ၀၉-၄၉၂၉၇၁၅၂**

**ဒေါက်တာထန်ဘီလွယ်**
**ဆေးရုံဒါရိုက်တာ**
**ဝယ်စလီဆေးရုံ**
**တာဟန်း၊ ကလေးမြို့**

**MOE THAUK PAN ACADEMIC CENTRE**
**SUMMER SCHOOL**

- English 4 Skills
- Cambridge Exam Prepartion.
  Starters, Movers, Flyers, KET, PET
- Art & Computer
- Trip
- Age 6 to 14 Years
- Duration- 8 th March to 22nd May

9:00 am to 3:00pm
(Monday to Friday)

Junction ဇေနှင့် သုမင်္ဂလာအိမ်ရာအနီး၊ သုမင်္ဂလာလမ်းမကြီးပေါ်၊ ဆက်သွယ်ရေးရုံးရှေ့။
Tel - 01- 571545, 09-43122883, 09-5126882

**ဦးရဲမင်းပိုင်(သချာ်)**
**ဒွေရာသီ(၃)လသင်တန်း ဖွင့်လှစ်ပါမည်**
**၅၊၆၊၇၊၈ တန်းသချာ်နှင့် အင်္ဂလိပ်စာ**
(စနေ၊တနင်္ဂနွေ)နှင့်ကြားရက်တန်းခွဲသစ်များကြိုအပ်ပါ။
**၉တန်း၊၁၀တန်းဘာသာစုံ (သင်၊ကျက်၊စစ်)**
၁၆၅(ပထပ်)ဆိပ်ကမ်းသာလမ်း(လယ်)ကျောက်တံတားမြို့နယ် ၀၉၇၃၁၆၁၁၄၀

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 1G/9500 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၈ည/၄၇၅၃ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

## ဖခင်အမည်မှန်

နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ ဟိန်းရတနာအောင်-ကိုယ်ပိုင်အထက်တန်းကျောင်း တက္ကသိုလ်ဝင်တန်းမှ မချမ်းမြေ့လင်းနှင့် ပျဉ်းမနားမြို့၊ အမှတ်(၂) အထက အဋ္ဌမတန်းမှ မောင်ရဲထက်လင်းတို့၏ ဖခင်အမည်မှန်မှာ ဦးစိန်လင်းအောင် ၉/ပမန(နိုင်)၀၁၇၀၈၁ ဖြစ်ပါကြောင်း။

**ဗြိုး ရာထူးဝင်ခွင့်သင်တန်း**
**PGDMA**
**PPTT (အနီးကပ်)**
Assignment ဝယ်ယူနိုင်သည်။
၁၅/F ၊မဟာဗောဓိလမ်း၊မြေနီကုန်း၊ရန်ကုန်။
ဖုန်း-၀၉၅၁၃၇၂၄၉၊ ၀၉၂၅၀၆၅၀၉၇၅

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆ခ/၃၆၇၅ Nissan Diesel Truck (8 x 4) R T/S ယာဉ်လက်ဝယ်ရှိသူ ဦးပြုံးကိုကို ၅/စကန(နိုင်)၂၀၇၉၈၅က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

**မွေးသက္ကရာဇ် အမှန်**

ဦးလှဝင်း ၁/ဗမန(နိုင်)၀၄၃၁၆၁၏ သမီး မန်စီမြို့နယ်၊ အထက မန်ဝိန်းကြီး သတ္တမတန်း(B)မှ နန်းဆိုင်ဟွမ်၏ မွေးသက္ကရာဇ်အမှန်မှာ ၁၈-၈-၂၀၀၄ ဖြစ်ပါကြောင်း။

# ရထားစီးခရီးသည်ထံမှ လက်ဝတ်ရတနာများ ခိုးယူသူဖမ်းမိ

**မိုးညှင်း ဖေဖော်ဝါရီ ၂၈**

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် မိုးညှင်းဘူတာတွင် ရထားစီးခရီးသည်တစ်ဦးထံမှ ခိုးယူသွားသူများအား သက်သေခံ လက်ဝတ်ရတနာပစ္စည်းများနှင့်အတူ ဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာကချင်ပြည်နယ် မိုးကောင်းမြို့နယ် ပင်းဘောကျေးရွာအုပ်စု ပဲခူးစုရပ်ကွက်နေ ဒေါ်နွဲ့သည် ဖေဖော်ဝါရီ ၂၄ ရက် မွန်းတည့် ၁၂နာရီခန့်က မန္တလေးဘူတာကြီးမှမိုးကောင်းမြို့ သို့အမှတ်(၅၅)အဆန်အထူးအမြန်ရထားဖြင့် ပြန်လာခဲ့ရာ ဖေဖော်ဝါရီ ၂၆ ရက် နံနက် ၄ နာရီခွဲတွင် မိုးညှင်းဘူတာသို့ဆိုက်ရောက်စဉ် ခရီးဆောင်အိတ်အား စစ်ဆေးကြည့်ရာ အိတ်အတွင်းထည့်ထားသော အနီရောင်ကတ္တီပါဘူးနှင့်အတူ အတွင်း၌ထည့်ထားသော ရတနာပစ္စည်း ကာလတန်ဖိုး ၁၀ သိန်းကျော်ခန့် ပျောက်ဆုံးနေသည်ကို သိရသဖြင့် ရထားတွဲထိန်းဦးကိုကိုနှင့် ရထားလုံခြုံရေးတပ်ဖွဲ့မှ တပ်ကြပ်ပြည့်ဝန်းဇော်တို့အား အကြောင်းကြားခဲ့ကြောင်း၊ ထို့နောက် ရထားရဲတပ်ဖွဲ့ခွဲ(၁) တပ်စု (၃) မိုးညှင်းမှတပ်စုမှူး ဒုရဲအုပ်သိန်းလွင်နှင့်တပ်ဖွဲ့ဝင်များက သတင်းအရ ဆက်လက်ရှာဖွေရာ မိုးညှင်းဘူတာရှေ့အဝိုင်းပတ်အနီး၌ လုဝင်းထွန်း(ခ) ဖိုးပြားအားပျောက်ဆုံးသွားသော လက်ဝတ်ရတနာများထဲမှ မိုးကုတ်ကျောက်လက်စွပ်တစ်ကွင်းနှင့်အတူ ဖမ်းဆီးရမိခဲ့သဖြင့် မိုးညှင်းမြို့မရဲစခန်းသို့အပ်နှံစစ်ဆေးခဲ့ကြောင်း၊ စစ်ဆေးချက်အရ ပြစ်မှုကျူးလွန်သူမှာ သဲမောင်ဖြစ်ပြီး ၎င်းသည် ဟိုပင်ဘူတာအနီး မဟာနွယ်လက်ဖက်ရည်ဆိုင်တွင်ရှိတတ်ကြောင်း သိရှိရသဖြင့် မိုးညှင်းမြို့မရဲစခန်းမှ ရဲအုပ်ကျော်မင်းစိုး ရထားရဲတပ်ဖွဲ့မှ ဒုရဲအုပ်သိန်းလွင်နှင့် တပ်ဖွဲ့ဝင်များသည် ဖေဖော်ဝါရီ ၂၆ ရက် ညနေ ၅ နာရီခန့်တွင် ၎င်းအား ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

(ဝ၆၇)

# မောင်တောမြို့နယ်အတွင်း နေအိမ်တစ်လုံးနှင့် ဘုန်းကြီးကျောင်းတစ်ကျောင်း မီးလောင်



**နေပြည်တော် ဖေဖော်ဝါရီ ၂၈**

မောင်တောမြို့နယ် ဖားဝပ်ချောင်း (ရွာဟောင်း)နှင့် ၄ မိုင်ရပ်ကွက်တို့တွင် ဖေဖော်ဝါရီ ၂၇ ရက်က နေအိမ်တစ်လုံးနှင့် ဘုန်းကြီးကျောင်းတစ်ကျောင်း မီးလောင်မှုဖြစ်ပွားကြောင်း သိရသည်။

မောင်တောမြို့နယ် ဖားဝပ်ချောင်း(ရွာဟောင်း)ကျေးရွာနေ အာန်တာဟူဆောင်း၏ နေအိမ်တွင် ယမန်နေ့ မွန်းလွဲ ၃ နာရီက မီးကြွင်းမီးကျန်မှုတစ်ဆင့် မီးလောင်ခဲ့ရာ ဓနိမိုး၊ ထရံကာ၊ ပျဉ်ခင်းနေအိမ်နှစ်လုံး၊ ဈေးဆိုင်တစ်ဆိုင် ပျက်စီးဆုံးရှုံးခဲ့သည်။

အလားတူ ၆ မိုင် စစ်ဆေးရေးစခန်းအနီးရှိ ထီးတစ်ရာဘုန်းကြီးကျောင်းတွင် ယမန်နေ့ညနေ ၅ နာရီခန့်က ဘုရားမီးပူဇော်ရာမှတစ်ဆင့် မီးကူးစက်လောင်မှုဖြစ်ပွားကာ ပျဉ်ကာ၊ ပျဉ်ခင်း သွပ်မိုးကျောင်းတစ်ကျောင်း မီးလောင်ပျက်စီးခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

# သီပေါမြို့နယ် ပြည်ထောင်စုလမ်းမကြီးပေါ်တွင် ယာဉ်တိုက်မှုဖြစ်ပွား

**သီပေါ ဖေဖော်ဝါရီ ၂၈**

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့ ပန်ဆောက်ကျေးရွာအနီး မန္တလေး-လားရှိုး-မူဆယ်သွား ပြည်ထောင်စုလမ်းမကြီးပေါ်တွင် ဖေဖော်ဝါရီ ၂၈ ရက် မွန်းလွဲ ၁၂ နာရီခွဲက မိုင်တိုင်အမှတ် ၁၃၆/၂ တွင် မန္တလေးမှ လားရှိုးသို့ ထွက်ခွာလာသော မင်းမင်းထွန်း မောင်းနှင်သည့် ၂၂ ဘီးတွဲယာဉ်သည် လမ်းကွေ့တွင် အရှိန်မထိန်းနိုင်ဘဲ လမ်းပေါ်၌ တိမ်းမှောက်သွားရာ ပေ ၁၀၀ ခန့်ဆွဲယူပါသွားပြီး မျက်နှာချင်းဆိုင် လားရှိုးမှ သီပေါသို့ မျိုးမင်းထွန်း မောင်းနှင်လာသည့် ၁၂ ဘီးယာဉ်နှင့် အောင်မြင့်ဇော် မောင်းနှင်လာသော အေဒီဗင်ယာဉ်တို့ကို ဝင်ရောက်တိုက်မိသဖြင့် ယာဉ်လမ်းကြောင်း ပိတ်ဆို့သွားခဲ့သည်။

အဆိုပါယာဉ်တိုက်မှုကြောင့် ၁၂ ဘီးယာဉ်နှင့် အေဒီဗင်ယာဉ်မောင်းတို့တွင် ဒဏ်ရာရရှိခဲ့ခြင်းမရှိသော်လည်း ယာဉ်များမှာ အနည်းငယ်ပျက်စီးခဲ့ပြီး ၂၂ ဘီးယာဉ်မောင်းမှာ ဒဏ်ရာအနည်းငယ် ရရှိခဲ့သည်။

ယင်းဖြစ်စဉ်ကြောင့် ယာဉ်ကြောပိတ်ဆို့မှုဖြစ်ပွားသဖြင့် သက်ဆိုင်ရာတာဝန်ရှိသူများက ရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးသဖြင့် အတက်၊ အဆင်းယာဉ်များ ပုံမှန်အတိုင်းသွားလာလျက်ရှိကြောင်းသိရသည်။ **စိုင်း(သီပေါ)**





# ရေချိုချောင်းအတွင်း မိကျောင်းတစ်ကောင် အရှင်ဖမ်းမိ

**ကော့သောင်း ဖေဖော်ဝါရီ ၂၈**

ကော့သောင်းခရိုင် ကရသူရီမြို့ ကော့ဗမာကျေးရွာ ကျောက်ကြီးချောင်းအတွင်း ကုန်းပေါ်တက်လာသည့် မိကျောင်းတစ်ကောင်အား ဖေဖော်ဝါရီ ၂၈ ရက် နံနက် ၉ နာရီခန့်က ဆီအုန်းစိုက်ပျိုးရေးလုပ်သားများ ဝိုင်းဝန်း၍အရှင်ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ကျောက်ကြီးချောင်းသည် ရေချိုရေငန်စပ်ချောင်းတစ်ခုဖြစ်ပြီး မိကျောင်းများ ပေါက်ပွားလေ့ရှိကြောင်း၊ ယခုဖမ်းဆီးရမိသည့် မိကျောင်းသည် အရှည် ၁၂ ပေ၊ လုံးပတ်ငါးပေရှိ မိကျောင်းအမဖြစ်ကြောင်း၊ အဆိုပါ ကျောက်ကြီးချောင်းနယ်မြေတွင် ရွှေမြေရတနာဆီအုန်းစိုက်ပျိုးရေးကုမ္ပဏီမှ ဆီအုန်းစိုက်ပျိုးထုတ်လုပ်လျက်ရှိသည့် ဒေသဖြစ်၍ ဆီအုန်းခြံအလုပ်သမားများနှင့် ရွာသားများ စုပေါင်းဖမ်းဆီးခဲ့ခြင်းဖြစ်ကြောင်း၊ မိကျောင်းသည် စားကျက်လမ်းမှားကျော်လွန်လာပြီး ဆီအုန်းစိုက်ခင်းအတွင်း လာရောက်ကျက်စားသည့် တောဝက်အားထောင်ထားသော ညွှတ်ကွင်းအတွင်း လာရောက်ငြိတွယ်မိခြင်းဖြစ်၍ ဝိုင်းဝန်းဖမ်းဆီးရမိခြင်းဖြစ်ကြောင်း သိရသည်။

ဖမ်းဆီးရမိသည့် မိကျောင်းအား မြို့နယ်အုပ်ချုပ်ရေးတာဝန်ရှိသူများနှင့် မြို့နယ်သစ်တောဦးစီးဌာနတာဝန်ရှိသူများက ဘေးမဲ့သတ္တဝါအဖြစ် လူသူဝေးရာ ပင်လယ်အတွင်းသို့ ပြန်လည်လွှတ်ပေးရန်စီစဉ်လျက်ရှိကြောင်း သိရသည်။

**ကရသူရီ(ပြန်/ဆက်)**

**အချိန်အခါမရွေးသတိပေး**
**မီးဘေးကင်းဝေးမှာ**


## ငှားမည်/အကျိုးတူပူးပေါင်းလုပ်ကိုင်မည်

အောက်ဖော်ပြပါစက်ရုံလုပ်ငန်း၊ သိုလှောင်ရုံ၊ စက်မှုမြေ၊ အရောင်းခန်းမများ၊ ဂရန်မြေများအား ပြည်တွင်းပြည်ပ မိတ်ဆွေလုပ်ငန်းရှင်များမှ ငှားရမ်းလုပ်ကိုင်လိုခြင်း (သို့မဟုတ်) အကျိုးတူ ပူးပေါင်းဆောင်ရွက်လိုခြင်းများရှိပါက ဖိတ်ခေါ်အပ်ပါသည်။

၁။ ကော်ဖီမစ်ထုတ်လုပ်ခြင်းလုပ်ငန်းစက်ရုံ၊ အဆောက်အအုံ၊ သိုလှောင်ရုံများ၊ (လှိုင်သာယာစက်မှုဇုန်)
၂။ စက်မှုဇုန်မြေ၊ သိုလှောင်ရုံ(ရွှေပြည်သာစက်မှုဇုန်)
၃။ သီရိမွန်(ဘုရင့်နောင်)PLAZA(၅ခန်းတွဲ၊ ၃ထပ်)မရမ်းကုန်းမြို့နယ်
၄။ (၁)ဧကရှိ ဂရန်မြေ၊ ဗညားဒလလမ်း၊ တာမွေမြို့နယ်(နေရာကောင်း)
၅။ (၀ဒသမ၅)ဧကရှိ ဂရန်မြေ၊ ဗညားဒလလမ်း၊ တာမွေမြို့နယ် (နေရာကောင်း)
၆။ (၈)ဧကရှိ ဂရန်မြေ၊ မင်္ဂလာဒုံမြို့နယ်၊ Alpine စက်ရုံနှင့် Pepsi စက်ရုံအနီး(ပြည်လမ်း)

**ဆက်သွယ်ရန်ဖုန်း - ၀၁-၂၉၁၁၇၅၊ ၀၁-၂၉၀၀၅၄၊ ၀၉-၇၉၉၃၀၂၆၅၃၊ ၀၉-၇၉၅၄၄၈၉၈၇၊ ၀၉-၃၆၇၀၆၅၃၄**

## လူပျောက်ကြော်ငြာ

ဦးညီညီထွန်း(KMYT-016807)၏သမီး မနီနီရှန်ထွန်း စီးပွားရေးတက္ကသိုလ်နောက်ဆုံးနှစ်သည် ၂၅-၂-၂၀၁၇ရက် နံနက် ၅နာရီခန့်တွင် အမှတ်(၁၃၆၈)ကျွန်းရွှေဝါလမ်း၊ ၃၄ ရပ်ကွက်၊ မ/ဒဂုံနေအိမ်မှ ပျောက်သွားပါသဖြင့် တွေ့ရှိက အောက်ပါဖုန်းနံပါတ်တို့သို့ ဆက်သွယ်အကြောင်းကြားပေးရန်နှင့် လက်ခံထားရှိသူများအား ဥပဒေကြောင်းအရ ထိရောက်စွာ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

**ဖခင် ဦးညီညီထွန်း**
**ဖုန်း-၀၉-၄၄၈၀၁၃၅၆၅၊ ၀၉-၂၆၀၆၄၂၅၂၆**

## စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
## ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန
## လေလံတင်ထုခွဲရောင်းချရန်ကြေညာခြင်း

၁။ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၊ အမှတ်(၁)၊ သစ္စာလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့တွင် ဌာနပိုင် အသုံးမလိုပိုလျှံနေသည့် ရုံးအသုံးအဆောင်ပစ္စည်း(၃၀)မျိုးအား အိတ်ပိတ်တင်ဒါစနစ်ဖြင့် လေလံတင်ထုခွဲရောင်းချမည် ဖြစ်ပါသည်-

(က) **လေလံတင်ရောင်းချမည့်နေရာ** - ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၊ အမှတ်(၁)၊ သစ္စာလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။
(ခ) **လေလံတင်ရောင်းချမည့်နေ့ရက်/အချိန်** - ၉-၃-၂၀၁၇ရက်(ကြာသပတေးနေ့) ၁၅း၀၀နာရီ
(ဂ) **လေလံလျှောက်လွှာရောင်းချမည့်ရက်** - ၁-၃-၂၀၁၇ရက်မှ ၈-၃-၂၀၁၇ရက် ၉း၃၀နာရီမှ ၁၆း၃၀နာရီအထိ စီမံရေး၊ လေ့ကျင့်ရေးနှင့် ငွေစာရင်းဌာနခွဲတွင် ရုံးဖွင့် ရက်များအတွင်း လာရောက်ဝယ်ယူနိုင်ပါသည်။

၂။ ရောင်းချမည့်ပစ္စည်းစာရင်းကို လေလံလျှောက်လွှာနှင့် စည်းကမ်းချက်များတွင် ထည့်သွင်းဖော်ပြပါမည်။
၃။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဖုန်း-၆၅၈၁၂၀သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**လေလံတင်ထုခွဲရောင်းချရေးအဖွဲ့**
**ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန**
**အမှတ်(၁)၊ သစ္စာလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။**

## အမည်ပြောင်း

နေပြည်တော် ဇမ္ဗူသီရိမြို့နယ်နေ ဦးနိုင်လင်းထွန်း၏သမီး အထက(၇) နေပြည်တော် ပထမတန်းမှ မမြတ်မြတ်ဟေကိုအား မခွန်းဆင့်သံသာဟု ပြောင်းလဲခေါ်ပါရန်။

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 8F/6811 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 9H/9212၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)**

Y.E.S. Since 1994
ကျောင်းခွဲမရှိပါ။
B.A.(Hons.)(English), M.A.(ESL) (Hawaii, USA)
International English Language Centre
နွေရာသီကလေးများအတွက်
အင်္ဂလိပ်စကားပြော သင်တန်းများ
Level I G - 5 & 6 Mon to Thurs : 8:00-10:00 am 13 Mar
Level II G - 7 & 8 Mon to Thurs : 8:00-10:00 am 13 Mar
Level III G - 9 & 10 Mon toThurs:8:00-10:00 am 13 Mar
No.190, 2nd Flr.,28th St:(Upper), Pabedan Township.
Ph: 01-243950, 246910

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ ကန်သာယာရပ်ကွက် ဆဆ-၃-၆၄နေ ဦးခင်ဇော် ၉/ညဥန(နိုင်)၀၇၅၄၈၆နှင့် ဒေါ်ခင်ဆန်းလွင် ၈/မကန(နိုင်)၀၆၁၁၀၈တို့၏သား မောင်သန့်ဇော်လွင်ထွန်း ၉/ခမစ(နိုင်)၀၅၂၂၉၁သည် မိဘများ၏ဆိုဆုံးမမှုကို မနာခံဘဲ မိမိဆန္ဒအတိုင်း ပြုမူနေထိုင်သည့်အပြင် မိဘများ စိတ်ဆင်းရဲသောကရောက်အောင် အကြိမ်ကြိမ် ပြုလုပ်ပါသဖြင့် ဤသတင်းစာကြော်ငြာပါသည့်ရက်မှစ၍ သားအဖြစ်မှ အမွေပြတ် စွန့်လွှတ်ပါကြောင်းနှင့် နောက်နောင်၎င်းနှင့်ပတ်သက်ပြီး မည်သည့်ကိစ္စမဆို လုံး၀(လုံး၀)တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးခင်ဇော်**

# ပြည်သူကိုဗဟိုပြုသည့်ကျန်းမာရေးစနစ် ဖြစ်ပေါ်လာစေရန် မီဒီယာကိုအသုံးပြု၍ ဆောင်ရွက်

**နေပြည်တော် ဖေဖော်ဝါရီ ၂၈**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာန မီဒီယာဆက်ဆံရေး အလုပ်ရုံဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၂၈ ရက် နံနက်ပိုင်းက နေပြည်တော်ရှိ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၌ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက အခြေခံဆရာဝန်ကျင့်ဝတ်၊ သူနာပြုကျင့်ဝတ်များ၊ စံကိုက်ကုထုံးပုံစံများ၊ ဝန်ထမ်းကျင့်ဝတ်များ၊ စနစ်ကျသည့် စီမံခန့်ခွဲမှုများ၊ ဝန်ထမ်းကျင့်ဝတ်များအားလုံးနှင့် ပြည့်စုံစွာ နေထိုင်နိုင်လျှင် အပြစ်ကင်းသည့် ပြည်သူကို မျက်နှာမူသော ပြည်သူ့ဝန်ထမ်းကောင်းများ ဖြစ်လာမည်ဖြစ်ကြောင်း။

မိမိတို့၏ မူလအရည်အသွေးများကို မြှင့်တင်ရမည်ဖြစ်သကဲ့သို့ မီဒီယာများ၊ ပြည်သူလူထုများနှင့် တွေ့ဆုံဆက်ဆံသည့်အခါတွင်လည်း မီဒီယာကျင့်ဝတ်များ၊ စည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများအတိုင်း ဆက်ဆံပြောဆိုလုပ်ကိုင်သွားမည်ပင် ဖြစ်ပါကြောင်း၊ ထို့အပြင် မီဒီယာနှင့်ပတ်သက်သည့် ဥပဒေ၊ နည်းဥပဒေများကိုလည်း နားလည်စွာ ပြည်သူလူထုကို စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့်အညီ ကျန်းမာရေးဝန်ထုပ်ဝန်ပိုး မဖြစ်စေအောင် ဆက်ဆံပြောဆိုသွားရန်လည်း လိုအပ်လှပါကြောင်း။

ယနေ့ အစီအစဉ်သည် ယင်းလိုအပ်ချက်တစ်ခုကို ဖြည့်ဆည်းပေးသည့် အစီအစဉ်တစ်ခုပင် ဖြစ်ပါကြောင်း၊ ယနေ့ အစီအစဉ်တွင် အတွေ့အကြုံရှိ ဗဟိုအဆင့် ဆေးရုံအုပ်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဦးစီးမှူးများလည်း ပါဝင်နေကြောင်း ပြောကြားသည်။

ထို့နောက် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းမှ အထွေထွေမန်နေဂျာ ဦးရဲနိုင်က "ပြည်သူတို့၏ သတင်းသိရှိပိုင်ခွင့် ဖြည့်ဆည်းရေးနှင့် နိုင်ငံတော်အစိုးရ၏ ပွင့်လင်းမြင်သာမှုဖော်ဆောင်ရေး"ခေါင်းစဉ်ဖြင့် လည်းကောင်း၊ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီမှ ဒုတိယဥက္ကဋ္ဌ ဦးအောင်လှထွန်းနှင့် အတွင်းရေးမှူး ဦးသီဟစောတို့က မီဒီယာဥပဒေများနှင့် ပတ်သက်၍လည်းကောင်း ရှင်းလင်းဆွေးနွေးကြရာ တိုင်းဒေသကြီး/ပြည်နယ် ကုသရေးဦးစီးဌာနမှူးများ၊ ဆေးရုံအုပ်ကြီးများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြသည်။



အလုပ်ရုံဆွေးနွေးပွဲသို့ ကုသရေးဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ပါမောက္ခ ဒေါက်တာမြင့်ဟန်၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်များ၊ တိုင်းဒေသကြီး/ပြည်နယ် ကုသရေးဦးစီးဌာနမှူးများ၊ ဆေးရုံအုပ်ကြီးများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

# မြန်မာ-ထိုင်းအမျိုးသမီးလက်ရွေးစင် ခြေစမ်းပွဲ ပွဲကြိုသတင်းစာရှင်းလင်းပွဲကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၂၈**

မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းနှင့် ထိုင်းလက်ရွေးစင်အမျိုးသမီးအသင်းတို့၏ ခြေစမ်းပွဲ ပွဲကြိုသတင်းစာရှင်းလင်းပွဲကို ယနေ့ မွန်းလွဲပိုင်းက ဟိုတယ်မန္တလေး၌ ကျင်းပသည်။




မြန်မာအမျိုးသမီးအသင်း နည်းပြချုပ် ရော်ဂျာ(နယ်သာလန်)က "ဒီပွဲက နှစ်သင်းစလုံးအတွက် အကျိုးရှိပါတယ်။ ထိုင်းအသင်းဟာ အာဆီယံမှာ အကောင်းဆုံးအသင်းဖြစ်ပါတယ်။ ခြေစမ်းပွဲဖြစ်ပေမယ့် အာရှဖလားခြေစစ်ပွဲအတွက် ပြင်ဆင်တဲ့အနေနဲ့ ကစားတာဖြစ်တာကြောင့် လူစုံအသုံးပြုသွားမှာပါ။ ထိုင်းအသင်းနဲ့ ခြေစမ်းပွဲကစားလိုက်တာက အာရှဖလားခြေစစ်ပွဲမှာ ဗီယက်နမ်ကို ဘယ်လိုကစားရမလဲဆိုတာ သိမှာပါ။ ထိုင်းအသင်းနဲ့ နောက်ဆုံးတွေ့ဆုံခဲ့တဲ့ တရုတ်ဖိတ်ခေါ်ပြိုင်ပွဲမှာ ဂိုးပြတ်ရှုံးခဲ့ပေမယ့် ခြေစွမ်းမကွာပါဘူး။ ကျွန်တော်တို့က အခွင့်အရေးတွေ အသုံးမချနိုင်လို့သာ ဂိုးပြတ်သွားတာပါ။ ကျွန်တော်တို့တွေ ပြင်ဆင်မှုတွေ ပြုလုပ်ထားတာ ဘယ်လောက်အထိ တိုးတက်လာသလဲဆိုတာ ဒီပွဲမှာ တွေ့မြင်ရမှာပါ"ဟု ပြောကြားခဲ့သည်။

ထိုင်းလက်ရွေးစင် အမျိုးသမီးအသင်းနည်းပြချုပ် စပန်ဆာ(အင်္ဂလန်)က " မြန်မာအသင်းနဲ့ပွဲဟာ ပြင်ဆင်မှုတွေထဲက တစ်ခုပဲဖြစ်ပါတယ်။ ဒီနှစ်ထဲမှာ တရုတ်ဖိတ်ခေါ်ပြိုင်ပွဲ ယှဉ်ပြိုင်ခဲ့တယ်။ အခုမြန်မာအသင်းနဲ့ ခြေစမ်းပွဲနှစ်ပွဲကစားမယ်။ ဒါဟာ ဧပြီလမှာယှဉ်ပြိုင်ရမယ့် အာရှဖလားခြေစစ်ပွဲအတွက် လုံလောက်တဲ့ပြင်ဆင်မှု ဖြစ်ပါတယ်။ မြန်မာအသင်းဟာ နည်းပြရော်ဂျာလက်ထက်မှာ အများကြီးတိုးတက်လာပါတယ်။ ကစားသမားကောင်းတွေနဲ့ ခြေစွမ်းမြင့်မားတဲ့ အသင်းဖြစ်တာကြောင့် နှစ်သင်းစလုံးအတွက် အကျိုးရှိတဲ့ ခြေစမ်းပွဲဖြစ်ပါတယ်"ဟု ပြောကြားခဲ့သည်။

မြန်မာအသင်းနှင့် ထိုင်းအသင်းတို့၏ ခြေစမ်းပွဲပထမပွဲကို မတ် ၁ ရက် **(ယနေ့)** ညနေ ၅ နာရီတွင် မန္တလေးမြို့ရှိ မန္တလာသီရိကွင်း၌ ကျင်းပမည်ဖြစ်သည်။ ကွင်းဝင်ကြေးအဖြစ် အထူးတန်းငွေကျပ် နှစ်ထောင်၊ ရိုးရိုးတန်းငွေကျပ် တစ်ထောင် သတ်မှတ်ထားသည်။

**သတင်း-ညီမြတ်သော်တာ**
**ဓာတ်ပုံ-ဖိုးသော်ဇင်**

## ပြင်ဆင်ဖတ်ရှုပါရန်

ဖေဖော်ဝါရီ ၂၇ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၁၇ တွင် ပါရှိသော ရာသီဥတုပြောင်းလဲမှုနှင့် စားနပ်ရိက္ခာဖူလုံရေးဖြေရှင်းပေးနိုင်မည့် ပညာရေးအစီအစဉ်သင်တန်းဖွင့် သတင်းဆောင်းပါး၏ လေးပိုဒ်မြောက်တွင် Road Learning အစား Rote Learning ဟု ပြင်ဆင်ဖတ်ရှုပေးပါရန်

**(စာရေးသူ)**


# ထိမ်းမြားမင်္ဂလာကျေးဇူးတင်လွှာ

နေပြည်တော်နေ ရဲမှူးချုပ်တင်စိုး(သတင်းရဲတပ်ဖွဲ့မှူး)- ဒေါ်သန်းသန်းဆင့်တို့၏ တစ်ဦးတည်းသော သား

**ဗိုလ်ရဲဝင့်အောင်**

**M.B.,B.S (DSMA)**

**နှင့်**

ရန်ကုန်မြို့နေ ဦးစိန်ဝင်း (Ex 2nd Officer, Intermarine Co.,Ltd, Greece)- ဒေါ်ကြူကြူရွှေတို့၏ တစ်ဦးတည်းသော သမီး

**မကျော့သန္တာဝင်း**

**BE (Civil), M.B.A (International Business Management), Stamford International University,**
**Thailand Counselor, International Admissions Stamford International University**

တို့၏ ၉-၂-၂၀၁၇ရက်တွင် Novotel Yangon Max Hotel ၌ ကျင်းပပြုလုပ်ခဲ့သည့် မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပွဲအခမ်းအနားတွင် လက်မှတ်ရေးထိုးပေးပါသော ဒေါ်စိုးစိုးအောင်(တရားသူကြီး၊ ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်)အားလည်းကောင်း၊ ၁၂-၂-၂၀၁၇ရက် ပညာဝတီရိပ်သာကျောင်း၌ ပြုလုပ်ခဲ့သည့် မင်္ဂလာဦးဆွမ်းကျွေးအခမ်းအနားသို့ ကြွရောက်လာကြသော ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအားလည်းကောင်း၊ ၂၆-၂-၂၀၁၇ရက် Sedona Hotel (Grand Ballroom) Yangon ၌ ကျင်းပပြုလုပ်သော မင်္ဂလာအခမ်းအနားသို့ ကြွရောက်ချီးမြှင့်ပေးပါသော ဂုဏ်သရေရှိလူကြီးမင်းများအားလည်းကောင်း၊ မင်္ဂလာအောင်စံပယ်ပန်းကုံး ချီးမြှင့်ပေးပါသော ဦးခင်မောင်စိုး (Chairman-Myanmar National Tele & Communications Co.,Ltd.)နှင့်ဇနီး ဒေါ်ချိုချိုဝင်းတို့အားလည်းကောင်း၊ မင်္ဂလာလက်ထပ်လက်စွပ် ဆင်မြန်းချီးမြှင့်ပေးပါသော ဒုတိယဗိုလ်မှူးကြီးဝင်းတင့်(ငြိမ်း)နှင့်ဇနီး ဒေါ်ထွေးထွေးလှတို့အားလည်းကောင်း၊ မင်္ဂလာပွဲသို့ ကိုယ်တိုင်ချီးမြှင့်ပေးပါသော စစ်ဘက်၊ နယ်ဘက်မှ အရာရှိကြီးများနှင့်ဇနီးများ၊ မိသားစုဝင်များ၊ ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ မင်္ဂလာဧည့်ခံပွဲသို့ ကိုယ်တိုင်ကြွရောက်ချီးမြှင့်ခြင်းမပြုနိုင်သော်လည်း မေတ္တာဖြင့် လက်ဖွဲ့များပေးပို့ချီးမြှင့်ကြပါသော ဂုဏ်သရေရှိလူကြီးမင်းများ၊ ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးပါသော ဦးကျော်စိုးဦး၊ မင်္ဂလာအခါတော်ပေး သီကျူးပေးပါသော နိုင်ငံကျော်တေးသံရှင် ဟေမာနေဝင်း၊ မင်္ဂလာပန်းကြဲပေးပါသော သမီးငယ် အိန္ဒြာဆုလဲ့ဖြိုး၊ မေမြတ်သဒ္ဒါသန့်၊ ပန်းကြဲ မဟန်နီကျော်၊ မင်္ဂလာပန်းကုံးကလပ် ကိုင်ဆောင်ပေးပါသော မဖူးပွင့်ဖြိုး၊ မင်္ဂလာလက်စွပ်ကလပ် ကိုင်ဆောင်ပေးပါသော မငွေဟန်သူ၊ မင်္ဂလာသတို့သားအရံအဖြစ် ဆောင်ရွက်ပေးပါသော ဗိုလ်ကျော်စိုးမိုးနှင့် ဗိုလ်ရဲဟိန်းထူး၊ မင်္ဂလာသတို့သမီးအရံအဖြစ် ဆောင်ရွက်ပေးပါသော မရှူတိုင်းယဉ်သာနှင့် မမေသဥ္ဇာကို၊ မင်္ဂလာတေးသံသာများဖြင့် ဖျော်ဖြေပေးပါသော The First Music Agency တေးဂီတအဖွဲ့အားလည်းကောင်း၊ မိတ်ကပ်ဆံပင်အလှဆင်ပေးပါသော မေဦး(MAY OO MAGIC)အားလည်းကောင်း၊ မင်္ဂလာဝတ်စုံဆင်မြန်းပေးပါသော ဒီဇိုင်နာပြည်စိုးအောင်အားလည်းကောင်း၊ မေတ္တာဖြင့် လက်ဝတ်ရတနာဆင်မြန်းပေးပါသော စိန်ရတီစိန်ရွှေရတနာဆိုင်(စကော့ဈေး)အားလည်းကောင်း၊ ဓာတ်ပုံနှင့် ဗီဒီယိုမှတ်တမ်းတင်ပေးပါသော နိုင်လင်း(Visual Arts)အားလည်းကောင်း၊ ပန်းအလှပြင်(His & Hers Bridal Boutique)နှင့်အဖွဲ့၊ မင်္ဂလာဖိတ်စာရိုက်နှိပ်ပေးပါသော Dagon Printing အားလည်းကောင်း၊ SEDONA HOTEL မှ မလီလီနှင့်အဖွဲ့အားလည်းကောင်း၊ အဘက်ဘက်မှဝိုင်းဝန်းကူညီပေးကြပါသော နှစ်ဖက်သောဆွေမျိုးမိတ်သင်္ဂဟအားလုံးတို့အားလည်းကောင်း၊ သတင်းရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များနှင့် မိသားစုများအားလည်းကောင်း ကျေးဇူးဥပကာရတင်ရှိပါသည်။

**နှစ်ဖက်သောမိဘများနှင့် ဗိုလ်ရဲဝင့်အောင်-မကျော့သန္တာဝင်း**

# ထာဝရငြိမ်းချမ်းပါစေ ဟွေအွန်၊ ဟွေပုံလောင်း ဒေသ...ရေ

------- မြင့်စိုး (နတလ) -------

ဟိုယာ-ဘီယာဒေသသို့ စစ်ဆင်ရေးဝင်ရောက်ခဲ့ဖူးသည့် ၁၉၈၄-၈၅ ခုနှစ်မှစ၍ ရေတွက်လျှင် နှစ်ပေါင်း ၃၀ ကျော် ပြန်မရောက်ဖြစ်တော့သည့် ကယားဒေသ။ ကျွန်တော်က နောက်တန်းတွင် တာဝန်ဖြင့်ကျန်ခဲ့ပြီး ၁၉၈၇ ခုနှစ်နှောင်းပိုင်း ရှားတောဒေသသို့ စစ်ဆင်ရေးဝင်ရောက်ခဲ့သော ကျွန်တော်တို့ တပ်ရင်းပွဲပျက်ခဲ့သည်ဟု ပြောရလောက်အောင် တာတမော့စခန်း အတိုက်ခံရ၍ ညီတော်မောင်ဗိုလ်ချစ်ဆွေနှင့် စစ်သည်များကျဆုံးခဲ့သော ကယားဒေသ၊ ၁၉၈၈ ခုနှစ် ဇန်နဝါရီ ၅ ရက်၌ ကျွန်တော်၏ ယောက္ခမဖြစ်သူ တပ်ရင်းမှူး ဒုတိယဗိုလ်မှူးကြီး ကျော်လွင်နှင့် စစ်သည်များ ဒေါ်ခေါ်အော့ ကျေးရွာအနီး ကျဆုံးခဲ့သော ကယားဒေသ၊ ထိုထိုသော အမှတ်ရစရာကိစ္စတွေ အများအပြားရှိနေသည့် ကယားပြည်နယ်အတွင်းသို့ နောက်တစ်ကြိမ် ပြန်ရောက်လိုသည့် စိတ်ဆန္ဒပြင်းပြစွာ ရှိနေစေကာမူ နတလတွင် ညွှန်ကြားရေးမှူးတာဝန်ဖြင့် ထမ်းဆောင်ခဲ့ဖူးသော နယ်မြေဒေသများမှာ ရှမ်းပြည်နယ်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများဖြစ်သော ပအိုဝ်း၊ ဓနု၊ ပလောင်၊ ကိုးကန့်ဒေသများ ၊ "ဝ" ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရတိုင်း၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသများဖြစ်ခဲ့၍ ကယားဒေသနှင့် အလှမ်းဝေးမြဲ ဝေးနေဆဲ ...။

မကြာသေးမီရက်ပိုင်းကတော့ ကယားဒေသသို့ သွားရောက်ခွင့်ကြုံခဲ့ပြီး လွိုင်ကော်မှတစ်ဆင့် ဒီမော့ဆို၊ ဖရူဆို၊ ဘော်လခဲနှင့် ဖားဆောင်းမြို့နယ်များကို ဖြတ်၍ မယ်စဲ့မြို့နယ်အတွင်း ရောက်ခဲ့သလို မြန်မာ-ထိုင်းနယ်စပ်မှ နယ်ခြားမှတ်တိုင် ဘီပီ-၁၃ အထိလည်း ခြေဆန့်ခဲ့သည်။ ဘီပီ-၁၄ သို့မူ အချိန်မရ၍ မရောက်ဖြစ်တော့။ မယ်စဲ့မြို့ကလေးကို ယခုမှ ရောက်ဖူးသော်ငြား ကျွန်တော့် စိတ်အာရုံထဲမှာတော့ လွန်ခဲ့သည့် နှစ်ပေါင်းများစွာကတည်းကပင် မယ်စဲ့မြို့ကလေး၏ ပုံရိပ်များက တဖျပ်ဖျပ်ထင်ဟပ်ကြီးစိုးနေခဲ့ဖူးသည်။ အကြောင်းမှာ ၁၉၉၄ ခုနှစ် မေ ၉ ရက်၌ တရားဥပဒေဘောင်အတွင်း ဝင်ရောက်ခဲ့သော ကရင်နီလူမျိုးပေါင်းစုံ ပြည်သူ့လွတ်မြောက်ရေးတပ်ဦး(ကလလတ) အဖွဲ့နှင့် ငြိမ်းချမ်းရေးအတွက် ပထမဆုံးတွေ့ဆုံ ဆွေးနွေးခဲ့သည့် နေရာမှာ မယ်စဲ့မြို့ကလေးဖြစ်နေသောကြောင့်ပင်တည်း။ တပ်မတော်မှ တာဝန်ရှိသူများ၊ ငြိမ်းချမ်းရေးအကျိုးတော်ဆောင်များနှင့် ကက်သလစ်သာသနာပိုင်ဆရာတော် ဆိုတေးရိုဖားမိုတို့သည် ရဟတ်ယာဉ်ဖြင့် မယ်စဲ့သို့သွားရောက် ဆွေးနွေးခဲ့ကြသည်။ မယ်စဲ့မြို့ပေါ်သို့ အရောက် အောက်ကိုငုံ့ကြည့်လိုက်သောအခါ စိမ်းစိမ်းညို့ညို့ ယူနီဖောင်းများဖြင့် တွေ့မြင်နေရသူများမှာ မိမိတပ်လား၊ (ကလလတ)အဖွဲ့တွေလား မခွဲခြားနိုင်။ အောက်မှာ မိမိတပ်များ ရောက်၊ မရောက်ကိုလည်း သေချာစွာမသိရသေး။ သို့ဖြစ်၍ ရဟတ်ယာဉ်ဆင်းဖို့ ဆုံးဖြတ်ရခက်ခဲခဲ့သည်ဟု ထိုခရီးစဉ်တွင်လိုက်ပါခဲ့သော နောင်တော်ကြီး ဗိုလ်မှူးဇော်သက်နိုင် (ငြိမ်း)က ပြန်လည်ပြောကြားခဲ့ဖူးသည်။ သူပြောသမျှတွေကို မှတ်သား၍ ဆောင်းပါးများ၊ ပြန်လည်ရေးသားခဲ့ဖူးသော ကျွန်တော့်ရင်ထဲ၌ မယ်စဲ့မြို့ကလေးရှိနေသည်မှာ အတော်ကြာခဲ့ပေပြီ။

ကိုယ်တိုင် တကယ်ရောက်ခဲ့ပြီဆိုသောအခါ မယ်စဲ့ကိုကျော်၍ ဟိုစဲ့မြို့သစ်အထိ ရောက်သွားခဲ့၏။ မယ်စဲ့မှ နမ့်မန်းကျေးရွာကိုဖြတ်၍ ဘီပီ-၁၃ သို့လည်း ရောက်အောင်သွားခဲ့သည်။ ဘော်လခဲ-ဖားဆောင်းမှ တောက်လျှောက်သွယ်တန်းလာခဲ့သော မဟာဓာတ်အားလိုင်းသည် မယ်စဲ့နှင့် ဟိုစဲ့မြို့များကိုသာမက မယ်စဲ့နှင့် ခြောက်မိုင်ခန့်ဝေးသည့် နမ့်မန်းကျေးရွာလေးအထိ ရောက်ရှိနေသည်ကိုလည်း သတိထားမိ၏။ တစ်ဆက်တည်း တွေးလိုက်မိသည်ကတော့ နယ်မြေဒေသတည်ငြိမ်အေးချမ်းမှု မရှိခဲ့ပါမူ ယခုလို ကျေးရွာငယ်ကိုမဆိုထားနှင့် မြို့လောက်နီးနီးဖြစ်နေသောနေရာများသို့ပင်လျှင် မဟာဓာတ်အားလိုင်းရောက်ဖို့ မလွယ်ဟူ၍။ မယ်စဲ့ဒေသ၌ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ခွင့်ပြုခဲ့သော နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် မြို့နယ်ရုံးကို ကြည့်ရှုခဲ့ပြီး လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ခဲ့သည်။

မယ်စဲ့မြို့မှ ဘော်လခဲမြို့သို့ ပြန်လည်ထွက်ခွာ အခြေပြုခဲ့ပြီး နောက်တစ်နေ့ နံနက်စောစောတွင် ရွာသစ်-ဟွေပုံလောင်းဒေသသို့ ဆက်လက်သွားရောက်ခဲ့ကြသည်။ ရွာသစ်-ဟွေပုံလောင်းခရီးကလည်း ကျွန်တော့်အတွက်ကတော့ ပထမဆုံးအကြိမ်ပင်ဖြစ်၏။ ကျွန်တော်နှင့်အတူပါလာသော ကယားပြည်နယ် ဒေသဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး ညွှန်ကြားရေးမှူး ဦးအောင်ကျော်မြင့်ကမူ ထိုခရီးကို ငါးကြိမ်ရောက်ခဲ့ပြီဆို၏။ ဘော်လခဲမှ စထွက်ပြီးမကြာမီ ကျောက်တောင်တစ်ခုကို တက်ရသည်။ အတက်မကြမ်းလှပါ။ လမ်းကလည်း ကတ္တရာလမ်းမို့ ရွာသစ်အထိ ၂၃ မိုင်ခန့်ကို ချောချောမွေ့မွေ့မောင်းနှင်သွားလာနိုင်ကြောင်း တွေ့ရသည်။ ရွာသစ်မှ စွပ်ပိုင်ကိုဖြတ်ကျော်ပြီး သံလွင်ကမ်းခြေထိ ခြောက်မိုင်ကလည်း လမ်းကောင်းသည်။ သံလွင်မြစ်အား ကူးတို့ဖောင်ဖြင့်ဖြတ်ပြီး တစ်ဖက်ကမ်းမှစ၍ ဟွေအော-ဟွေအွန်-ဟွေပုံလောင်းအထိ မြေလမ်း ၂၄ မိုင်ဖြစ်သည်။ ကျွန်တော်က ဓာတ်ပုံရိုက်လည်း ဝါသနာပါသည်မို့ တဖျပ်ဖျပ်မှတ်တမ်းတင်ပြီး Facebook ပေါ်တင်ပေးလိုက်သောအခါ ရွာသစ်၊ ဟွေအော၊ ဟွေအွန်၊ ဟွေပုံလောင်းဒေသများသို့ ရောက်ခဲ့ဖူးသော သူငယ်ချင်းများ၏ မှတ်ချက်တွေက ပလူပျံအောင် တက်လာပါတော့သည်။ သေချာသည်ကတော့ ထိုသူငယ် ချင်းများအားလုံးသည် တစ်ခုသောအခါသမယ၌ ထိုဒေသများတွင် စစ်ဆင်ရေးတာဝန် ဝင်ရောက်ထမ်းဆောင်ခဲ့ဖူးသော တပ်မတော်သားများ ဖြစ်လို့နေသည်ဆိုတာပါပဲ။ စစ်သားမှလွဲ၍လည်း မည်သူမည်ဝါမှ ထိုဒေသများသို့ ရောက်ဖူးကြမည်မဟုတ်ပေ။ သူတို့ ဝင်ရောက်ရေးသားခဲ့ကြသော Comment များကို ဖတ်ကြည့်လိုက်လျှင်ပင် တစ်ချိန်တုန်းက ဟွေပုံလောင်းဒေသ၏ အနိဋ္ဌာရုံများကို ကွက်ကွက်ကွင်းကွင်းတွေ့မြင်လာရမည်ဖြစ်သည်။

တစ်ဦးကရေးထားသည်။ မိုင်းများပေါသလောက် ပိစပ်ရှက်ကလွဲ၍ စားစရာမရှိသော ဟွေပုံလောင်းကို လွမ်းပါသည်...တဲ့။ နောက်တစ်ဦးကတော့ ရွာသစ်ကို လွမ်းသလို ဘဲဥမကိုလည်း သတိရသည်၊ ဟွေပုံလောင်းကို မမေ့ပါဟူ၏။ တစ်ယောက်ကတော့ ရွာသစ်မှာ ပိတ်ချင်းပင်တွေရှိသေးလား၊ ပိတ်ချင်းပင်များက ရွာသစ်ရဲ့ သင်္ကေတပါ၊ အုန်းပင်တွေလည်း အလွန်ပေါ၏ဟု ရေးသားထားပြန်သည်။ သူပြောသလိုပင် ရွာသစ်တစ်မြို့လုံးက ပိတ်ချင်းပင်တွေ အများအပြား စိုက်ထားကြောင်း တွေ့ခဲ့ရသည်။ ရွာသစ်မှာ တိုက်တိုက်ဆိုင်ဆိုင် မင်္ဂလာဆောင်တစ်ခုနှင့်လည်း တိုးနေသေး၏။ အတူပါလာသော ကယန်းတိုင်းရင်းသား မိတ်ဆွေများက ဝင်စားလိုက်ကြစို့ရဲ့ဟု နောက်တောက်တောက် အကြံပြုနေသေးသည်။ ယခု မြန်မာ့ရုပ်မြင်သံကြားတွင် ဒုတိယညွှန်ကြားရေးမှူးချုပ်တာဝန် ထမ်းဆောင်နေသော နောင်တော်ကြီး ဦးဝင်းကြည်ကလည်း စွပ်ပိုင်မှာ အကြာကြီး စခန်းထိုင်ခဲ့ဖူးကြောင်း၊ ကျဆုံး၊ သေဆုံး၊ ဒဏ်ရာရတွေလည်းများခဲ့ကြောင်း၊ မယ်ပိုင်ချောင်းထဲမှာ ငါးတန်ကြီးတွေ မြင်နေရလို့ မိုင်းခွဲကြည့်ပေမယ့် ထူးထူးဆန်းဆန်း တစ်ကောင်မှ မရခဲ့ကြောင်း၊ ညဘက်မှာ ရဲဘော်တွေကို ဝင်ပူးတဲ့ မြင်အပ်မမြင်အပ်တွေလည်းရှိနေတာမို့ မယ်ပိုင်ချောင်းကို လန့်ခဲ့ရဖူးကြောင်း၊ ဟွေအောနဲ့ ဟွေပုံလောင်းကို တက်ကျုံးတာကတော့ ဦးအောင်သောင်းဖြစ်ကြောင်း စီကာပတ်ကုံးလှမ်း၍ မှတ်ချက်ပြုခဲ့သည်။ နေပြည်တော်စည်ပင်သာယာရေးကော်မတီအတွင်းရေးမှူး(ငြိမ်း) ကိုသန်းကျော်ထူးကလည်း တပ်ရင်းမှူးဘဝနဲ့ ရွာသစ်မှာထိုင်ခဲ့ပြီး ဟွေအွန်အထိ မကြာခဏရောက်ခဲ့ဖူးကြောင်း ရေးသားခဲ့သည်။ ထိုဒေသများ၌ ထဲထဲဝင်ဝင်ရောက်ခဲ့၊ နေခဲ့၊ ပင်ပန်းဆင်းရဲခဲ့ဖူးသော သူငယ်ချင်း ဗိုလ်မှူးကြီးသိန်းဇော်(ငြိမ်း)ကလည်း အမှတ်တရရေးလာခဲ့သည်။ နောက်တစ်ဦးကဆိုလျှင်... သြော်... အခုတော့လည်း အိပ်မက်လို ဘာမှမဆိုင်တော့သလိုပါပဲလား။ ဟွေအွန်၊ ဟွေအော၊ ၁၄၄၁ ရေချောင်းစခန်း၊ ဘီပီ ၁၀၁၁၂၊ စွပ်ပိုင်၊ ကောက်ကောက်၊ မယ်ပိုင်ချောင်းတို့ကို မေးကြည့်ပါ၊ သူတို့ပြောပြကြလိမ့်မည်ဟူ၏။ ညီငယ်ကိုသိန်းဝင်းဦးကတော့ ဟွေပုံလောင်းဘုန်းတင့်ဟု နာမည်ကျော်ခဲ့သည်အထိ တိုက်ပွဲဝင်ခဲ့ရသော သူ၏ဦးလေးတော် တစ်ယောက်အကြောင်း ဝင်ရောက်ပြောပြခဲ့သည်။

ကျွန်တော်ရေးသားလိုက်သည့်ခေါင်းစဉ်မှာ ရွာသစ်-ဟွေပုံလောင်းလမ်းပေါ်က နတလ လမ်း/တံတားလုပ်ငန်းများဖြစ်ပြီး ထိုလမ်းပေါ်မှတည်ဆောက်ဆဲ ပေ ၈၀ ဘေလီတံတားတစ်စင်း၊ ပေ ၅၀ ဘေလီတံတားတစ်စင်း၊ ပေ ၄၀ ကွန်ကရစ်တံတားတစ်စင်း၊ ပေ ၃၀ ကွန်ကရစ်တံတားလေးစင်းအပါအဝင် တံတားနှင့် Box Culvert ပုံများကို တင်ပေးလိုက်သောအခါ ယခင်သူတို့ စစ်ဆင်ရေးဝင်ခဲ့သည့် အချိန်ကာလနှင့် လားလားမျှမတူတော့သောကြောင့် အံ့သြဝမ်းသာဖြစ်ကြရကြောင်း အသီးသီးက ရေးသားလာခဲ့ကြသည်။ ထိုလမ်းပေါ်က ဟွေအောရွာကလေးမှာ ကလလတ တပ်ဖွဲ့ဝင်မိသားစုများ အခြေချနေထိုင်ဖို့ တန်ဖိုးနည်းအိမ်ရာ အလုံး ၃၀ တည်ဆောက်ပေးမည်ဖြစ်ပြီး ဆိုလာမီးအစုံ ၅၀၊ ရေသွယ်ယူခြင်းလုပ်ငန်းလေးမိုင်တို့ကို ဆောင်ရွက်ပေးမည်ဖြစ်သည်။

ဟွေပုံလောင်းကျေးရွာ၌ နယ်မြေခံတပ်ရင်းမှ ဆေးပေးခန်းကလေးတစ်ခု ဖွင့်လှစ်၍ ဒေသခံတိုင်းရင်းသားပြည်သူများကို ဆေးဝါးကုသကျန်းမာရေး စောင့်ရှောက်မှုပေးနေကြောင်း တွေ့ရသည်။ ကျွန်တော်တို့အဖွဲ့ ဟွေပုံလောင်းအနီးက မယ်ပိုင်ချောင်းကူး ဘေလီတံတားထိပ်မှာ အမှတ်တရဓာတ်ပုံရိုက်ဖြစ်ခဲ့၏။ ထိုပုံကို ကျွန်တော်တင်ပေးလိုက်သောအခါ တစ်ချိန်တုန်းက ထိုနေရာမှာ တံတားမရှိ၊ ကြိုးများနှင့် တန်းပြီး ခက်ခက်ခဲခဲဖြတ်ကူးကြရကြောင်း တစ်ဦးက ရေးလာသည်။ ဆိုရလျှင် ... ရွာသစ်၊ စွပ်ပိုင်၊ ဘဲဥမ၊ ဟွေအော၊ ဟွေအွန်၊ ဟွေပုံလောင်း၊ မယ်ပိုင်ချောင်းဟု ပြောလိုက်သည်နှင့် သေနတ်သံ၊ ဗုံးသံ၊ အမြောက်သံတွေ သောသောညံလာပြီး မနည်းမနောသော နှစ်ဖက်ထိခိုက်မှုပုံရိပ်တွေကလည်း ထင်ဟပ်လာကြမည်ဖြစ်သည်။ ကျွန်တော် မရောက်ဖူး၊ မကြုံဖူး၊ မမြင်ဖူးခဲ့သော ထိုစဉ်က အနိဋ္ဌာရုံမြင်ကွင်းများ။ အားလုံးကို ကိုယ်ချင်းစာနာ နားလည်မိပါသည်။ ထိုဒေသငြိမ်းချမ်းရေးအတွက် မည်သို့မည်ပုံ ခက်ခက်ခဲခဲ ကြိုးပမ်းတည်ဆောက်ခဲ့ရသည်ကိုလည်း သတိပြုမိပါသည်။ အစဉ်ထာဝရ တည်ငြိမ်အေးချမ်းပါစေကြောင်းလည်း ဆုမွန်ကောင်းတောင်းခဲ့မိပါ၏။ ငြိမ်းချမ်းပါစေ ဟွေအွန်၊ ဟွေပုံလောင်း ဒေသ...ရေ။



## ရွှေကျင်မြို့နယ်ရှိ ကျေးလက်လမ်းများနှင့် တံတားများ မတ်လအတွင်းပြီးစီးရန် ဆောင်ရွက်နေ

**ရွှေကျင် ဖေဖော်ဝါရီ ၂၈**

ရွှေကျင်မြို့နယ်အတွင်း ကျေးလက်ဒေသများ၌ လမ်းပန်းဆက်သွယ်ရေး ၊ သန့်ရှင်းသောသောက်သုံးရေ ရရှိရေးနှင့် ကျန်းမာရေး ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဦးစားပေးဆောင်ရွက်လျက်ရှိရာ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်မည့် ကျေးလက်လမ်းများနှင့် ကျေးလက်တံတားများကို ၂၀၁၆ ခုနှစ် အောက်တိုဘာလမှ စတင်ကာ မတ်လအတွင်း ပြီးစီးရန် ဆောင်ရွက်နေကြောင်း မြို့နယ်ကျေးလက်ဦးစီးဌာနမှ သိရသည်။

မြို့နယ် ကျေးလက်ဦးစီးဌာနသည် လမ်း/တံတားလုပ်ငန်းများအနေဖြင့် ရွှေကျင်-ကျောက်လုံးကြီး-ကံဘေးအိုင်-ဇရပ်ဆိပ်ကမ်း ကွန်ကရစ်လမ်းခင်းခြင်း တစ်မိုင်နှစ်ဖာလုံ၊ ဝင်းခနိုပ်တောင်တက်လမ်း ကျောက်ချောလမ်း ၆ ဒသမ ၇၄ ဖာလုံ၊ ကျောက်တန်း-ညောင်အိုင် မြေသားလမ်း ၄ ဒသမ ၅၄ ဖာလုံနှင့် ဆုံကုန်းကျေးရွာ အုတ်ခံသစ်သားတံတားတစ်စင်း၊ ကျောက်တန်း-ညောင်အိုင်လမ်းအတွက် သစ်သားတံတား ပေ ၂၀ မှ ၁၄ ပေတံတားနှစ်စင်း၊ ပေ ၄၀ မှ ၁၄ ပေ တံတားတစ်စင်း၊ ပေ ၈၀ မှ ၁၄ ပေတံတားတစ်စင်း စုစုပေါင်း တံတားငါးစင်းကို ဆောင်ရွက်ရန် စီစဉ်ခဲ့ခြင်းဖြစ်သည်။

ရွှေကျင်မြို့နယ်ရှိ ကျေးလက်လမ်းများနှင့် တံတားများကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာတွင် စံချိန်စံညွှန်းမီရန်နှင့် အမြန်ဆုံးပြီးစီးရန်ဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီလတတိယပတ်က ၇၀ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်ကြောင်း တာဝန်ရှိသူများထံမှ သိရသည်။

**ပိန်းဇလုပ်-သိန်းညွန့်**





*မန္တလေးအကြောင်းပြောကြပြီဆိုလျှင် စာရေးဆရာ ဆူးငှက်၏ "မန္တလေးမျဉ်းဖြောင့်များ"အကြောင်းက အခြားသော မန္တလေးသား စာရေးဆရာ၊ စာရေးဆရာမကြီးများ၏ စာအုပ်များနည်းတူ မပါမဖြစ်ပြောဆိုခဲ့ကြရသည်။ အဘယ့်ကြောင့်ဆိုသော် သမိုင်းအစဉ်အလာကြီးမားသော မန္တလေးမြို့၏ပုံရိပ်များကို အပြောင်းအလဲမြန်သည့် နှစ်ကာလများတွင် မျက်ခြည်မပြတ် ရသဟန်ဖြင့် မှတ်တမ်းတင်ခဲ့သောကြောင့်ဖြစ်သည်။ အတိတ်နှင့်ပစ္စုပ္ပန်ကို ဆက်စပ်သုံးသပ်ပြသည့် ရေးဟန်ဖြစ်သည်။ "မန္တလေးမျဉ်းဖြောင့်များ"ကို မြန်မာ့နေစီးပွားရေးမဂ္ဂဇင်းတွင် ၁၉၉၆ ခုနှစ် မေလထုတ်မှစတင်၍ လစဉ်မပြတ်ရေးသားခဲ့သည်ဟု မှတ်မိနေသည်။ ၂၀၁၁ ခုနှစ်ဝန်းကျင် မြန်မာ့နေမဂ္ဂဇင်း မရပ်နားမီအထိ ရေးသားခဲ့ပုံရသည်။ အပြောင်းအလဲမြန်လွန်းသည့် ၁၉၉၀ ပြည့်လွန်ကာလများ(ဝါ) ၂၁ ရာစုကြိုကာလများက မန္တလေးပုံရိပ်များသည်ပင် အခုတော့ သမိုင်းဖြစ်သွားပြန်ပါပြီ။ အဆိုပါကဏ္ဍမှ ကနဦးဆောင်းပါးများကို ၂၀၀၀ ပြည့်နှစ်က မန္တလေးစာအုပ်တိုက် အစီအစဉ်ဖြင့် ဆောင်းပါး ၁၄ ပုဒ်ကိုစုစည်းကာ "မန္တလေးမျဉ်းဖြောင့်များ" အမည်ဖြင့် စာအုပ်ထုတ်ဝေခဲ့ဖူးသည်။ အဆိုပါ စာအုပ်ကိုပင် ၂၀၀၃ ခုနှစ်တွင် 'The Straight Lines of Mandalay' အမည်ဖြင့် ဆရာရေချမ်း(မန္တလေး)က အင်္ဂလိပ်ဘာသာသို့ ပြန်ဆို၍ ဥတ္တရလွင်ပြင် စာအုပ်တိုက်က ထုတ်ဝေဖူးသည်။ ဆက်လက်ရေးသားခဲ့သော ဆောင်းပါးများကို မန္တလေးမျဉ်းဖြောင့်များ စတုတ္ထတွဲအဖြစ် "တောင်မြောက် အရှေ့အနောက် ထောင့်မတ်မန္တလေး" အမည်နှင့် အလင်းသစ်စာအုပ်တိုက်က ဆက်လက်ထုတ်ဝေခဲ့သည်။ ယခုတစ်ဖန် သမိုင်းဖြစ်သွားပြန်လေသော "မန္တလေး မျဉ်းဖြောင့်များစတုတ္ထတွဲ"ကို မြန်မာ့အလင်းက ပြန်လည်ဖော်ပြအပ်ပါသည်။ လတ်တလော နှစ် ၂၀ အတွင်း မန္တလေးသည် ဘာတွေအမြတ်ရ၍ ဘာတွေဆုံးရှုံးသွားလေပြီနည်း၊ ဘာတွေသင်ခန်းစာယူ၍ ဘာတွေ ဆင်ခြင်ရမည်နည်း၊ သင်္ခါရဟုဖြစ်စေ၊ ပြောင်းလဲခြင်းတရားဟုဖြစ်စေ၊ သုံးသပ်ရှုဖြင့် လုံလောက်မှုမရှိတော့တာက သေချာပါပြီ။ ထို့ကြောင့် ရှားပါးစာအုပ်ဖြစ်နေသော "တောင်မြောက် အရှေ့အနောက် ထောင့်မတ်မန္တလေး" ကို သမိုင်းအဖြစ် ပြန်လည်ဆင်ခြင်နိုင်ရန် မပြုမပြင် မတည်းမဖြတ် ပြန်လည်ဖော်ပြအပ်ပါကြောင်း။*

# ဆံသဆရာ၊ နဂါးခေါင်း ရေတွင်းတစ်တွင်းနှင့် သာကဝန်ကျောင်းတော်ကြီး

## ဆူးငှက်

အေလမ်းနှင့် ရွှေတစ်ချောင်းမြောင်းဆုံ ရောက်တိုင်း အေလမ်းဘေးမှ ရေတွင်းကြီးကို သတိရမိသည်။ ဒေါင်းရိုးရပ်တွင်မွေး၊ ဟေမာဇလရပ်တွင် နေထိုင်သူသည် ဟိုးအနောက် အေလမ်းနှင့် ရွှေတစ်ချောင်းမြောင်းဆုံရာအနီးက ရေတွင်းကြီးတွင် ရေချိုးဖူးသည်ဆိုသည်က လွမ်းဆွတ်ဖွယ်ကောင်းသော ဖြစ်ရပ်တစ်ခုပင်ဖြစ်၏။

မန္တလေးမှာ စွဲလမ်းစွာဖြင့် ခုံမင်တပ်မက်ဖူးသော အရာများကား လက်ဖက်ရည်ဆိုင်နှင့် ဆံပင်ညှပ်ဆိုင်များဖြစ်သည်။ လက်ဖက်ရည်ဆိုင်ဆိုတာက ထိုင်နေကျ၊ သောက်နေကျ လက်ဖက်ရည်ဆိုင်မှာပဲ စွဲမြဲစွာထိုင်တတ်သည်။ ထို့ကြောင့်လည်း ဈေးချိုက နန်းရှေ့သွားသောက်ချင် သောက်မည်။ နန်းရှေ့က မြောက်ပြင် သွားသောက်ချင် သောက်မည်။ မလွန်က ဘုရားကြီးမှာ သွားသောက်ချင်သောက်မည်။

မိမိသောက်နေကျ ဆိုင်လေးတစ်စုံတစ်ရာ အခြေအနေကြောင့် ဆိုင်ပိတ်တော့မတဲ့၊ သို့မဟုတ် လမ်းမြေမလွတ်လို့ ရွှေ့တော့မတဲ့၊ မြို့သစ်ပြောင်းတော့မတဲ့ဟုဆိုလျှင် ဆွေမျိုးရင်းချာတစ်ယောက် ဆုံးပါးရသလို ဝမ်းနည်းပက်လက်ဖြစ်ရ၏။ နောက်ဆိုင်သစ်နှင့်မိမိသည် အတော်နှင့်နေရာမကျနိုင်။ ချိုသွားလို့၊ ဖန်သွားလို့၊ လက်ဖက်ရည်တစ်ခွက်နှင့် ရေနွေးအိုးတွေ အကြိမ်ကြိမ်လဲပေးရလို့၊ ပိုက်ဆံစုတ်လို့စသည်ဖြင့် အဆင်မပြေမှုလေးတွေနှင့် စတင်ရင်ဆိုင်ရသည်။ နောက်တော့ အသားကျသွား၏။ မိမိလာသည်ကိုမြင်လျှင်ပင် တီးဆရာက လက်ဖက်ရည်တစ်ခွက် အဆင်သင့်ပင် ဖျော်ထားပြီးပြီ။

ထို့အပြင် ကောင်တာထိုင်သူပိုင်ရှင် သို့မဟုတ် မန်နေဂျာကလည်း 'မနေ့က ခင်ဗျားပြန်သွားတော့ ပန်းထိမ်ဆရာ လာသွားတယ်ဗျ။ ခင်ဗျားမှာထားတဲ့ နံပါတ်က ကုန်ပြီတဲ့' ဟူသောအမှာမျိုး။

'တာရဲတန်းကိုတင်မောင်ထွန်းကမှာသွားတယ်။ သူအလုပ်ရှာခိုင်းထားတဲ့ကောင်မလေးက ဆံပင်ကောက်ဆိုင်မှာ အလုပ်ရသွားပြီ၊ မစုံစမ်းနဲ့တော့' ဟူသည့်ကိစ္စမျိုး။

'ဒီနေ့ ၁၁ နာရီလောက်ထိစောင့်လိုက်ဦးဆရာ၊ ကိုသိုက်သူ့ဂျာနယ်က လခထုတ်လို့ရပြီ၊ အဲဒါ သူလာလိမ့်မယ် ညှဉ်းလိုက်ဦး' ဟူသောသတင်းမျိုးစသည် စသည်ဖြင့် အကျိုးဆောင်ပေးတတ်သည်။

ဆံပင်ညှပ်ဆရာများကတော့ တစ်မျိုး။ အထူးသဖြင့် မိမိညှပ်နေကျပုံကို ပြောစရာမလိုဘဲ အရှည်အတို လိုသလိုညှပ်ပေးသဖြင့် စိတ်တိုင်းကျ ကျေနပ်ရသည်။ ထို့ပြင် တချို့ဆံပင်ညှပ်ဆရာက ဆံပင်ညှပ်ရင်း ရပ်ရေးရွာရေး၊ တိုင်းရေးပြည်ရေး၊ ကြားကြားသမျှ သတင်းပလင်းကို ဆံပင်ညှပ်ရင်း ဖလှယ်တတ်သည်။ တစ်ခါတစ်ရံ မြေဈေးအတက်အကျ၊ ကားဈေးအတက်အကျ၊ ဟိုဝင်းသည်ဝင်း၊ ဟိုလမ်းသည်လမ်း၏ ကံကြမ္မာများထိ ဆံပင်ညှပ်ဆရာထံမှ ရတတ်သည်။

မိမိငယ်စဉ်ကညှပ်ဖူးသော ဆံသဆိုင်ကတော့ အိုးဆိုင်ပါတွဲဖွင့်ထား၏။ တစ်ခါတစ်ရံ ဆံပင်ညှပ်ရင်း အိုးလာဝယ်ပါက ညှပ်လက်စခေါင်းကို ထားခဲ့ပြီး အိုးသွားရောင်း၏။ အိုးတွေ တစ်အိုးပြီးတစ်အိုးပြသည်။ အပေါ်ဆုံးကအိုးယူပြ၊ ရေစမ်းပြ၊ ရေစိမ့်လျှင် စီထားတဲ့အိုးတွေချ၊ တစ်အိုးချင်းစမ်းနှင့် အိုးဝယ်က အိုးတစ်လုံးဝယ်သွားပါမှ ညှပ်လက်စခေါင်းဆီပြန်လာ၏။ သို့သော် ဆံပင်ညှပ်ပုံကောင်း၍ သူ့ဆိုင်မှာပဲ စိတ်ရှည်လက်ရှည်စောင့်ခဲ့ရသည်။ နောက်တော့ ထီးတိုင်ဈေးသစ်ကြီးဆောက်လိုက်သောအခါ သူ့ဆံပင်ညှပ်ဆိုင်လေးရော၊ အိုးဆိုင်လေးပါ ပျောက်သွားပါပေ့။

ထိုအခါ ၄၄ လမ်းမကြီးပေါ်က ဆိုင်ကြီးတစ်ဆိုင်ထံ အစ်ကိုများက ခေါ်သွားသည်။ နိုင်ငံခြား ဆုံလည်ကုလားထိုင်ကြီးတွေ၊ ခန်းလုံးပြည့်မှန်ကြီးတွေနှင့် ဟိတ်ဟန်က ကောင်းလှသည်။ ဆံပင်ညှပ်ခုံ ငါးခုံလောက်ရှိသည့်အနက်မှ မည်သည့်ခုံအားနေစေကာမူ မိမိဖောက်သည် ဆံပင်ညှပ်ဆရာကိုပဲ စောင့်ကာညှပ်ကြသည်။ ကျွန်တော်လည်း အစ်ကိုညှပ်နေကျ ဆံသဆရာဆီမှာပဲ ညှပ်၏။ 'ဘယ်လိုပုံ ညှပ်မှာလဲ' ဟု မေးသည့်အခါ အစ်ကိုက 'ဆံလုံးပဲ ညှပ်မှာ' ဟု ပြော၏။

'ဆံလုံး' ဆိုတာ ကျွန်တော်မသိ။

သို့သော် စက်ကတ်ကြေးနှင့်ရော၊ ခွကတ်ကြေးနှင့်ပါ အချိန်အတော်ကြာ ညှပ်လိုက်သောအခါ 'ဆံလုံး'ဆိုသော ဆံပင်ပုံစံပေါ်လာသည်။ နောက်ကလည်း အပြောင်မဟုတ်၊ ရှေ့ကလည်း အရှည်မဟုတ်။ ထိုဆံပင်ပုံကို သဘောကျသည်။ နောက်တော့ ထိုဆိုင်မှ ထိုဆရာဆီမှာပဲ စောင့်ကာ ဆံပင်ညှပ်သည်။ မကြာမီ ထိုဆိုင်မှ အလုပ်သမားများက ဆိုင်ရှင်နှင့် ဝါဏိဇ္ဇပဋိပက္ခမှုဖြစ်ကာ ခွဲထွက်ကြ၏။

နောက်တော့ အစိမ်းရောင် စူးစူးဝါးဝါးအနံ့ရှိသော အရည်တွေကို ပုလင်းထဲမှ ခေါင်းပေါ် လောင်းလိုက်သေးသည်။ ပြီးသောအခါ တွင်းရေကို နီးပုံးလေးနှင့်ခပ်ကာ ခပ်ကာ ခေါင်းပေါ်လောင်းချသည်။ ထိုဆိုင်လေးမှာ ဆံပင်ညှပ်၊ ခေါင်းလျှော်ပြီးလျှင် ကျွန်တော့်တစ်ကိုယ်လုံးလည်း ရေတွေစိုလို့။ ထိုအခါ ဆံသဆရာက 'မထူးပါဘူး ကိုရင်ရာ၊ ရေပါ တစ်ခါတည်း ချိုးသွားပါလား' ဟု အမြဲပြောသည်။ ကျွန်တော်ကလည်း သူ့ဆပ်ပြာခွက်၊ သူ့ရေလဲပုဆိုး၊ သူ့နီးပုံးလေးကို ယူကာ အနားက ရေတွင်းကြီးဆီသွားပြီး အရပ်သူ အရပ်သားများနှင့် ရောနှောကာ ရေချိုးနေကျဖြစ်၏။




ရှေးခေတ် မန္တလေးမြို့၌ အသုံးပြုခဲ့သော ရေတွင်းအားတွေ့ရစဉ်

ကျွန်တော်ညှပ်နေကျ ဆံသဆရာက ထိုဆိုင်မှ ထွက်ပြီး သူ့အိမ်နားမှာ ဆိုင်ဖွင့်မှာတဲ့။ ထိုနေရာကို လိုက်ခဲ့ဖို့ ခေါ်သည်။ သူ့အိမ်က ရွှေတချောင်းနှင့် အေလမ်းဆုံအနီးမှာ၊ သူ့ဆိုင်သစ်ကလေးကို အေလမ်းဘေး ရွှေတချောင်း အရှေ့ဘက်မှာ ဖွင့်၏။

အရင်ဆိုင်ကြီးတုန်းက အဆင်အပြင်မျိုးနဲ့တော့ ကွာတာပေါ့။ တစ်ခန်းပတ်လည် ထရံကာဆိုင်လေးထဲမှာ ရိုးရိုးကျောမှီပါ အသားခုံမြင့်တစ်လုံး ချထားသည်။ ထိုခုံမှာ ဆိုက္ကားကူရှင်မျိုးလေး တင်ထား၏။ မှန်ကလည်း (၂ ပေ× ၃ ပေ)လောက်ရှိသည့် ပြဒါးသုတ်မှန်ကလေးနှင့်။ စက်ကတ်ကြေးကလေးနှစ်လက်၊ ခွကတ်ကြေးတစ်လက်၊ ရိုးရိုးကတ်ကြေးတစ်လက်၊ သင်တုန်းဓားတစ်ချောင်း၊ ရေဇလုံတစ်ခု၊ နီးရေပုံးတစ်ပုံး။ ဆိုင်အပြင်အဆင်က ဒါပဲဖြစ်သည်။ သို့သော် ဆံပင်ညှပ်ရတာ စိတ်ချမ်းသာပါသည်။ အရင်ဆိုင်ကြီးလို တခြားခုံအားနေသော်လည်း ကိုယ့်လူကိုယ် စောင့်ရလို့ မျက်နှာပူစရာမျိုးမရှိ။

ဆိုင်သစ်လေးမှာ စညှပ်တော့ မိတ်ဆွေဆံသဆရာက-

'ကိုရင်လည်း လာရတာဝေးတော့ အားနာတယ်။ အဲဒီတော့ ဒီမှာပဲ တစ်ခါတည်း ခေါင်းလျှော်ပေးလိုက်မယ်' ဟု ဆိုသည်။ ထို့နောက် ဆိုင်ကလေးရှေ့မှာရှိသည့် ခွေးခြေလေးပေါ်ထိုင်ခိုင်းကာ ပေါင်ပေါ်ရေဇလုံကြီးတင်ပြီး ကိုင်ခိုင်း၏။ ထို့နောက် နီးပုံးလေးနှင့် အနားရှိ ရေတွင်းဆီသွား၍ တွင်းရေငင်သည်။ ထို့နောက် နီးပုံးထဲမှရေကို ဒန်ဖလားလေးနှင့်ခပ်ကာ ခေါင်းပေါ်လောင်းသည်။ ခေါင်းပေါ်က ဆံပင်အစအနနှင့် ရေတွေကို ကိုင်ထားသော ဇလုံကြီးဖြင့် ခံထားသည်။ ထို့နောက် အနားရှိ ရွှေဝါဆပ်ပြာဖြတ်နှင့် ခေါင်းကိုလျှော်ပေးသည်။ ဖုန်တွေ၊ ကြေးတွေနှင့် ခေါင်းပေါ်မှ ရေတွေ ဇလုံထဲကျလာသည်။ တစ်ခါတစ်ရံ သန်းတစ်ကောင်စ၊ နှစ်ကောင်စ ပါလာတတ်၏။

တွင်းရေကစိမ့်ကာ အေးနေ၍ ချိုးလို့မဝ။ အရသာရှိလှ၏။

ထို့ကြောင့် ရွှေတချောင်းနှင့် အေလမ်းထောင့်က ရေတွင်းကြီးမှာ အနည်းဆုံး တစ်လတစ်ခါတော့ ရေချိုးခဲ့ဖူးပါသည်။ ဆိုင်သစ်လေးဖွင့်ပြီး မကြာမီ ကျူးကျော်တွေ ရှင်းသောအခါ သူ့ဆိုင်လေးလည်း ပါသွားသည်။ ဆံသခုံနှင့် ဆံသပစ္စည်းတွေ အိမ်ရွှေ့လိုက်ရ၏။ အိမ်က ရွှေတချောင်းမြောင်းကို တံတားလေးနှင့်ထိုးကာ ဖြတ်ကူးရသည်။ ဆံသခုံလေးက အိမ်ရှေ့မှာ ချထား၏။ အိမ်လေးက မကျဉ်းမကျယ်မို့ ဆံသခုံနှင့် ဆံသပစ္စည်းတွေအတွက် နေရာသိပ်မပေးနိုင်။ အိမ်ဘေးမှာ ဝက်ခြံတစ်ခြံလည်းရှိသေးသည်။

အိမ်မှာ ဆံသဆိုင်ဖွင့်တော့ အရင်ကလို ခေါင်းမလျှော်ဖြစ်တော့။ ပထမဖွင့်ခါစအပတ်ကတော့ လျှော်သေးသည်။ သို့သော် ဆပ်ပြာခွက်က ဆံသဆရာမိန်းမ ရေတွင်းယူ၍ အဝတ်သွားဖွပ်လို့ လိုက်တောင်းရ၊ ရေပုံးက ကလေးအနှီးတွေ ထည့်ထား၍ လှယ်ရ၊ ဇလုံက ဝက်စာကျင်းထဲ ရောက်နေ၍ ဆေးကြောရနှင့် ကရိကထများလှ၍ နောက်အခေါက်တွေ ခေါင်းမလျှော်ဖြစ်တော့။ နောက်တော့၊ နောက်တော့ ဆံသဆရာက ကျောက်ဝိုင်းဆင်းနေ၍၊ ခရီးထွက်နေ၍၊ ငှက်ဖျားထနေ၍နှင့် မတွေ့ဖြစ်တာများလာသောအခါ ရွှေတချောင်းမြောင်းပေါင်က ဆံပင်ညှပ်ဆိုင်လေးဆီမရောက်ဖြစ်တော့။

အရင်က အစွဲအလမ်းနှင့် လက်ဖက်ရည်ဆိုင်လည်း လက်ဖက်ရည်ဆိုင်မို့၊ ဆံပင်ညှပ်ဆိုင်လည်း ဆံပင်ညှပ်ဆိုင်မို့ အချိန်ယူကာ တကူးတက အလုပ်လုပ်ခဲ့ရတာ အခုတော့ လွမ်းစရာ။ အချိန်ပိုမရှိအောင် ပြေးရလွှားရ၊ လုပ်ရကိုင်ရမို့ လက်ဖက်ရည်သောက်လည်း တွေ့တဲ့ဆိုင် ခပ်သုတ်သုတ်။ ဆံပင်ညှပ်သည်ပင်လျှင် သီးသန့်ဆိုင်မရှိတော့ အားသည့်အချိန် တွေ့သည့်ဆိုင်မှာ ညှပ်လိုက်ရသည်က များသည်။ တစ်ခါတစ်ရံအလုပ်မှ စောစောပြန်ဖြစ်ကာ ဆံပင်ညှပ်ဆိုင်တစ်ဆိုင်ရှေ့ ဖြတ်မိပြီး ထိုဆိုင်လူရှင်းနေပါက ဝင်ညှပ်လိုက်သည်။ ဆိုင်စွဲမရှိ၊ ဆံသဆရာစွဲလည်း မရှိတော့။

သေချာတာတစ်ခုကတော့ တွေ့သည့်ဆိုင်မှာ ညှပ်ဖြစ်သော်လည်း တစ်ခါသုံးဓားပဲသုံးဖို့တော့ မမေ့မလျော့ သတိပေးရသည်။ အရင်လို လမ်းဘေးဆိုင်လေးက ဆပ်ပြာခွက်ယူပြီးတွေ့သည့် ရေလဲလုံချည်ဝတ်ကာ အများသူငါနှင့် ရေတွင်းမှာကော ရေချိုးဝံ့ပါဦးမလား။ အဲသလို မနေဝံ့တော့တာလည်း သေချာပါသည်။

လူကတော့ အရင်တုန်းကလိုပါပဲ။ မပြောင်းလဲ။ အရင်ကလည်း ထီးထမ်းလမ်းလျှောက်၊ အခုလည်း ထီးထမ်းလမ်းလျှောက်။ သို့သော် ရှောင်တာတွေ၊ ဆင်ခြင်တာတွေ၊ သံသယတွေ၊ အကြောက်အရွံ့တွေကတော့ ပိုမိုလာသည်။ တိုးတက်တာလား၊ ဆုတ်ယုတ်တာလား ကိုယ့်ကိုယ်ကိုယ် ပြန်လှန်ငြင်းခုံနေမိသေးတော့။

ရွှေတချောင်းနှင့် အေလမ်းထောင့်က ရေတွင်းကြီးကို သတိရမိ၍ သတိထားမိတာ တစ်ခုလည်း ရှိသည်။ ဟိုအရင်က မန္တလေးမြို့၏ လမ်းဘေးတွေမှာ အဲသလို ရေတွင်းကြီးတွေ အများအပြား ရှိခဲ့ဖူးသည်။

မြို့လယ်ကောင် ၃၃ လမ်းနှင့် လမ်း ၈၀ ထောင့်မှာလည်း ရှိသည်။ ၈၂ လမ်းနှင့် ၃၇ လမ်းထိပ်မှာလည်း ရှိသည်။ တော်တော်များများ လမ်းထောင့်တွေမှာ ရှိတတ်တာပဲ။ အခုတော့ မရှိကြတော့။ ထိုကဲ့သို့ ရှေးဟောင်းရေတွင်းကြီးများ မဆိုထားဘိ၊ ပြည်တော်သာ ကျုံးရေကန်များပင် မရှိတော့။ စီမံကိန်းရေက အိမ်ပေါက်အရောက် ဘုံပိုင်ခေါင်းဖွင့်လိုက်ရုံဖြင့် ရောက်လာသည် မဟုတ်လော သို့မဟုတ် အိမ်ရှိ အဝီစိတွင်းကရေကို မော်တာခလုတ်ဖွင့်၍ တင်ကြရသည် မဟုတ်လော။

အရင်တော့ ရပ်ကွက်ထောင့်က ရေတွင်းကြီးများမှာ ရေချိုးချိန်ဆိုလျှင် ပုံးကလေးတွေကိုယ်စီနှင့် သွားကြရသည်။ စက်သီးနှင့် ရေငင်ကြရသောကြောင့် စက်သီးချိတ်စရာ သံတန်းကြီးလည်း အဝိုင်းလိုက်ကြီး ဆင်ထားသည်။ ရေတွင်းက ရေက နွေအခါဆိုလျှင် အေးမြနေတတ်သည်။ ထိုရေတွင်းကြီးများ၌ ဆုံကြ၊ ကုံကြ၊ ကြိုက်ကြ၊ ချစ်ကြ။ နှစ်စဉ်သင်္ကြန်အပြီး နှစ်ဆန်းတစ်ရက်ရောက်လျှင် ရပ်ကွက်ရေတွင်းကြီးများကို 'ရေတွင်းကြေး' ဆယ်ကြသည်။ ရပ်ကွက်တွင်း လူကြီးလူငယ်များ စုကြပြီး ရေတွင်းထဲက အမှိုက်သရိုက်၊ ပုံးအို၊ ပုံးပျက်၊ ရွှံ့နွံအနှစ်တွေကို ဆယ်ကာ ဆေးကြောကြ၏။ မန္တလေး ရပ်ကွက်များ၏ နှစ်စဉ်အလုပ်များလည်း ဖြစ်ချေသည်။

ထိုသို့သော ရေတွင်းကြီးများအနက် မပျောက်မပျက် ကျန်နေသော ရေတွင်းတစ်တွင်းရှိပါသည်။ မဟာနွယ်စဉ် ဗောဓိကုန်းပုဏ္ဏားစုရှိ ရေတွင်းကြီးတစ်တွင်းဖြစ်၏။ ၇၃ လမ်း၊ ၃၅နှင့် ၃၆ ကြားလမ်းအရှေ့ဘက်တွင် လှမ်းမြင်ရပါသည်။ ထိုရေတွင်းကြီးကို ယနေ့ထက်တိုင် ပုဏ္ဏားအမျိုးအနွယ်များပိုင်ဆိုင်ကာ အသုံးပြုနေဆဲဖြစ်ပါသည်။ မင်းတုန်းမင်းလက်ထက်ကတည်းက ရှိခဲ့သော ရေတွင်းကြီးမို့ နှစ်ပေါင်းတစ်ရာကျော်ပါပြီ။

ထူးခြားသည်ကား ရေတွင်းကြီးပေါ်ရှိ နဂါးရုပ်ခေါင်းနှစ်ဖက်ပါ အသားတန်းကြီးဖြစ်သည်။ နှစ်ပေါင်းရာကျော် ရှေးဟောင်းလက်ရာစစ်စစ်ကြီးဖြစ်ကာ အချိုးကျလက်ရာမြောက်လှသော နဂါးရုပ်ကြီးများဖြစ်၏။ 'ရှေးဟောင်းမုဆိုး' တို့၏ သားကောင်မဖြစ်ရအောင် ထိုရေတွင်းကြီးမှ နဂါးရုပ်ကြီးများကို ကာကွယ်ကြဖို့ လိုပါသည်။ ခက်တော့ခက်သားကလား။ ယခုကဲ့သို့ မနေတတ် မထိုင်တတ် အသိပေး နှိုးဆော်ရေးသားရသည်ကပင် 'ရှေးဟောင်းမုဆိုး'များအား လက်တို့လိုက်မိသလို ဖြစ်ရတတ်သည်။

တကယ်တော့ ကျွန်တော်ဆံပင်ညှပ်ပြီး ခေါင်းလျှော် ရေချိုးလေ့ရှိသည့် ရွှေတချောင်းနှင့် အေလမ်းထောင့်အနီးက ရေတွင်းကြီးသည် ပခန်းမင်းသမီး၏ ဥယျာဉ်အား ပိုင်းခြားထားသည့် ရေတွင်းလေးတွင်းအနက် တစ်တွင်းအပါအဝင်ဖြစ်သည်ဟု သိရ၏။

***("တောင်မြောက် အရှေ့အနောက်ထောင့်မတ်မန္တလေး" ဆောင်းပါးကို အပတ်စဉ်ဗုဒ္ဓဟူးနေ့တိုင်း ဖော်ပြပါမည်။)***

# မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့်အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော ကုမ္ပဏီများမှသက်ဆိုင်ရာဒေသရှိ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများဆောင်ရွက်

**နေပြည်တော် ဖေဖော်ဝါရီ ၂၈**

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော ကုမ္ပဏီအဖွဲ့အစည်းများမှ Corporate Social Responsibility (CSR) Program ဖြင့် စီမံကိန်းဒေသနှင့် အခြားဒေသများရှိ ပြည်သူများအတွက် ဖွံ့ဖြိုးရေးနှင့် အထောက်အကူပြု လုပ်ငန်းများဖြစ်သည့် ပညာရေး၊ ကျန်းမာရေးနှင့် လူမှုရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ သိရသည်။

အဆိုပါကုမ္ပဏီအဖွဲ့အစည်းများအနက် မြန်မာနိုင်ငံအခြေစိုက် PTTEP ကုမ္ပဏီမှလည်း သက်ဆိုင်ရာဒေသရှိ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးသည့်အပြင် အခြားဒေသများရှိ လူမှုစီးပွားဖွံ့ဖြိုးရေး လုပ်ငန်းများကိုလည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

PTTEP ကုမ္ပဏီအနေဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်း CSR လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ၂၀၁၄ ခုနှစ်တွင် မလိခအခမဲ့ ပညာရေးကျောင်း (အမျိုးသမီး)အတွက် အမေရိကန်ဒေါ်လာ ၁၈၀၃၅၊ ၂၀၁၅ ခုနှစ်တွင် ကျိုက်ဝိုင်းအခမဲ့ ပညာရေးကျောင်း(အမျိုးသား)အတွက် အမေရိကန်ဒေါ်လာ ၂၉၁၇၂ ဒေါ်လာနှင့် ၂၀၁၆ ခုနှစ် တွင် ဆုတောင်းပြည့်မိဘမဲ့ဘုန်းတော်ကြီးသင် ပညာရေးကျောင်းအတွက်အမေရိကန်ဒေါ်လာ ၃၁၃၇၃ ဒေါ်လာကို လှူဒါန်းခဲ့ပြီး ယခုနှစ်တွင်လည်း အမေရိကန်ဒေါ်လာ ၂၉၂၉၄ ဒေါ်လာကို စာသင်သား ၃၅၀ နှင့် အသက်လေးနှစ်မှ ၁၃ နှစ်အတွင်းရှိ မိဘမဲ့ကလေး ၁၃၀ တို့ နေထိုင်သည့် ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် နဝရတ်ဘုန်းတော်ကြီးသင်ပညာရေးကျောင်း၏ လိုအပ်သော အခြေခံအဆောက်အအုံမြှင့်တင်ခြင်းလုပ်ငန်းများအတွက် လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

**သိမ့်သိမ့်မိုး(မြန်မာ့အလင်း)**

# လူထုဗဟိုပြုစီမံကိန်းအောင်မြင်ရေးဆွေးနွေး

**ရမည်းသင်း ဖေဖော်ဝါရီ ၂၈**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် လူထုဗဟိုပြု စီမံကိန်းတွေ့ဆုံပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၂၆ ရက်က ရမည်းသင်းမြို့နယ် ကျေးလက်ဦးစီးဌာနရုံးစုဝေးခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ တွေ့ဆုံပွဲတွင် ရမည်းသင်းမြို့နယ် လူထုဗဟိုပြု စီမံကိန်းနည်းပညာအကြံပေးအဖွဲ့ခေါင်းဆောင် ဦးဝင်းနိုင်က စီမံကိန်းပထမစက်ဝန်းဆောင်ရွက်ပြီးစီးမှုနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်ညိုညိုဝင်း၊ တိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးမင်းဟန်တို့က စာရင်းဇယားအချက်အလက် မှန်ကန်စွာ ဆောင်ရွက်ကြရန်၊ ကျေးရွာများသို့ စနစ်တကျ ကွင်းဆင်းဆောင်ရွက်ကြရန်၊ မိုးဦးကာလမတိုင်မီ လုပ်ငန်းများပြီးစီးအောင် ဆောင်ရွက်ကြရန်၊ ကွင်းဆင်း၍ ပြည်သူလူထုနှင့် ထိတွေ့ဆက်ဆံရာတွင် အဆင်ပြေချောမွေ့စွာ ဆောင်ရွက်ကြရန် စသည်တို့ကို မှာကြားဆွေးနွေးပြီး မေးမြန်းသည်များကို ပြန်လည်ဖြေကြားပေးကာ CDD စီမံကိန်းအတွက် တိုးချဲ့ရုံးအဆောက်အအုံဆောက်လုပ်မည့်နေရာအား ကြည့်ရှုစစ်ဆေးခဲ့သည်။

ရမည်းသင်းမြို့နယ်အတွင်းတွင် လူထုဗဟိုပြုစီမံကိန်းကို ကျေးရွာအုပ်စုပေါင်း ၆၃ အုပ်စုတွင်ပါဝင်သော ကျေးရွာပေါင်း ၂၄၆ ရွာတွင် ငွေကျပ်သိန်းပေါင်း ၂၅၉၄၀ ဖြင့် ဆောင်ရွက်အကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း သိရသည်။

**အတ်ကလေး(ရမည်းသင်း)**

# မုံရွာအလင်းရွှေ့လျှားစာကြည့်တိုက်ယာဉ် စာပေဟောပြောပွဲ စာအုပ်ဈေးရောင်းပွဲတော်နှင့် ကာတွန်းရုပ်ပြောင်လက်တွေ့ရေးဆွဲခြင်းများဖြင့် ဖွင့်လှစ်မည်

**မုံရွာ ဖေဖော်ဝါရီ ၂၈**

မုံရွာမြို့အတွင်း ရပ်ကွက်များသို့ လှည့်လည်ကာ စာပေဖတ်လိုသူများအတွက် အိမ်တိုင်ရာရောက် ရွှေ့လျှားစာကြည့်တိုက်ယာဉ်ဖြင့် စာအုပ်အခမဲ့ငှားပေးမည့် မုံရွာအလင်း ရွှေ့လျှားစာကြည့်တိုက်ကို မတ် ၁ ရက် ညနေ ၄ နာရီတွင် မုံရွာပြည်သူ့အားကစားကွင်းအတွင်းရှိ ဖူဆယ်အားကစားရုံရှေ့၌ ဖွင့်ပွဲပြုလုပ်ကာ သရုပ်ပြသွားမည်ဖြစ်ကြောင်း မုံရွာအလင်းရွှေ့လျှားစာကြည့်တိုက်ဦးစီးကော်မတီဝင် ဦးတင့်ဆွေထံမှ သိရသည်။

"လွန်ခဲ့တဲ့ သုံးလလောက်ကတည်းက ဝါယမစိုက်ဆောင်ရွက်ခဲ့တဲ့ မုံရွာအလင်း ရွှေ့လျှားစာကြည့်တိုက်ကို မတ် ၁ ရက် မှာ ဖွင့်ပွဲပြုလုပ်ပြီး သုံးရက်အတွင်း ရပ်ကွက်တွေထဲလှည့်ပြီး စာအုပ်တွေ အခမဲ့ငှားပေးတော့မှာဖြစ်ပါတယ်။ ရပ်ကွက်မှာနေရာတစ်ခုမှာ အထိုင်ထားပြီး ငှားပေးသွားဖို့ စီစဉ်ထားပါတယ်။ စာသင်ကျောင်းတွေကို အဓိကထားငှားပေးချင်ပေမယ့် စာမေးပွဲပြီးလို့ ကျောင်းပိတ်ချိန်ဖြစ်နေတဲ့အတွက် ဖွင့်မယ့်ကျောင်းတွေမှာ စတင်ဖို့စီစဉ်နေပါတယ်။ လောလောဆယ်ကာလမှာ မုံရွာစီးပွားရေးတက္ကသိုလ်နားက အဆောင်တွေမှာ စငှားပေးဖို့ စိတ်ကူးစီစဉ်နေပါတယ်" ဟု ဦးတင့်ဆွေက ပြောပြသည်။

ယင်းစာကြည့်တိုက်ဖွင့်ပွဲကို မတ် ၁ ရက် ညနေ၄နာရီတွင် ကျင်းပကာ ၅ နာရီတွင် စာပေဟောပြောပွဲကို စာအုပ်ဈေးရောင်းပွဲတော်နှင့်အတူ ကျင်းပမည်ဖြစ်ရာ စာရေးဆရာ မင်းကိုနိုင်၊ ဆရာထိန်လင်းဦး၊ ဆရာမခင်ခင်ထူးတို့က စာပေရေးရာများကို ဟောပြောပြီး ဆရာကာတွန်းမောင်မောင်ဖောင်တိန်က ကာတွန်းရုပ်ပြောင်များကို လက်တွေ့ရေးဆွဲပေးသွားမည်ဖြစ်ကြောင်းသိရသည်။ မုံရွာအလင်း ရွှေ့လျှားစာကြည့်တိုက်ယာဉ်ပေါ်တွင် သုတရသစာအုပ်စာပေမျိုးစုံအုပ်ရေ သုံးထောင်ကျော်တင်ဆောင်၍ အခမဲ့ငှားရမ်းပေးသွားမည်ဖြစ်ကာအများစုမှ လှူဒါန်းစုဆောင်းထားသော စာအုပ်စာပေပေါင်းမှာ လက်ရှိတွင် ငါးထောင်ကျော်ရှိနေပြီဖြစ်ရာ နောက်ထပ် ရွှေ့လျှားစာကြည့်တိုက်အတွက် မော်တော်ယာဉ်တစ်စီးထပ်မံတည်ထောင်နိုင်လျှင် အခမဲ့စာငှားစနစ်ပိုမို မြန်ဆန်သွက်လက်ကာနေရာအနှံ့ရောက်ရှိပြန့်ပွားနိုင်မည်ဖြစ်ကြောင်းသိရသည်။




စာပေဝါသနာရှင်များစုပေါင်း၍ဖွဲ့ထားသော မုံရွာအလင်းရွှေ့လျှားစာကြည့်တိုက်ရေရှည်တည်တံ့ရှင်သန်ရေးမှာ မျိုးဆက်သစ်လူငယ်များနှင့် စေတနာရှင်များသည် အကြီးမားဆုံးသော စွမ်းအားအရင်းအမြစ်များဖြစ်ကြပြီး စေတနာအလှူရှင်များ၏ ထောက်ပံ့ကူညီမှုဖြင့် အခွန့်ရှည်ရပ်တည်နိုင်ရန် ပူးပေါင်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း ၎င်းကဆက်ပြောသည်။

**မျိုးဝင်းထွန်း (မုံရွာ)**

# ညောင်ဦးမြို့ရွှေစည်းခုံစေတီတော်မြတ်ကြီးအား ရွှေသင်္ကန်းကပ်လှူပူဇော်နိုင်

**ညောင်ဦး ဖေဖော်ဝါရီ ၂၈**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့ အံ့ဖွယ်ကိုးစုံ ရွှေစည်းခုံစေတီတော်မြတ် ကြီးကို ရှေးမြန်မာဘုရင်ဖြစ်သော မဟာရာဇသီရိအနုရုဒ္ဓဒေဝ အနော်ရထာဘုရင်က တည်ထားကိုးကွယ်ခဲ့သည်။ ရှေးမြန်မာမင်းများ လက်ထက်မှစပြီး ရွှေစည်းခုံစေတီတော်ကြီးကို ရွှေစင်ရွှေသားများနှင့် ရွှေသင်္ကန်းကပ်လှူခဲ့ကြသည့် ဓလေ့ရှိခဲ့သည်။ ရှေးမင်းကောင်းမင်းမြတ်တို့ လုပ်ထုံးလုပ်နည်းလုပ်ဟန်အတိုင်း ယခုလက်ရှိ ရွှေစည်းခုံဂေါပကအဖွဲ့တို့က ဆက်လက်ရွှေသင်္ကန်းတော်များ ကပ်လှူပူဇော်ခြင်းဖြစ်ကြောင်း သိရသည်။

ထိုသို့ဆက်ကပ်လှူဒါန်းခဲ့ရာ အောက်ကြာ ၅၅ ခု၊ ကြာမှောက် ၂၄ ခု၊ ရွဲ ၂၁ တုံး၊ နှစ်ထပ်ကြာညှပ် ၄၅ ခု၊ ကြာကန် ၁၉ ခု၊ အထက်ကြာ ၄၈ ခု၊ မိုးလျှော ၉၈ ခု စုစုပေါင်း ၃၁၆ ခုကို ရွှေစင်ရွှေပြားရွှေသားစစ်စစ် ပိဿာ၂၀ ဝယ်ယူပြီး ဆက်ကပ်လှူဒါန်းမည်ဖြစ်သည်။ ရွှေစည်းခုံစေတီတော်မြတ်ကြီးကို ရွှေစင်ရွှေသားရွှေပြားများနှင့် ကပ်လှူရာတွင် (၉×၉)ပေပတ်လည် ရွှေပြားတစ်ချပ်၊ ရွှေသား ၁ ဒသမ ၅ ကျပ်သားနှင့် တန်ဖိုးငွေကျပ် ၁၂ သိန်းကုန်ကျမည်ဖြစ်ပြီး စေတီတော်ကျန်နေရာများတွင် မျက်ပါးရွှေဆိုင်းများနှင့် ကပ်လှူမည်ဖြစ်ကာ မျက်ပါးရွှေဆိုင်းတစ်ဆိုင်းလျှင် (၂×၂)ပေပတ်လည် တန်ဖိုးငွေကျပ် ၃၅၀၀၀ အကုန်အကျခံလှူဒါန်းက ပူဇော်နိုင်မည်ဖြစ်သည်။

ယင်းသို့ လှူဒါန်းပူဇော်လိုပါက ကမ္ဘောဇဘဏ် (ညောင်ဦး) ဝ၆၇-၁၁၆၀၀၀၀၀၅၆၊ ရောဝတီဘဏ် (ညောင်ဦး) ၀၀၅၀၁၀၂၀၁၀၀၀၀၁၁၉၊ ထွန်းဖောင်ဒေးရှင်းဘဏ် (ညောင်ဦး)၀၁၂၀၀၃၄၆၁၀၀၀၇၊ CB ဘဏ် (ညောင်ဦး) ၀၀၃၉၁၀၀၅၀၀၀၀၀၅၂၁၊ မြန်မာ့ရှေ့ဆောင်ဘဏ် (ညောင်ဦး) ၀၁၀၁၆၀၅၀၀၀၀၀၄၁၂ အကောင့်များသို့လည်းကောင်း၊ စုံစမ်းသိရှိလိုပါက ဖုန်း-၀၉-၂၀၄၃၅၄၈၊ ၀၉-၂၀၄၃၉၀၉ တို့သို့ဆက်သွယ်မေးမြန်းနိုင်ကြောင်း ဂေါပကအဖွဲ့များထံမှ သိရသည်။

ထိုကဲ့သို့ ရွှေစည်းခုံစေတီတော်မြတ်ကြီးကို ရွှေသင်္ကန်းကပ်လှူရာတွင် ယခုအကြိမ်သည်(၁၀) ကြိမ်မြောက်လှူဒါန်းခြင်းဖြစ်ပြီး လုံးတော်ပြည့် ရွှေသင်္ကန်းဆက်ကပ်လှူဒါန်းခြင်းဖြစ်ကြောင်း၊ ယခုလိုရွှေသင်္ကန်းကပ်လှူရာတွင် ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၂၉ ရက်မှ စတင်ရွှေသင်္ကန်းကပ်လှူခဲ့ရာ ၂၀ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

**ကျော်ဌေး(ညောင်ဦး)**

# လက်ပန်ကျေးရွာ (၂၄) နာရီ လျှပ်စစ်မီးရရှိ

**မအီ ဖေဖော်ဝါရီ ၂၈**

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန မြန်မာ့လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ ခွင့်ပြုရန်ပုံငွေဖြင့် သံတွဲခရိုင် မအီမြို့နှင့် နှစ်မိုင်ဝေးကွာသော လက်ပန်ကျေးရွာတွင် ဖေဖော်ဝါရီ ၁၉ ရက်ညနေ ၅ နာရီခွဲမှစ၍ မဟာဓာတ်အားလိုင်းမှ ၂၄ နာရီဓာတ်အားအပြည့်အဝရရှိကြောင်း သိရသည်။

အဆိုပါ လက်ပန်ကျေးရွာတွင် ထရန်စဖော်မာ ၁၀၀ ကေဗွီအေ နှစ်လုံးဖြင့် ဓာတ်အားလုံလောက်စွာရရှိနေပြီး အဆိုပါ ကျေးရွာ၌ယခင်က ဖယောင်းတိုင်မီး၊ မီးခွက်မီးများဖြင့်သာ အလင်းထွန်းညှိနေခဲ့ရာမှ ယခုအခါ ၂၄ နာရီ ဓာတ်အားပြည့်ဝစွာ ရရှိနေပြီဖြစ်သည့်အတွက် ရွာသူရွာသားများ ဝမ်းသာစွာရှိနေကြပြီး မအီမြို့နယ် လျှပ်စစ်မှူးဦးကျော်သိန်းဦးနှင့် လျှပ်စစ်ဝန်ထမ်းများက မြို့ပေါ်ရပ်ကွက်များအပါအဝင် အဆိုပါ လက်ပန်ကျေးရွာသို့ ကြိုတင်ကွင်းဆင်းကာ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးအတွက် လူထုပညာပေးဟောပြောပွဲနှင့် လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ပြီး လျှပ်စစ်ထပ်မံရရှိမည့်ကျေးရွာများသို့လည်း တာဝန်ယူထားသော ကုမ္ပဏီများအနေဖြင့်လည်းကောင်း၊ မြို့နယ်လျှပ်စစ်မှူးနှင့် ဝန်ထမ်းများကလည်း လျှပ်စစ်မီးရရှိရေးအတွက် အထူးအလေးအနက်ထား ကွင်းဆင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**အောင်လှဖြူ**

# ပေါက်မြို့နယ်၌ သောက်သုံးရေရရှိရေး စက်ရေတွင်းတူးဖော်ပေး

**ပေါက် ဖေဖော်ဝါရီ ၂၈**

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် ပေါက်မြို့နယ် ထူးကြီးကျေးရွာသည် မြေအောက်ရေနှင့် အလွန်ဝေးကွာပြီး ဆည်မြောင်း၊ မြစ်ချောင်း၊ အင်းအိုင်များနှင့် အလှမ်းဝေးကာ နွေရာသီ သောက်သုံးရေအခက်အခဲများ နှစ်စဉ်ကြုံတွေ့ရသည့်အတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၆- ၂၀၁၇ ဘဏ္ဍာရေးနှစ် ခွန့်ပြုရန်ပုံငွေ ၂၃ ဒသမ ၅ သန်းဖြင့် လေးလက်မစက်ရေတွင်း အနက်ပေ ၇၀၀ ကို တူးဖော်ပေး လျက်ရှိရာ ထူးကြီးကျေးရွာ ဒေသခံပြည်သူများနှင့် ၎င်းတို့ မွေးမြူထားသော ကျွဲနွားတိရစ္ဆာန်များ လာမည့်နွေရာသီတွင် သန့်ရှင်းသော သောက်သုံးရေရရှိတော့မည်ဖြစ်ကြောင်း သိရသည်။

စက်ရေတွင်း တူးဖော်ပေးရေး လုပ်ငန်းများအချိန်မီပြီးစီးရေးနှင့် သတ်မှတ်ထားသော စံချိန်စံညွှန်းပြည့်မီရေးတို့ကို ပေါက်မြို့နယ် ကျေးလက်ဒေသဦးစီးအရာရှိ ဦးဝင်းဇော်ဦးနှင့် ဝန်ထမ်းများက ဖေဖော်ဝါရီလနောက်ဆုံးပတ်က စစ်ဆေးခဲ့ကြောင်း သိရသည်။

အဆိုပါထူးကြီးကျေးရွာတွင် စက်ရေတွင်းတူးဖော်ပေးမှုကြောင့် ကျေးရွာရှိ အိမ်ထောင်စု ၂၈ စုမှ လူဦးရေ ၆၉၉ ဦးနှင့် အိမ်မွေးတိရစ္ဆာန်များ သုံးရာသီသန့်ရှင်းသောသောက်သုံးရေအတွက် ပူစရာမလိုတော့ကြောင်း သိရသည်။

**ဉာဏ်တိုး(ပေါက်)**



# ဆင်းကတ်အသုံးပြု၍ ဓာတ်အားအတင်အချပြုလုပ်နိုင်သော Line Sectionalizer တပ်ဆင်

**မြစ်သား ဖေဖော်ဝါရီ ၂၈**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင်နှင့် မိတ္ထီလာခရိုင် အစပ်ရှိ ၃၃ ကေဗွီ ဓာတ်အားလိုင်းတွင် ဓာတ်အားလိုင်းအပြစ်ဖြစ်ပါက အလိုလျောက် ဓာတ်အားဖြတ်တောက်ပေးနိုင်ပြီး ဆင်းကတ်အသုံးပြု၍ ချိတ်ဆက်ထားသော ဖုန်းများမှတစ်ဆင့် ဓာတ်အားအတင်အချ ပြုလုပ်နိုင်သော Line Sectionalizer ကို ကျောက်ဆည်ခရိုင် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းက တပ်ဆင်ခဲ့ရာ ဖေဖော်ဝါရီ ၂၆ ရက်တွင် ပြီးစီးခဲ့ကြောင်း သိရသည်။

ကျောက်ဆည်ခရိုင်အတွင်းရှိ ၁၃၂/၃၃/၁၁ ကေဗွီ အင်းကုန်း ပင်မ ဓာတ်အားခွဲရုံမှလာသည့် အင်းကုန်း-မြစ်သား-ကူမဲ ၃၃ ကေဗွီ ဓာတ်အားလိုင်းသည် ကျောက်ဆည်၊ မြစ်သားနှင့် ကူမဲမြို့များအပြင် မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ်သို့ အဓိက ဆက်သွယ်ပေးထားသော ဓာတ်အားလိုင်းဖြစ်ပြီး လိုင်းအလျားရှည်လျားခြင်းကြောင့် ယခုကဲ့သို့ Line Sectionalizer ကို တပ်ဆင်ခြင်းဖြစ်ကြောင်း၊ Line Sectionalizer ကို ကျောက်ဆည်ခရိုင် လျှပ်စစ်မန်နေဂျာရုံးနှင့် ကူမဲမြို့နယ်နှင့် မြစ်သားမြို့နယ် လျှပ်စစ်မန်နေဂျာရုံးများမှ ဝန်ထမ်းများ ပူးပေါင်းတပ်ဆင်ခဲ့ကြပြီး ခန့်မှန်းကုန်ကျစရိတ်မှာ ကျပ်သိန်း ၁၈၀ ခန့်ရှိကြောင်း သိရသည်။

Line Sectionalizer တပ်ဆင်ထားခြင်းကြောင့် လိုင်းအပြစ်ဖြစ်ပါက အလိုအလျောက် ဓာတ်အားဖြတ်တောက်ပေးခြင်း၊ Line Sectionalizer တွင် တပ်ဆင်ထားသော ဆင်းကတ်နှင့် ချိတ်ဆက်ထားသော ဟန်းဖုန်းများမှတစ်ဆင့် Command ပေး၍ ဓာတ်အားပြတ်တောက်သွားသောအပိုင်းကို ဓာတ်အားအတင်အချပြုလုပ်နိုင်ခြင်း၊ အင်းကုန်းပင်မခွဲရုံမှ ထရန်စဖော်မာနှင့် Protection Devices များကို သက်တမ်းကြာရှည်စွာ သုံးစွဲခံနိုင်စေခြင်း၊ လိုင်းအပြစ်ဖြစ်ပါက လျင်မြန်စွာ ပြုပြင်ပေးနိုင်သဖြင့် ဓာတ်အားပြတ်တောက်ချိန် နည်းပါးသွားစေခြင်း၊ ဓာတ်အားဖြန့်ဖြူးမှုစနစ် ပိုမိုကောင်းမွန်စေခြင်းနှင့် လျှပ်စစ်အန္တရာယ် ကင်းရှင်းစေခြင်း စသည့် အကျိုးကျေးဇူးများ ရရှိစေမည်ဖြစ်ကြောင်း ကျောက်ဆည်ခရိုင် လျှပ်စစ်မန်နေဂျာ ဦးမင်းမင်းထံမှ သိရသည်။

**ရဲဝင်းထွန်း(မြစ်သား)**



# လယ်မြေဧက ၅၀၀ ကို စက်မှုလယ်ယာအဖြစ် ဖော်ထုတ်ပေး

**ဘားအံ ဖေဖော်ဝါရီ ၂၈**

ကရင်ပြည်နယ် ဘားအံမြို့နယ်အတွင်းရှိ ကျေးရွာသုံးရွာမှ တောင်သူ ၅၈ ဦး၏ လယ်ယာမြေဧက ၅၀၀ ကို လက်မှုလယ်ယာစနစ်မှ စက်မှုလယ်ယာစနစ်သို့ ပြောင်းလဲစိုက်ပျိုးနိုင်ရေးအတွက် စနစ်တကျ စက်မှုလယ်ယာမြေအဖြစ် မြို့နယ်စက်မှုလယ်ယာဦးစီးဌာနက ဖော်ထုတ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ဘားအံမြို့နယ်အတွင်းရှိ ထုံအိုင်၊ ကော့သင်းနှင့် ခရားအတွင်း ကျေးရွာများမှ တောင်သူများ၏ တင်ပြတောင်းဆိုလာမှုအရ ပြည်နယ်အစိုးရ၏ ခွင့်ပြုရန်ပုံငွေ ကျပ်သန်း ၉၀ ဖြင့် စက်မှုလယ်ယာများ ဖော်ထုတ်ပေးခြင်းဖြစ်ကြောင်း၊ ထုံအိုင်(ကော့သန်ခါ)ကျေးရွာတွင် တောင်သူ ၃၁ ဦးပိုင်ဆိုင်သော လယ်မြေဧက ၂၀၀၊ ကော့သင်း (ကော့လမု) ကျေးရွာတွင် တောင်သူ ၁၅ ဦးပိုင်ဆိုင်သော လယ်မြေဧက ၁၅၀ နှင့် ခရားအတွင်းကျေးရွာတွင် တောင်သူ ၁၂ ဦးပိုင်ဆိုင်သော လယ်မြေဧက ၁၅၀ စုစုပေါင်း လယ်မြေဧက ၅၀၀ ကို စက်မှုလယ်ယာ စနစ်တကျ ဖော်ထုတ်ပေးခြင်းဖြစ်ကြောင်း သိရသည်။

တောင်သူများအနေဖြင့် စက်မှုလယ်ယာစနစ်တွင် စက်ယန္တရားများ အသုံးပြု၍ စိုက်ပျိုးနိုင်ပါက လုပ်သားရှားပါးမှု အခက်အခဲမရှိဘဲ အချိန်တိုအတွင်း သီးနှံများကို နှစ်သီးသုံးသီး စိုက်ပျိုးနိုင်မည်ဖြစ်ကြောင်း၊ ဖော်ထုတ်ပေးသည့် စက်မှုလယ်ယာများမှာ မြေတစ်ကွက်လျှင် ပေ ၁၂၀၊ ပေ ၃၆၀ အကျယ်ရှိပြီး ရေသွင်းရေထုတ်မြောင်း သုံးပေစီ၊ ကုန်ထုတ်လမ်း ၁၂ ပေ ပါရှိကြောင်း၊ မတ်လလလယ်ပိုင်းခန့်တွင် အပြီးဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ပြည်နယ်အတွင်း ထပ်မံ၍လည်း ဧက ၁၀၀၀ ကို စက်မှုလယ်ယာမြေအဖြစ် ဖော်ထုတ်ဆောင်ရွက်ရန် လျာထားကြောင်း စက်မှုလယ်ယာဦးစီးဌာနမှူး ဦးအောင်ဆန်းနိုင်က ပြောသည်။

စက်မှုလယ်ယာများ ဖော်ထုတ်ရာတွင် ထွန်ယက်စိုက်ပျိုးချိန်မှစ၍ ရိတ်သိမ်းခြွေလှေ့သည်အထိ စက်ကိရိယာများဖြင့် ဆောင်ရွက်ကြသည့်အခါ စနစ်တကျဖြစ်စေရေးအတွက် လိုအပ်သော မြေအကျယ်အဝန်း တိုင်းတာခြင်း၊ ကန်သင်းဖျက်ခြင်း၊ ထယ်ထိုးထယ်ချေခြင်း၊ မြေညှိခြင်း၊ နှစ်သီးသုံးသီး စိုက်ပျိုးနိုင်ရေးအတွက် ရေသွင်းရေထုတ်စနစ်များ၊ ထွက်ရှိလာသော သီးနှံများကို သယ်ယူရောင်းချနိုင်ရေးအတွက် ကုန်ထုတ်လမ်းများ စသည်ဖြင့် အဆင့်ဆင့် ဆောင်ရွက်ရကြောင်း သိရသည်။

**နေမျိုးလွင်(ဘားအံ)**



# ကလေးများအတွက် ပုံတူပန်းချီနှင့် ဆေးရောင်ခြယ်ပြိုင်ပွဲ ကျင်းပပေး

**တာချီလိတ် ဖေဖော်ဝါရီ ၂၈**

ကလေးငယ်များ ဉာဏ်ရည် ဉာဏ်သွေး ထက်မြက်စေရန်၊ တီထွင်ဖန်တီးမှုစွမ်းရည် မြင့်မားလာစေရန်နှင့် စာပေဖတ်ရှုလေ့လာသည့် အလေ့အကျင့်ကောင်းများ တိုးတက်လာစေရန် ရည်ရွယ်၍ ပုံတူပန်းချီပြိုင်ပွဲ၊ ဆေးရောင်ခြယ်ပြိုင်ပွဲနှင့် ဉာဏစွမ်းရည်ပြိုင်ပွဲများကို တာချီလိတ်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ကလေးစာဖတ်ခန်း၌ ဖေဖော်ဝါရီ ၂၆ ရက်က ကျင်းပခဲ့သည်။

ပြိုင်ပွဲတွင် တာချီလိတ်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးလုဒ္ဒေးက ပြိုင်ပွဲကျင်းပသည့် ရည်ရွယ်ချက်နှင့် စည်းကမ်းချက်များကို ရှင်းလင်းပြောကြားပြီး ပြိုင်ပွဲများ ကျင်းပပေးခဲ့ရာ အခြေခံပညာ အလယ်တန်း၊ မူလတန်းနှင့် မူလတန်းကြိုအဆင့် ကျောင်းသား ကျောင်းသူ ၂၃ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။ ပြိုင်ပွဲအပြီးတွင် ဆုရကျောင်းသားကျောင်းသူများအား ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်ခိုင်ခိုင်လင်းနှင့် ဝန်ထမ်းများက ဂုဏ်ပြုဆုနှင့် လက်ဆောင်ပစ္စည်းများ ချီးမြှင့်ပေးခဲ့ကြောင်း သိရသည်။




**ဝေယံလင်း**

# အသက်မွေးဝမ်းကျောင်း အထောက်အကူပြု အခြေခံစက်ချုပ်သင်တန်းဆင်း

**ကျောက်မဲ ဖေဖော်ဝါရီ ၂၈**

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲမြို့ ရက်ကန်းနှင့်အသက်မွေးပညာ သင်တန်းကျောင်း၌ ဒေသခံ အမျိုးသမီးငယ်များ၏ အသက်မွေးဝမ်းကျောင်းမှုတွင် အထောက်အကူပြုရေးအတွက် ဖွင့်လှစ်ခဲ့သော စက်ချုပ်သင်တန်းဆင်းပွဲကို ဖေဖော်ဝါရီ ၂၆ ရက်က သင်တန်းကျောင်းခန်းမ၌ ကျင်းပခဲ့သည်။

သင်တန်းဆင်းပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲထွဋ်နိုင်က သင်တန်းသူများအနေဖြင့် ယခုတတ်မြောက်ထားသော စက်ချုပ်ပညာဖြင့် အလုပ်အကိုင် အခွင့်အလမ်းရရှိပြီး စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်နိုင်တော့မည်ဖြစ်သောကြောင့် ကြိုးစားလုပ်ကိုင်သွားကြရန် တိုက်တွန်းပြောကြားခဲ့ပြီး ရက်ကန်းနှင့်အသက်မွေးပညာ သင်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်နီနီက သင်တန်းဖွင့်လှစ်သည့် ရည်ရွယ်ချက်များကို ပြောကြားကာ သင်တန်းတွင် ထူးချွန်ဆုရသူများအား မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ဆုများပေးအပ်ခဲ့သည်။ အဆိုပါ သင်တန်းကို ဇန်နဝါရီ ၂၉ ရက်မှ ဖေဖော်ဝါရီ ၂၆ ရက်အထိ ဖွင့်လှစ်သင်ကြားပေးခဲ့ပြီး သင်တန်းသို့ ကျောက်မဲမြို့ပေါ်နှင့် ကျေးရွာများမှ သင်တန်းသူ ၂၀ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

# အာဟာရဗေဒနှင့်အခြေခံမွေးမြူရေးပညာ ဆင့်ပွားသင်တန်း ချောက်မြို့နယ်၌ဖွင့်

**ချောက် ဖေဖော်ဝါရီ ၂၈**

မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၏ အစီအစဉ်ဖြင့် အာဟာရဗေဒနှင့် မွေးမြူရေးပညာ ဆင့်ပွားသင်တန်းကိုချောက်မြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနရုံး၌ ဖေဖော်ဝါရီ ၂၆ ရက်က ဖွင့်လှစ်ခဲ့သည်။

သင်တန်းကို ဖေဖော်ဝါရီ ၂၆ ရက်မှ မတ် ၂ ရက်အထိ ငါးရက်ကြာ သင်ကြားပို့ချမည်ဖြစ်ပြီး နည်းပြများအဖြစ် ချောက်မြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာ စိုးလင်းနှင့်ဒေါက်တာအောင်ဆန်းမင်းတို့က သင်ကြားမည်ဖြစ်ကြောင်း၊ သင်တန်းသို့တက်ရောက်သော သင်တန်းသားများအနေဖြင့် အာဟာရဗေဒနှင့် အခြေခံ မွေးမြူရေးဆိုင်ရာပညာများကို စနစ်တကျတတ်မြောက်ပြီး မိမိတို့ဒေသ ကျေးရွာများတွင် ဆက်လက် အသိပညာ ဖြန့်ဝေနိုင်မည်ဖြစ်၍ ကျေးလက် မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေမည်ဖြစ်ကြောင်း သိရသည်။

သင်တန်းဖွင့်ပွဲတွင် ချောက်မြို့နယ် ဒုတိယအုပ်ချုပ်ရေးမှူး ဦးအောင်စိုးဝင်းက အမှာစကားပြောကြားပြီး မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှူးက သင်တန်းဖွင့်လှစ်ခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့ကာ သင်တန်းသို့ ချောက်မြို့နယ်အတွင်း ကျေးရွာများမှ သင်တန်းသား ၃၀ တက်ရောက်ကြောင်း သိရသည်။

**ဝင်းအိမွန်(ပြန်/ဆက်)**



# အထွက်တိုးကြံစိုက်ပျိုးနည်း တောင်သူများအား သရုပ်ပြ

**ခင်ဦး ဖေဖော်ဝါရီ ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး ခင်ဦးမြို့နယ်တွင် ကြံစိုက်တောင်သူများ ဝင်ငွေသုံးဆတိုးတက်စေရေးအတွက် ကြံအထွက်နှုန်းတိုးတက်စေရန် စိုက်ပျိုးရေးဦးစီးဌာနက ဆောင်ရွက်လျက်ရှိပြီး အထွက်တိုးကြံစိုက်ပျိုးနည်းများကိုလည်း အင်တိုင်းလေးအုပ်စု ရွာသစ်ကုန်းကျေးရွာ၌ ဒေသခံတောင်သူများအား ဖေဖော်ဝါရီ ၂၄ ရက်က လက်တွေ့စိုက်ပျိုးသရုပ်ပြခဲ့ကြောင်း သိရသည်။

သရုပ်ပြပွဲတွင် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးသိန်းဇော်က အမှာစကား ပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးစိုးအောင်က သိပ္ပံနည်းကျ အထွက်တိုးကြံစိုက်ပျိုးနည်း သရုပ်ပြသည့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ဒေသခံ ကြံစိုက်တောင်သူများအား သိပ္ပံနည်းကျ ကြံစိုက်နည်းစနစ်ဖြင့် အထွက်တိုးကြံမျိုးများဖြစ်သော နဝဒေး(၄)ကြံမျိုး ၁ ဒသမ ၂၅ ဧက၊ နေပြည်တော်(၁) ကြံမျိုး ၀ ဒသမ ၂၅ ဧကနှင့် ဒေသမျိုး ၀ ဒသမ ၅၀ ဧက တစ်ဆစ်ပိုင်း စိုက်ပျိုးမှုများကို စိုက်ပျိုးရေးဝန်ထမ်းများက လက်တွေ့စိုက်ပျိုး သရုပ်ပြခဲ့သည်။

သိပ္ပံနည်းကျ အထွက်တိုးကြံကို တစ်ဆစ်ချင်း ပျိုးထောင်စိုက်ပျိုးခြင်းဖြင့် ကြံမျိုးအသုံးပြုမှုနည်း၍ မျိုးအတွက် ကုန်ကျစရိတ် သက်သာခြင်း၊ အပင်ပေါက်နှုန်း ညီညာကောင်းမွန်ခြင်း၊ ပင်ပွားညီပြီး များခြင်း၊ စိုက်ခင်းကို မြေပြုပြင်ချိန် ပိုမိုရရှိခြင်း၊ မြေသြဇာကို အလေအလွင့်မရှိ ထိရောက်စွာအသုံးပြုနိုင်ခြင်း၊ လေနှင့်နေရောင်ခြည်ကို ပိုမိုရရှိခြင်း၊ ရေသွင်းရေထုတ် လွယ်ကူခြင်း စသည့်အကျိုးကျေးဇူးများ ရရှိနိုင်သည့်အပြင် တစ်ဧကေ တန် ၅၀ နှင့်အထက် ထွက်ရှိနိုင်ကြောင်း မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနမှူးထံမှ သိရသည်။

**ခင်ဦးစိုးဝေ**

# ၂၀၁၇ ခုနှစ်မှာ ဟက်ထရစ် သုံးကြိမ်သွင်းတဲ့ ဟယ်ရီကိန်း

စပါးတိုက်စစ်မှူး ဟယ်ရီကိန်းဟာ စတုတ်နဲ့ ကစားတဲ့ပွဲမှာ ဟက်ထရစ်သွင်းပေးခဲ့တဲ့အတွက် ဒီနှစ်ထဲမှာ ဟက်ထရစ်သုံးကြိမ် သွင်းယူတဲ့ တိုက်စစ်မှူးဖြစ်လာခဲ့ပါတယ်။ ကိုးပွဲအတွင်းမှာ ဟယ်ရီကိန်းက သုံးကြိမ်တိုင်တိုင် သွင်းယူပေးတဲ့ တိုက်စစ်မှူးဖြစ်လာခဲ့ပါတယ်။ ဒီပွဲမှာ စပါးက စတုတ်ကို လေးဂိုးပြတ်နဲ့ အနိုင်ရခဲ့ပါတယ်။ စပါးအသင်းဟာ ဒီအနိုင်ပွဲကြောင့် ဇယားဒုတိယနေရာ ခုန်တက်လာခဲ့ပါတယ်။ ပွဲစဉ် ၂၆ အပြီး စတုတ်ကတော့ အဆင့် ၁၀ မှာ ရပ်တည်လျက်ရှိပါတယ်။ စပါးအသင်းဟာ ဒီပွဲမှာ အနိုင်ရခဲ့တဲ့အတွက် မန်စီးတီးကိုကျော်ပြီး ဒုတိယနေရာကို ခုန်တက်လာခဲ့ပါတယ်။ ဟယ်ရီကိန်းဟာ ၂၀၁၇ ခုနှစ် အစကတည်းက ဂိုးတွေ သွင်းယူခဲ့ရာမှာ ပြိုင်ပွဲ အားလုံး ၁၁ ပွဲ ကစားရာမှာ ၁၂ ဂိုးအထိ သွင်းယူထားနိုင်ပြီဖြစ်ပါတယ်။ သူဟာ ဇန်နဝါရီ ၁၄ ရက်က ဝက်စ်ဘရွန်းနဲ့ ကစားတဲ့ပွဲနဲ့ အက်ဖ်အေ ပဉ္စမဆင့် ဖူလ်ဟမ်နဲ့ပွဲတွေမှာလည်း ဟက်ထရစ်ဂိုး သွင်းယူပေးခဲ့ပါတယ်။



# လိဂ်ဖလား ဆွတ်ခူးနိုင်ခြင်းနဲ့အတူ မန်ယူရဲ့ အောင်မြင်မှုကို စတင်ပြီ

မန်ယူနဲ့ ဆောက်သမ်တန်အသင်းတို့ဟာ EFL ဖလားဗိုလ်လုပွဲအဖြစ် ယှဉ်ပြိုင်ကစားရာမှာ မန်ယူက အီဘရာဟီမိုဗစ်ချ်ရဲ့ နောက်ကျဂိုးနဲ့ အနိုင်ရပြီး ဖလားဆွတ်ခူးနိုင်ခဲ့ပါတယ်။ မော်ရင်ဟိုနည်းပြဖြစ်လာပြီးတဲ့နောက် မန်ယူက ပထမဆုံး ဖလားဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်ပါတယ်။ ဒီဖလားဆွတ်ခူးနိုင်ခဲ့ခြင်းဟာ မန်ယူအတွက် အောင်မြင်မှုကို စတင်နိုင်မလားဆိုတာ မေးခွန်းထုတ်နေကြပါတယ်။ မန်ယူက ဒီပွဲမှာ သုံးဂိုး-နှစ်ဂိုးနဲ့ အနိုင်ရပြီး ဖလားဆွတ်ခူးခဲ့တာဖြစ်ပါတယ်။ အီဘရာဟီမိုဗစ်ချ်ရဲ့ နောက်ကျဂိုးကြောင့် ဖလားဆွတ်ခူးလိုက်ခြင်း ဖြစ်ပါတယ်။ အသက် ၃၆ နှစ်အရွယ်ရှိ ဆွီဒင်တိုက်စစ်မှူး အီဘရာဟီမိုဗစ်ချ်ဟာ စုစုပေါင်း ဒီရာသီမှာ ၂၆ ဂိုးသွင်းယူထားသူဖြစ်ပါတယ်။ မော်ရင်ဟိုဟာ ဒီလိဂ်ဖလားကို ၂၀၀၅ ခုနှစ်က ချယ်လ်ဆီးအသင်းနဲ့အတူ လီဗာပူးအား အနိုင်ယူပြီး ဖလားဆွတ်ခူးနိုင်ခဲ့ပါတယ်။ ၂၀၁၅ ခုနှစ်ကလည်း စပါးကိုနိုင်ပြီး ချယ်လ်ဆီးနဲ့အတူ ဖလားဆွတ်ခူးနိုင်ခဲ့ပါတယ်။



ကောင်းမြတ်သူ - စုစည်းသည်။



# ရီးရဲမက်ဒရစ်ရော ဘာစီလိုနာပါ အောင်ပွဲကိုယ်စီခံဦးမယ့် လာလီဂါပွဲစဉ်(၂၅)

ဒီတစ်ပတ်ရဲ့ လာလီဂါပွဲစဉ်(၂၅)ကို ကြားရက်ဖြစ်တဲ့ မတ် ၂ ရက် (ကြာသပတေး)နေ့မှာ ကစားမှာဖြစ်ပါတယ်။ တန်းစီဇယားထိပ်ပိုင်းက အသင်းကြီးတွေအတွက် အခက်အခဲရှိနိုင်တဲ့ပွဲဖြစ်ပြီး ကျန်အသင်းတွေအတွက်ကတော့ အင်အားအပြည့်အသုံးပြု ရင်ဆိုင်ရမယ့်ပွဲတွေ ဖြစ်နေပါတယ်။ အထူးသဖြင့် တန်းဆင်းဇုန်အတွင်းက အသင်းတွေရဲ့ ရုန်းထမှုက ဘယ်လောက်အထိ အကျိုးသက်ရောက်မှုရှိနိုင်မလဲဆိုတာကလည်း စိတ်ဝင်စားစရာ ဖြစ်နေတာအမှန်ပါပဲ။

**ရီးရဲမက်ဒရစ်နှင့် လက်စ်ပယ်မက်စ်**

ဒီနှစ်လာလီဂါမှာ အိမ်ကွင်းရှုံးပွဲမရှိအောင် ကစားထားနိုင်တဲ့ ရီးရဲမက်ဒရစ်ဟာ အကောင်းဆုံးတိုက်စစ်စွမ်းရည်နဲ့ အတောင့်တင်းဆုံးခံစစ်ကို ပိုင်ဆိုင်ထားပါတယ်။ အိမ်ကွင်းမှာ ဂိုးပိုမိုသွင်းနိုင်ရေး အားထုတ်တဲ့ တိုက်စစ်ကြောင့် လက်စ်ပယ်မက်စ်တို့ ကစားကွက်တည်မရအောင် ဖြစ်သွားနိုင်ပါတယ်။ အခုအချိန်အထိ ဒီနှစ်လာလီဂါမှာ အဝေးကွင်း ၁၁ ပွဲ ကစားခဲ့ရာမှာ တစ်ပွဲသာ အနိုင်ရထားပြီး နှစ်ပွဲသရေဖြစ်ထားကာ ရှစ်ပွဲရှုံးထားတဲ့ လက်စ်ပယ်မက်စ်တို့အတွက် အမှတ်ရဖို့ ခဲယဉ်းမှာ အမှန်ပါပဲ။ အထူးသဖြင့် လက်စ်ပယ်မက်စ်တို့က အဝေးကွင်းမှာဆိုရင် ခံစစ်မှူးတွေအများလုပ်တတ်တာကြောင့် အခုပွဲမှာ ရီးရဲမက်ဒရစ်တို့ သုံးမှတ်အပြည့်ယူပြီး အိမ်ကွင်းရှုံးပွဲမရှိ စံချိန်ကို ဆက်လက်ထိန်းသိမ်းထားပါလိမ့်မယ်။

**ဘာစီလိုနာနှင့် ဂီဂျွန်**

ဒီနှစ် လာလီဂါဖလားကို မျှော်မှန်းနေတဲ့ ဘာစီလိုနာတို့ကတော့ တန်းစီဇယား ဒုတိယနေရာကနေပြီး ရီးရဲမက်ဒရစ်ကို ဖိအားပေးနေပါတယ်။ တန်းဆင်းဇုန်ထဲ ရောက်နေတဲ့ ဂီဂျွန်ကို ဘာစီလိုနာတို့ အရံလူတွေနဲ့ ပွဲထွက်လာခဲ့မယ်ဆိုရင်တော့ မမျှော်လင့်တဲ့ရလဒ်ကို ပိုက်ထွေးသွားရပါလိမ့်မယ်။ ဂီဂျွန်တို့က ဘာစီလိုနာကို တစ်ဂိုးချင်းရော အသင်းလိုက်ပါ ယှဉ်နိုင်ဖို့ မလွယ်ပါဘူး။ ဒီနှစ်သင်းရဲ့ နောက်ဆုံးငါးပွဲတွေ့ဆုံမှုကိုကြည့်ရင် ဂီဂျွန်တို့ တစ်ပွဲမှ နိုင်ပွဲမရခဲ့ပါဘူး။ ဂီဂျွန်တို့က နောက်ဆုံးကစားခဲ့တဲ့ သုံးပွဲရလဒ်ကိုကြည့်ရင် အက်သလက်တီကိုအသင်းကိုတော့ လေးဂိုး-တစ်ဂိုးနဲ့ ရှုံးထားပါတယ်။ ခြေစွမ်းကောင်းမရသေးတဲ့ ဂီဂျွန်ဟာ ဒီပွဲမှာ အမှတ်မျှော်လင့်ချက်ထားလို့ မရသေးတဲ့ပွဲပါပဲ။

**အိုဆာဆူနာနှင့် ဗီလာရီးရဲလ်**

ဒီနှစ်လာလီဂါမှာ အိမ်ကွင်းတစ်ပွဲမှ နိုင်ပွဲမရသေးတဲ့ အိုဆာဆူနာတို့အတွက် ပြိုင်ဘက်က ဗီလာရီးရဲဖြစ်နေတာကြောင့် ခက်ခဲဦးမယ့်ပွဲဖြစ်နေပါတယ်။ ဗီလာရီးရဲလ်တို့ကလည်း အဝေးကွင်းမှာ သရေပွဲများနေတာမို့ ဒီပွဲကို ပေါ့ဆဆကစားလို့တော့ မရပါဘူး။ ဗီလာရီးရဲရဲ့ တိုက်စစ်မှူးတွေက အဝေးကွင်းမှာ ဂိုးပေါက်ပျောက်နေတတ်တာက အားနည်းချက်တစ်ရပ်ဖြစ်နေပေမယ့် ခံစစ်ကို ဦးစားပေး ကစားတတ်တာကလည်း အခုပွဲမှာ အိုဆာဆူနာကို ပွဲကျပ်အဖြစ် ရင်ဆိုင်စေဦးမှာ ဖြစ်ပါတယ်။ ဒီနှစ်သင်းရဲ့ နောက်ဆုံးငါးပွဲတွေ့ဆုံမှုကိုကြည့်ရင် ဗီလာရီးရဲက သုံးပွဲနိုင်ပြီး သရေတစ်ပွဲဖြစ်ကာ အိုဆာဆူနာတို့က တစ်ပွဲနိုင်ထားပါတယ်။ ဒီပွဲမှာ အဝေးကွင်းဆိုပေမယ့် ဗီလာရီးရဲကိုပဲ ယုံကြည်မှုပေးရမှာ ဖြစ်ပါတယ်။

**ဆီဗီလာနှင့် ဘီလ်ဘာအို**

ဒီနှစ်လာလီဂါမှာ ခြေစွမ်းကောင်း ပြသနေတဲ့ ဆီဗီလာတို့ကတော့ အိမ်ကွင်းမှာ အကောင်းဆုံးတိုက်စစ်၊ ခံစစ်စွမ်းရည်တွေ ရရှိနေပါတယ်။ ဘီလ်ဘာအိုတို့ကတော့ အဝေးကွင်းမှာ ရလဒ်တွေ ဆိုးရွားနေတာမို့ ပြင်ဆင်မှုတွေပြုလုပ်ရဦးမှာဖြစ်ပါတယ်။ ချန်ပီယံ ပြေးလမ်းပေါ်ရောက်နေပြီး ချန်ပီယံလိဂ်ဝင်ခွင့်အတွက်လည်း သေချာတဲ့ခြေလှမ်းလှမ်းနိုင်ရေး အခုပွဲမှာ အမှားလုပ်မှာ မဟုတ်ပါဘူး။ ဆီဗီလာနဲ့ ဘီလ်ဘာအိုတို့ နောက်ဆုံးငါးပွဲတွေ့ဆုံမှုကိုကြည့်ရင်တော့ ဆီဗီလာက နှစ်ပွဲနိုင်ပြီး ဘီလ်ဘာအိုတို့က သုံးပွဲနိုင်ထားပါတယ်။ လက်ရှိခြေစွမ်းအရ အမှတ်ခွဲယူရကိန်းဆိုက်သွားနိုင်ပါတယ်။

**ဒီပို့တီဗိုနှင့် အက်သလက်တီကို**

ချန်ပီယံလိဂ်ဝင်ခွင့်အတွက် တိုက်ပွဲဝင်နေရတဲ့ အက်သလက်တီကိုတို့အတွက် အခုပွဲဟာ အမှားအယွင်းမရှိအောင် အားထုတ်ရမယ့်ပွဲပါပဲ။ ဒီပို့တီဗိုတို့က အိမ်ကွင်းမှာဆိုရင် ခြေကုန်ထုတ်ကစားတတ်တာမို့ အက်သလက်တီကိုတို့ သတိထားကစားရပါလိမ့်မယ်။ အခုတလော ခြေစွမ်း ယိမ်းယိုင်လာတဲ့ ဒီပို့တီဗိုတို့လည်း ခံစစ်လုံအောင် အခြေပြုရင်ဆိုင်မှာမို့ အက်သလက်တီကို တိုက်စစ်မှူးတွေ အခက်တွေ့နိုင်ပါတယ်။ ဒီနှစ်သင်းရဲ့နောက်ဆုံး ငါးပွဲတွေ့ဆုံခဲ့မှုကိုကြည့်ရင် အက်သလက်တီကိုတို့ ရှုံးပွဲမရှိခဲ့တာမို့ အခုပွဲမှာလည်း အက်သလက်တီကိုတို့ပဲ အောင်ပွဲခံသွားပါလိမ့်မယ်။

**ဂရန်နာဒါနှင့် အလာဗက်စ်**

တန်းဆင်းဇုန်ထဲ ရောက်နေတဲ့ ဂရန်နာဒါဟာ ဒီပွဲမှာတော့ အကြိတ်အနယ် ရုန်းကန်ပါလိမ့်မယ်။ အဝေးကွင်းမှာ ခြေစွမ်းကျဆင်းတတ်ပေမယ့် အိမ်ကွင်းမှာ ခြေစွမ်းပြနိုင်တဲ့ ဂရန်နာဒါဟာ အလာဗက်စ်ကို အခွင့်အရေးပေးမှာတော့ မဟုတ်ပါဘူး။ ဒီနှစ်သင်းရဲ့ နောက်ဆုံးငါးပွဲတွေ့ဆုံခဲ့မှုကိုကြည့်ရင် ဂရန်နာဒါတို့တစ်ပွဲသာနိုင်ထားပြီး အလာဗက်စ်တို့က သုံးပွဲနိုင်ကာ သရေတစ်ပွဲဖြစ်ထားပါတယ်။ ဒါပေမယ့် အခုအချိန်မှာ တန်းမဆင်းရရေး ခြေကုန်ဖွင့်ကစားမယ့် ဂရန်နာဒါတို့ပဲ အမှတ်ပြည့်ရအောင် ရှာဖွေပါလိမ့်မယ်။ ။

မိုးမြင့်လင်းလက်

# တရုတ်ကလပ်က ပေါင်သန်း ၉၀ အထိပေးပြီး ကမ်းလှမ်းလာတဲ့ ကော်စတာ

ချယ်လ်ဆီးအသင်းရဲ့အဓိကတိုက်စစ်မှူး ဒီယေဂို ကော်စတာကို တရုတ်ကလပ်တစ်ခုဖြစ်တဲ့ တန်ကျင်းကွမ်ကျန်းကလပ်က ပေါင်သန်း ၉၀ နဲ့ ခေါ်ယူဖို့ ကမ်းလှမ်းထားပါတယ်။ တရုတ် စူပါလိဂ်ကလပ် တန်ကျင်းကွမ်ကျန်းဟာ ကမ္ဘာ့ဖလားနဲ့ အကောင်းဆုံးဘောလုံးသမားဆုရ ဖာဘီယို ကင်နာဗာရို နည်းပြဆောင်ရွက်နေတဲ့ တန်ကျင်းကွမ်ကျန်းက စပိန်လက်ရွေးစင် ကော်စတာကို ပေါင်သန်း ၉၀ နဲ့ ခေါ်ယူဖို့ ကမ်းလှမ်းခဲ့တာဖြစ်ပါတယ်။ အဲဒီကလပ်က ကော်စတာရဲ့လုပ်ခလစာ သုံးနှစ်အတွက် ပေါင် ၅၅ သန်းပေးမယ်လို့လည်း ဆိုပါတယ်။ ချယ်လ်ဆီးကတော့ ဒီကမ်းလှမ်းမှုကို ပယ်ချလိုက်ပါတယ်။ ကော်စတာ ကိုယ်တိုင်ကလည်း ဒီကမ်းလှမ်းမှုဟာ ကောလာဟလလို့ ပြောဆိုလိုက်ပါတယ်။ ကော်စတာဟာ ပေ့ါဂ်ဘာပြီးရင် ဒုတိယမြောက် ပြောင်းရွှေ့ကြေး အမြင့်ဆုံး ကစားသမားဖြစ်လာနိုင်ပါတယ်။ ကော်စတာဟာ လက်ရှိချယ်လ်ဆီးအသင်းမှာ အဓိက အားထားနေရတဲ့ ကစားသမားတစ်ဦးဖြစ်ပါတယ်။



# ထုတ်လုပ်မှုစရိတ်မြင့်ပြီး ဈေးနှုန်းပုံမှန်သာရှိ၍ အုတ်ဖိုလုပ်ငန်းများအကျိုးအမြတ်နည်း

**သထုံ ဖေဖော်ဝါရီ ၂၈**

မွန်ပြည်နယ် သထုံမြို့နယ်အတွင်း လုပ်ကိုင်နေသော မြေမီးဖုတ်အုတ်လုပ်ငန်းများအနေဖြင့် ယခုနှစ်တွင် ထုတ်လုပ်မှုစရိတ်မြင့်မားပြီး ဈေးနှုန်းနှင့်ရောင်းအား ပုံမှန်သာရှိသောကြောင့် အကျိုးဖြစ်ထွန်းမှု နည်းပါးနေကြောင်း အုတ်လုပ်ငန်း လုပ်ကိုင်နေသူများထံမှ သိရသည်။

"တစ်နိုင်တစ်ပိုင်လုပ်ကြတဲ့ ဖိုပိုင်ရှင်တွေ အားလုံးလိုလိုက အရင်းအနှီးနည်းတော့ ငွေကို ကြိုယူပြီး လုပ်ကြတာများတယ်။ အုတ်ပေါ်ပြီဆိုတာနဲ့ လှောင်မထားနိုင်ဘဲ အလုပ်သမား ခရှင်းဖို့နဲ့ ကြိုယူထားသူတွေကို အုတ်ပေးဖို့အတွက် ဈေးနည်းလည်း ရောင်းရတော့တာပဲ။ အလုပ်သမားခကတော့ မနှစ်ကလောက်ပါပဲ။ ဒီနှစ်မှာ အုတ်ဖုတ်ဖို့အတွက် လိုအပ်တဲ့ လောင်စာထင်းတွေက ရှာရခက်တော့ ဈေးမြင့်လာတယ်။ နယ်ဝေးက အမှာတွေကလည်း သိပ်မလာတော့ အများကြီးဝယ်တာမျိုး နည်းသွားတယ်။ ဒီကြားထဲ မိုးကရွာလို့ အုတ်တွေပျက်စီးကုန်တာဆိုတော့ အုတ်ဖိုတိုင်းလိုလိုက အလုပ်သမား နေ့စားခလောက်ပဲရပြီး ဖိုပိုင်ရှင်တွေအတွက်ကတော့ သိပ်ပြီး မကိုက်ကြဘူး"ဟု သထုံမြို့နယ် ကော့သန်ကွင်းတွင် အုတ်ဖုတ်လုပ်ငန်းလုပ်ကိုင်နေသူ ဦးစံခိုင်က ပြောသည်။

ယခုနှစ် အုတ်ရာသီအစပိုင်း၌ တစ်လုံးလျှင် လုပ်ငန်းခွင်အတွင်း ၄၅ ကျပ်နှုန်းဖြင့် ဈေးဖွင့်ရောင်းချခဲ့သော်လည်း လက်ရှိအချိန်တွင် ၄၂ ကျပ်ဝန်းကျင်ခန့်သာ ဈေးပေါက်နေပြီး အိမ်အရောက် ပို့ပေးရပါက ကားခကြောင့် နေရာအကွာအဝေးပေါ်မူတည်၍ အုတ်ဈေးနှုန်း အပြောင်းအလဲရှိကြောင်း ၎င်းက ဆိုသည်။

"ဒီအုတ်ဖိုတွေရှိတော့ လယ်ပြီးတဲ့ကာလမှာ ဝမ်းရေးအတွက် အဆင်ပြေတာပေါ့။ တခြား အလုပ်အကိုင်တွေကလည်း ရှားတယ်။ လယ်ပြီးတာနဲ့ အုတ်ဖိုလုပ်၊ အုတ်ဖိုပြီးတာနဲ့ လယ်ပြန်ဝင် ဒီလိုပဲ မိသားစုစားဝတ်နေရေးလေး အဆင်ပြေရုံ လုပ်နေရတာပါ။ အုတ်ဖိုတစ်ဖိုမှာ လုပ်သား ၃၀ လောက် အလုပ်လုပ်တယ်။ နေပူကြီးထဲမှာ တစ်နေကုန် အလုပ်လုပ်မှ တစ်နေ့ ၄၀၀၀ လောက်ပဲ ရပေမယ့် မိသားစုတွေက ဒါကိုပဲ အားကိုး နေရတာပါ"ဟု အုတ်ဖိုတွင် အလုပ်လုပ်ကိုင်နေသည့် လုပ်သားတစ်ဦးဖြစ်သည့် ဦးဌေးလှိုင်က ပြောသည်။

သထုံမြို့နယ်တွင် တရားဝင် ခွင့်ပြုချက်လိုင်စင်ဖြင့် လုပ်ကိုင်လျက်ရှိသော အုတ်ဖိုပေါင်း ၄၀ ခန့်ရှိပြီး အုတ်ဖုတ်လုပ်ငန်းများကို ဒီဇင်ဘာလမှ မတ်လကုန်အထိ လုပ်ကိုင်ကြကာ အုတ်ဖိုတစ်ခုလျှင် တစ်ရာသီအတွင်း ပျမ်းမျှ အုတ်အလုံးရေ လေးသိန်းခန့် ထုတ်လုပ်နိုင်ကြောင်း မြို့နယ်အုတ်လုပ်ငန်းရှင်များအဖွဲ့မှ သိရသည်။

**သက်ဦး(သထုံ)**





# ထိုင်း-မြန်မာ သာသနာတော်ဆိုင်ရာ သံဃာနှီးနှောဖလှယ်ပွဲကျင်းပ

**မြိတ် ဖေဖော်ဝါရီ ၂၈**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ မဟာသိဒ္ဓိဇယစေတီ အမရဝတီဗုဒ္ဓသာသနာ့ဗိမာန်၌ ပထမအကြိမ် ထိုင်း-မြန်မာ ချစ်ကြည်ရေး ဆွမ်းဆန်စိမ်းလောင်းလှူပွဲနှင့် သာသနာတော်ဆိုင်ရာ သံဃာနှီးနှောဖလှယ်ပွဲကို ဖေဖော်ဝါရီ ၂၆ ရက်က ကျင်းပခဲ့သည်။

သာသနာတော်ဆိုင်ရာ သံဃာနှီးနှောဖလှယ်ပွဲသို့ ထိုင်းနိုင်ငံမှ ပင့်သံဃာတော် ၂၇ ပါးနှင့် မြိတ်မြို့မှ သံဃာတော် ၂၇ ပါး တက်ရောက်ခဲ့ကြပြီး သာသနာရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကာ မြိတ်ခရိုင် သာသနာရေးဦးစီးဌာနမှူး ဦးကျော်မင်းနိုင်က သာသနာရေးဆိုင်ရာများ လျှောက်ထားခဲ့သည်။ ထို့နောက် မြိတ်မြို့နယ်သံဃနာယကအဖွဲ့အကျိုးဆောင်ဆရာတော်က သာသနာရေးဆောင်ရွက်မှုဆိုင်ရာများကို ရှင်းလင်းဆွေးနွေးခဲ့ပြီး ထိုင်းနိုင်ငံမှ ဆရာတော်တစ်ပါးက ထိုင်းနိုင်ငံ၏ သာသနာရေးဆိုင်ရာ ဆောင်ရွက်ချက်များကို ရှင်းလင်းဆွေးနွေးခဲ့သည်။

ထို့နောက် ထိုင်းနိုင်ငံမှ ပင့်သံဃာတော်များသည် မြိတ်မြို့ကျက်သရေဆောင်လေးကျွန်းဆီမီးစေတီတော်၊ တောကျောင်းပရိယတ္တိစာသင်တိုက်ရှိ ရှေးဟောင်းသိမ်တော်နှင့် ဘုရားများ၊ အရှေ့သိမ်ကျောင်းတွင် ယိုးဒယားဘုရင် ဗာဟိကရာဇာ တည်ထားခဲ့သော ရှေးဟောင်းဘုရားသိမ်တို့ကို ဖူးမြော်ကြည်ညိုခဲ့ကြကြောင်း သိရသည်။

**ခိုင်ထူး(မြိတ်)**

# ကသာမြို့နယ်တွင် တန်ပိုယာဉ်များကို ထိရောက်စွာအရေးယူတော့မည်

**ကသာ ဖေဖော်ဝါရီ ၂၈**

ကသာမြို့နယ်အတွင်းမှ လမ်းတံတားများ ကြံ့ခိုင်ကောင်းမွန်ပြီး ရေရှည်အသုံးပြုနိုင်ရေးအတွက် ယာဉ်များအနေဖြင့် တန်ပိုတင်ဆောင် မောင်းနှင်ခြင်း မပြုကြရန်နှင့် တန်ပိုတင် မောင်းနှင်သည့်ယာဉ်များကို ထိရောက်စွာ အရေးယူသွားတော့မည်ဖြစ်ကြောင်း လမ်းဦးစီးဌာန တာဝန်ရှိသူများထံမှ သိရသည်။

ကသာမြို့နယ် ဆောက်လုပ်ရေးဦးစီးဌာနရုံးတွင် ဖေဖော်ဝါရီ ၂၆ ရက်က ပြုလုပ်ခဲ့သည့် ယာဉ်များ တန်ပိုတင်ဆောင်မောင်းနှင်ခြင်းမပြုရန် မော်တော်ယာဉ်လုပ်ငန်းရှင်များအား အသိပညာပေးကာလ တွေ့ဆုံဆွေးနွေးပွဲတွင် ကသာခရိုင်နှင့်မြို့နယ် လမ်းဦးစီးဌာနမှ တာဝန်ရှိသူများက ပြောကြားခဲ့ခြင်းဖြစ်သည်။

ကသာမြို့နယ် လမ်းဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက တန်ပိုယာဉ်များကို စက်ပစ္စည်းများနှင့် ထရန်စဖော်မာတင် ယာဉ်များမှအပ လမ်း/တံတားများပေါ်တွင် ဖြတ်သန်းခွင့် ပြုတော့မည်မဟုတ်အကြောင်း အသိပညာပေးမှုများကို မတ် ၁၀ ရက်အထိ ပညာပေးကာလသတ်မှတ်ပြီး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဧပြီ ၁ ရက်မှစ၍ တန်ပိုတင်ထားသည့် ယာဉ်များကို ဖြတ်သန်းခွင့်မပြုတော့ဘဲ ထောင်ဒဏ် ခြောက်လဖြစ်စေ၊ ငွေဒဏ် အနည်းဆုံး ကျပ်ငါးသောင်းမှ ငါးသိန်းအထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်မည်ဖြစ်ကြောင်း ကုန်တင်ယာဉ်လုပ်ငန်းရှင်များအား ရှင်းလင်းပြောကြားခဲ့သည်။

တန်ပိုတင်ယာဉ်များ ဖြတ်သန်းခြင်းသည် လမ်း/တံတားများကို ဆိုးရွားစွာ ထိခိုက်ပျက်စီးစေ၍ တန်ပိုမတင်အောင် ဒဏ်ငွေရိုက်ခဲ့သော်လည်း မအောင်မြင်ခဲ့ကြောင်း၊ ပညာပေးကာလပြီးဆုံးပါက စက်ပစ္စည်းများနှင့် ထရန်စဖော်မာတင် ယာဉ်ကြီးများမှအပ အခြားကုန်တင်ယာဉ်များသည် လမ်း၊ တံတား ဂိတ်များတွင် တန်ပိုတင်ဆောင်၍ ဖြတ်သန်းခြင်းကို ခွင့်ပြုတော့မည်မဟုတ်ကြောင်း၊ တန်ပိုတင်ဆောင်လာပါက လမ်းမကြီးများဥပဒေပါ ပြစ်ဒဏ်များအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ငွေအိုး(ကသာ)**

# မြင်းခြံဒီဂရီကောလိပ် ခြေလျင်နှင့်တောင်တက်အသင်း ပုပ္ပားတောင်မကြီးသို့တက်ရောက်

**မြင်းခြံ ဖေဖော်ဝါရီ ၂၈**

မြင်းခြံဒီဂရီကောလိပ် ခြေလျင်နှင့်တောင်တက်အသင်းသည် အသင်းသားများ တောင်တက်အတွေ့အကြုံရရှိစေရေး ရည်ရွယ်၍ ပုပ္ပားတောင်မကြီးသို့ တက်ရောက်ရန် ခရီးစဉ်ကို ဖေဖော်ဝါရီ ၂၅ ရက်က မြင်းခြံမြို့မှ စတင်ထွက်ခွာခဲ့ကြောင်း သိရသည်။

ပုပ္ပားတောင်မကြီးသို့ တက်ရောက်သည့်ခရီးစဉ်တွင် အုပ်ချုပ်သူအဖြစ် ရုက္ခဗေဒဌာန တွဲဘက်ပါမောက္ခ ဒေါ်မာမာအေး ဦးဆောင်၍ ဆရာ ဆရာမ ၂၀ နှင့် ၂၀၁၆-၂၀၁၇ ပညာသင်နှစ် ဘာသာရပ်ပေါင်းစုံမှ ကျောင်းသား ကျောင်းသူ ၃၀၀ ပါဝင်ကြောင်း၊ ကျောင်းသား ကျောင်းသူ အချင်းချင်း ချစ်ခင်ရင်းနှီးမှုရရှိရေး၊ အများစုပေါင်းဆောင်ရွက်တတ်စေရေးနှင့် တစ်ဦးနှင့်တစ်ဦး ကူညီစောင့်ရှောက်နိုင်ရေး အလေ့အကျင့်ကောင်းများ ရရှိရန် ရည်ရွယ်ချက်များဖြင့် တောင်တက်ခဲ့ခြင်းဖြစ်ကြောင်း၊ ပုပ္ပားတောင်မကြီးသို့ နံနက် ၈ နာရီတွင် စတင်တက်ရောက်ခဲ့ကြပြီး တက်ရောက်ရာ လမ်းတစ်လျှောက်တွင် သဘာဝပတ်ဝန်းကျင် လေ့လာခြင်းများလည်း ပြုလုပ်ခဲ့ကြကြောင်း သိရသည်။

**ဇော်မင်းနိုင်(မြင်းခြံ)**

# မီးဘေးကာကွယ်ရေးအတွက် ကန့်ကြီးထောင့်မြို့မဈေး၌ ဇာတ်တိုက်လေ့ကျင့်

**ကန့်ကြီးထောင့် ဖေဖော်ဝါရီ ၂၈**

ပူပြင်းခြောက်သွေ့သော နွေရာသီရောက်ရှိလာပြီဖြစ်သဖြင့် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် ဇာတ်တိုက်လေ့ကျင့်မှုကို ဧရာဝတီတိုင်းဒေသကြီး ကန့်ကြီးထောင့်မြို့ မြို့မစည်ပင်သာယာဈေး၌ မြို့နယ်မီးသတ်ဦးစီးဌာနနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့တို့ ပူးပေါင်းပြီး ဖေဖော်ဝါရီ ၂၆ ရက်က ပြုလုပ်ခဲ့သည်။

မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်ရာတွင် ကန့်ကြီးထောင့်မြို့နယ် မီးသတ်ဦးစီးဌာနမှူး ဦးမျိုးမြင့်စိုး ဦးဆောင်သည့် မီးသတ်တပ်ဖွဲ့ဝင်များက မီးငြိမ်းသတ်ယာဉ် နှစ်စီး၊ ရေသယ်ယာဉ်နှစ်စီးဖြင့် မြို့မစည်ပင်သာယာဈေးရှေ့၌ အသင့်နေရာယူပြီး မီးလောင်မှုဖြစ်ပွားပါက ငြိမ်းသတ်သည့်ပုံစံအတိုင်း လက်တွေ့သရုပ်ပြ ဇာတ်တိုက်လေ့ကျင့်ခဲ့ကြသည်။ ထို့အပြင် ဈေးသူဈေးသားများကိုလည်း မီးသတ်ဆေးဘူးအသုံးပြုပုံများကို လက်တွေ့သရုပ်ပြပြီး မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးနှင့် ပတ်သက်သော ဆောင်ရန်ရှောင်ရန်များကိုလည်း အသိပညာပေး ဆွေးနွေးဟောပြောခဲ့သည်။



မီးငြိမ်းသတ်ခြင်း ဇာတ်တိုက်လေ့ကျင့်ရာတွင် မြို့နယ်စည်ပင်သာယာရေး ကော်မတီ ဝန်ထမ်းများနှင့် ဈေးသူဈေးသားများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်နှင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များလည်း စုပေါင်းပါဝင်ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**နန်းထိုက် (ပြန်/ဆက်)**



# ကလေးငယ်များအား ဗီတာမင်အေနှင့် သံချဆေးတိုက်ကျွေး

**မိုင်းယောင်း ဖေဖော်ဝါရီ ၂၈**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယောင်းမြို့ပေါ် ရပ်ကွက်များရှိ ကလေးငယ်များအား ဗီတာမင်အေ အားဆေးနှင့် သံချဆေးများကို မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနက ဖေဖော်ဝါရီ ၂၆ ရက်က တိုက်ကျွေးခဲ့ကြောင်း သိရသည်။

မိုင်းယောင်းမြို့ အမှတ်(၈)ရပ်ကွက်ရှိ မြို့နယ်မိခင်နှင့်ကလေးကျန်းမာရေးဌာန၌ အခြေပြု၍ မြို့နယ်အမျိုးသမီးကျန်းမာရေးဆရာမ ဒေါ်နန်းနွဲ့ကြီးကြပ်ပြီး ရပ်ကွက်ကျန်းမာရေးဆရာမနှင့် ကျန်းမာရေးဝန်ထမ်းများက ကလေးများအား ဆေးတိုက်ကျွေးခဲ့ရာတွင် မြို့ပေါ်ရပ်ကွက်များရှိ အသက်ခြောက်လမှ တစ်နှစ်ကြား ကလေး ၄၅ ဦးနှင့် အသက်တစ်နှစ်မှ ငါးနှစ်ကြား ကလေး ၃၄၇ ဦးအား ဗီတာမင်အေ အားဆေးများနှင့် အသက် နှစ်နှစ်မှ ငါးနှစ်ကြား ကလေး ၂၅၇ ဦးအား သံချဆေးများ တိုက်ကျွေးနိုင်ခဲ့ကြောင်း၊ ဗီတာမင်အေအားဆေး တိုက်ကျွေးရာတွင် အသက်ခြောက်လမှ တစ်နှစ်အောက်ကလေးများကို ဗီတာမင်အေ တစ်သိန်းအား၊ အသက်တစ်နှစ်မှ ငါးနှစ်ကြား ကလေးများကို ဗီတာမင်အေ နှစ်သိန်းအားများ တိုက်ကျွေးခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

## သတင်းတိုများ

### ဝက်သက်ရောဂါအကြောင်း ပညာပေးဆွေးနွေး

ကျန်းမာရေးဝန်ကြီးဌာနမှ ဦးစီး၍ ဝက်သက်ရောဂါအကြောင်း အသိပညာပေးဆွေးနွေးပွဲကို ရခိုင်ပြည်နယ် တောင်ကုတ်မြို့အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဖေဖော်ဝါရီ ၂၄ ရက်က ကျင်းပခဲ့ပြီး တောင်ကုတ်မြို့နယ် ပြည်သူ့ဆေးရုံမှ မြို့နယ် ဆရာဝန် ဒေါက်တာစန်းလွင်က ဝက်သက်ရောဂါ လက္ခဏာများအကြောင်းကိုလည်းကောင်း၊ ဝက်သက်ရောဂါ၏ နောက်ဆက်တွဲဆိုးကျိုးများဖြစ်သော အဆုတ်ရောင်၊ ဝမ်းလျှော၊ ဦးနှောက်ရောင်၊ နားစေးချောင်းဆိုး စသည့်ရောဂါများအကြောင်းကိုလည်းကောင်း ဆွေးနွေးပြောကြားခဲ့သည်။ ဆွေးနွေးပွဲသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလှမိုးဦးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့နယ်ကျန်းမာရေးဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ တက်ရောက်ခဲ့သည်။ တောင်ကုတ်မြို့တွင် ဝက်သက်ရောဂါဝေဒနာရှင် လေးဦးကို တွေ့ရှိခဲ့ပြီးနောက် အသိပညာပေးဆွေးနွေးပွဲကို ပြုလုပ်ခဲ့ခြင်းဖြစ်ကာ မြို့ပေါ်ရှိ ချောင်းကောက်၊ ကံပိုင်နှင့် ဂူတာရပ်ကွက်များမှ အသက်ကိုးလမှ ငါးနှစ်ကြား ကလေးငယ်များကိုလည်း ဖေဖော်ဝါရီ ၂၅ ရက်မှစ၍ ဝက်သက်ရောဂါကာကွယ်ဆေးများ ထိုးပေးလျက်ရှိကြောင်း သိရသည်။ **ကျော်သူရ(ပြန်/ဆက်)**

### ခန္တီးမြို့၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေး

စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့၌ ယာဉ်မောင်းသူများအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးလုပ်ငန်းများကို ခန္တီးမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များက ဖေဖော်ဝါရီ ၂၆ ရက်က ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ ခန္တီးမြို့ကမ်းနားလမ်းတစ်လျှောက်တွင် ယာဉ်မောင်းသူများအား ခန္တီးမြို့မရဲစခန်းမှူး ဦးလှတင့် ဦးစီးသည့်အဖွဲ့များက လက်ကမ်းစာစောင်များဖြန့်ဝေခြင်း၊ အသိပညာပေးဟောပြောခြင်းများ ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ပညာပေးလုပ်ငန်းများကို ခရိုင်စီမံခန့်ခွဲမှုကော်မတီ၏ ကြီးကြပ်မှုဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

### မှုခင်းကျဆင်းရေးနှင့် ကြားဖြတ်ရွေးကောက်ပွဲဆိုင်ရာများ ဟောပြော

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် စက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီရုံး ကနောင်ခန်းမ၌ မှုခင်းကျဆင်းရေးဆိုင်ရာ ဟောပြောပွဲနှင့် ၂၀၁၇ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများနှင့် သက်ဆိုင်သည့် ဟောပြောပွဲကို ဖေဖော်ဝါရီ ၂၆ ရက်က ကျင်းပခဲ့သည်။ ဟောပြောပွဲတွင် ရန်ကုန်အရှေ့ပိုင်းခရိုင်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြီးကျော်စိုးက မူးယစ်ဆေးဝါးအမှု၊ သက်ငယ်မုဒိမ်းမှု၊ လူသတ်မှု၊ လုယက်မှု စသည့် မှုခင်းဖြစ်ပွားမှုများ ကျဆင်းရေးဆိုင်ရာများကို ဟောပြောပြီး ၂၀၁၇ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများကိုလည်း ရှင်းလင်းဟောပြောခဲ့သည်။ ဟောပြောပွဲသို့ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးတိုးလှိုင်နှင့် တပ်ဖွဲ့ဝင်များ၊ မြို့နယ် ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးအောင်မြင့်နှင့် ကော်မရှင်အဖွဲ့ဝင်များ၊ ရပ်ကွက်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ရပ်မိရပ်ဖများ တက်ရောက်ခဲ့ကြသည်။ **ကိုကြီးစိုး(ဆိပ်ကမ်း)**

### မြောက်ဦးမြို့၌ လူငယ်နှင့်ငြိမ်းချမ်းရေးဖိုရမ်ကျင်းပ

ရခိုင်ပြည်နယ် မြောက်ဦးမြို့လူငယ်များအစည်းအရုံးက ကြီးမှူး၍ မြို့နယ်လုံးဆိုင်ရာ လူငယ်များ၏ လူငယ်နှင့်ငြိမ်းချမ်းရေးဖိုရမ် ဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၂၇ ရက်က မြောက်ဦးဟိုတယ်အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။ ဖိုရမ်ဆွေးနွေးပွဲသို့ မြောက်ဦးမြို့ လူငယ်များအစည်းအရုံး ဥက္ကဋ္ဌ ဦးမိုးဇော်မြင့်နှင့် မြို့နယ်အတွင်းရှိ ကျေးရွာများမှ လူငယ်မောင်မယ် ၃၀၀ ခန့်၊ ရခိုင်ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြပြီး ဦးမိုးဇော်မြင့်က လူငယ်များဖွံ့ဖြိုးရေး အခန်းကဏ္ဍနှင့် အနာဂတ်လူငယ်များ၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး ကဏ္ဍများကို ဆွေးနွေးသည်။ ထို့နောက် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးလှစောနှင့် ဦးကျော်ဝင်းတို့က ဖက်ဒရယ်ပြည်ထောင်စု အကြောင်းအရာများ၊ ပြည်တွင်းငြိမ်းချမ်းရေးစသည့် အကြောင်းအရာများကို ဆွေးနွေးခဲ့ကြသည်။

**(ခရိုင် ပြန်/ဆက်)**

### ကျေးလက်လုပ်ငန်းများကွင်းဆင်းစစ်ဆေး

သံတွဲမြို့နယ်အတွင်း ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း ဆိပ်ကြီးကျေးရွာမြစိမ်းရောင်စီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်ထားရှိမှုနှင့် ရွှေလေ့-ဆင်ခေါင်းလမ်း ၁/၄ မိုင် ကျောက်ချောလမ်း ဆောင်ရွက်နေမှုနှင့် ၎င်းလမ်းပေါ်တွင် ကွန်ကရစ်တံတားတည်ဆောက်ထားမှုအခြေအနေတို့ကို ဖေဖော်ဝါရီလတတိယပတ်က ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းနိုင်၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးတင်မောင်ဌေးနှင့်အဖွဲ့ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

**သန့်ဇင်(ပြန်/ဆက်)**

### ကျန်းမာရေးပညာပေးဟောပြောပြီး တိုင်းရင်းဆေးဖြင့် ကုသပေး

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး၌ ဒေသခံပြည်သူများအား ကျန်းမာရေး အသိပညာပေးဟောပြောပွဲနှင့် တိုင်းရင်းဆေးဖြင့် အခမဲ့ဆေးကုသခြင်းများကို ဖေဖော်ဝါရီ ၂၅ ရက်က ဆောင်ရွက်ခဲ့သည်။ ဟောပြောပွဲတွင် မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူးက ဟောပြောပွဲ ကျင်းပသည့် ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး မြို့နယ် တိုင်းရင်းဆေးကုဌာနမှ လက်ထောက် တိုင်းရင်းဆေးမှူးက ကျန်းမာရေးဆိုင်ရာ သတိပြုဖွယ်ရာများနှင့် တိုင်းရင်းဆေးအကြောင်း၊ တိုင်းရင်းဆေးဖြင့် ရောဂါများကုသခြင်းတို့ကို ဟောပြောခဲ့ပြီး ဆက်လက်၍ မြို့ပေါ်ရပ်ကွက်ငါးခုမှ ဒေသခံပြည်သူများအား တိုင်းရင်းဆေးဖြင့် အခမဲ့ ဆေးဝါးကုသပေးခဲ့ကြကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

## ငလျင်ဒဏ်သင့် ပုဂံဘုရားများ ပြန်လည်ပြုပြင်ရန် သန့်ရှင်းရေးလုပ်ငန်းများ ကူညီဆောင်ရွက်



**ညောင်ဦး ဖေဖော်ဝါရီ ၂၈**
ပုဂံညောင်ဦး ရှေးဟောင်းယဉ်ကျေးမှုနယ်မြေဒေသရှိ ငလျင်ဒဏ်သင့် ဘုရားများနှင့် စေတီပုထိုးများအား ရှေးမူလက်ရာမပျက် ပြန်လည်ပြုပြင်မွမ်းမံလျက်ရှိရာတွင် ရပ်ဝေးရပ်နီးမှ ပရဟိတအဖွဲ့များ၊ လူမှုရေးအသင်းအဖွဲ့များ၊ စေတနာရှင် ပြည်သူများကလည်း သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း အပါအဝင် လိုအပ်သည့် လုပ်အားဒါနများကို ပါဝင်လုပ်ဆောင်ပေးလျက်ရှိကြောင်း သိရသည်။

ငလျင်ဒဏ်သင့်ခဲ့သော ကူးနီးဘုရား၊ စေတနာကြီးဘုရား၊ မင်္ဂလာစေတီနှင့် ဘုရားအမှတ်(၂၂၀၉)တို့တွင် သန့်ရှင်းရေးလုပ်ငန်းများကို ဆရာတော် ဦးပညာသာရ ဦးစီးသော ကုသိုလ်တော် မြေငလျင်ဒဏ်သင့်ပုဂံဘုရားများ သန့်ရှင်းရေးအဖွဲ့မှ ဦးဆောင်၍ ရပ်ဝေးရပ်နီးမှ ပရဟိတနှင့် လူမှုရေးအသင်းအဖွဲ့များ စုပေါင်းကာ လိုအပ်သည့် သန့်ရှင်းရေးလုပ်ငန်းများကို ဖေဖော်ဝါရီ ၂၆ ရက်က ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

သန့်ရှင်းရေးလုပ်ငန်းများကို ကုသိုလ်တော် မြေငလျင်ဒဏ်သင့်ပုဂံဘုရားများ သန့်ရှင်းရေးအဖွဲ့နှင့်အတူ ဆိပ်ဖြူမြို့နယ်မှ ကမ်းဆင့်လက် ပရဟိတလူမှုကူညီရေးအသင်းအဖွဲ့မှ အသင်းသား ၅၀၊ မိတ္ထီလာမြို့နယ်နှင့် သာစည်မြို့နယ်တို့မှ စေတနာရှင်ပြည်သူ ၁၀၀၊ ပုသိမ် သာပေါင်းအဖွဲ့မှ ၃၀၊ Caldina Club အသင်းမှ လူဦးရေ ၆၀ ခန့်စုပေါင်းပါဝင်၍ ဆောင်ရွက်ခဲ့ကြကြောင်း၊ ငလျင်ဒဏ်ကြောင့်ပျက်စီးခဲ့သည့် ဘုရားများရှိ အုတ်ကျိုးများနှင့် အမှိုက်စများ သန့်ရှင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြသည့်အပြင် ဘုရားပြုပြင်ရန်အတွက် လိုအပ်သည့် ငြမ်းဆင်ခြင်း လုပ်ငန်းများကိုလည်း ဝိုင်းဝန်းကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်သည့် ပရဟိတအဖွဲ့များနှင့် စေတနာရှင်ပြည်သူများအား ဆရာတော် ဦးပညာသာရ ဦးဆောင်သည့် ပုဂံဘုရားများ သန့်ရှင်းရေးအသင်းအဖွဲ့က ထမင်းဟင်းများ ကျွေးမွေးလှူဒါန်းခဲ့ကာ ပရဟိတအဖွဲ့များ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ပေးမှုကို ညောင်ဦးခရိုင်အုပ်ချုပ်ရေးမှူး ဦးစိုးတင့်နှင့် တာဝန်ရှိသူများကလည်း လာရောက်ကြည့်ရှုအားပေးခဲ့သည်။ **ရဲဝင်းနိုင်(ညောင်ဦး)**

## မင်းလှခံတပ် ကမ်းပါးပြိုကျမှုကာကွယ်ရေးလုပ်ငန်းများ မကြာမီပြီးစီးမည်

**မင်းလှ ဖေဖော်ဝါရီ ၂၈**
ဧရာဝတီမြစ်၏ အနောက်ဘက်ကမ်းဘေး မင်းလှမြို့နယ် မြောက်ရပ်ကွက်အတွင်း တည်ရှိသည့် မင်းလှခံတပ်၏ အထက်ဘက်နှင့် အောက်ဘက်တွင် ကမ်းပြိုကျမှုကာကွယ်ရေးအတွက် ခံတပ်၏အထက်ဘက်တွင် ဘိုးပိုင်အခြေပြု ကျောက်စီမြေထိန်းတမံ အလျားပေ ၃၂၀ နှင့်ခံတပ်၏ အောက်ဘက်တွင် ဘိုးပိုင်အခြေပြု ကျောက်စီမြေထိန်းတမံ အလျား ၁၆၄ ပေ၊ ကျောက်စီမြေထိန်းနံရံ အလျား ၃၆ ပေ တည်ဆောက်ခြင်း လုပ်ငန်းများကို ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တာဝန်ယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများကို ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေ ကျပ် ၂၉၆ ဒသမ ၂၈ သန်းဖြင့် အကောင်အထည်ဖော် ဆောင်ရွက်နေခြင်းဖြစ်ကာ လုပ်ငန်းဆောင်ရွက်နေမှုများ မကြာမီ ပြီးစီးတော့မည်ဖြစ်ကြောင်း တာဝန်ယူတည်ဆောက်နေသော ဆောက်လုပ်ရေးအင်ဂျင်နီယာထံမှ သိရသည်။
**ကိုသက်(အထက်မင်းလှ)**



## ကလေးသူငယ်များ ပြုစုစောင့်ရှောက်ခြင်းစီမံချက်အကြောင်း အသိပေး

**ဒလ ဖေဖော်ဝါရီ ၂၈**
ပြုစုစောင့်ရှောက်ရန်နှင့် အကာအကွယ်ပေးရန်လိုအပ်သော ကလေးသူငယ်များအတွက် မိသားစုအခြေပြု အခြားစောင့်ရှောက်မှုနည်းလမ်းများ စီမံချက်နှင့်ပတ်သက်၍ အသိပေးမိတ်ဆက်ပွဲကို ဖေဖော်ဝါရီ ၂၇ ရက်က ဒလမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး၌ ကျင်းပခဲ့သည်။ အဆိုပါ စီမံကိန်းကို ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ်ရှိ Teree des homes Lausanne အဖွဲ့နှင့် လူမှုဝန်ထမ်း ဦးစီးဌာန၊ UNICEF နှင့် Child Focus Network တို့ ပူးပေါင်းဆောင်ရွက်မည် ဖြစ်ကြောင်း သိရသည်။

စီမံကိန်း အသိပေးမိတ်ဆက်ပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးယဉ်ထွေးက အမှာစကားပြောကြားပြီး Tdh-L အဖွဲ့ ခေါင်းဆောင် ဒေါ်ဥမ္မာစိုးက ၂၀၁၆ ခုနှစ်တွင် ရပ်ကွက် ကျေးရွာ ၁၄ ခု၌ စီမံချက်လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုကိုလည်းကောင်း၊ စီမံချက် မန်နေဂျာ ဒေါ်စုစုမာက Tdh-L အဖွဲ့အနေဖြင့် ၂၀၁၇ ခုနှစ်အတွက် ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကိုလည်းကောင်း ရှင်းလင်းပြောကြားခဲ့သည်။ ထို့နောက် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ NGO အဖွဲ့အစည်းများမှ အဖွဲ့ဝင်များက သိလိုသည့်အချက်များအား အကြံပြုဆွေးနွေးတင်ပြပြီး စီမံချက်မန်နေဂျာ ဒေါ်စုစုမာက ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။



Tdh-L အဖွဲ့အနေဖြင့် လူမှုဝန်ထမ်းဦးစီးဌာန၊ Unicef နှင့် Child Focus Network တို့နှင့် ပူးပေါင်းကာ ၂၀၁၀ ခုနှစ်မှ ၂၀၁၇ ခုနှစ် ဇန်နဝါရီလအထိ မြန်မာတစ်နိုင်ငံလုံးတွင် ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ရာ ဖြစ်ရပ် ၁၁၁၀ ခုအနက် ပြုစုစောင့်ရှောက်ရန်နှင့် အကာအကွယ်ပေးရန် လိုအပ်သော ကလေးသူငယ်ပေါင်း ၅၃၈ ဦးနှင့် ပြစ်မှုကျူးလွန်မှုတွင် ကလေးသူငယ်ပေါင်း ၂၂၅ ဦး၏ ကိစ္စများကို ဖြေရှင်းဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ဒလမြို့နယ်အတွင်း ပြုစုစောင့်ရှောက်ရန်နှင့် အကာအကွယ်ပေးရန် လိုအပ်သော ကလေး သူငယ် ၂၅ ဦးနှင့် ပြစ်မှုကျူးလွန်သူ ငါးဦးခန့်၏ ကိစ္စရပ်များကို ဆောင်ရွက် ပေးနိုင်ခဲ့ ကြောင်း သိရသည်။ Tdh-L အဖွဲ့သည် မိသားစုအခြေပြု အခြားစောင့်ရှောက်မှု စီမံချက်လုပ်ငန်းအဖြစ် ရပ်ကွက်/ကျေးရွာများအတွင်း အသိပညာပေးခြင်း၊ ရပ်ရွာ ပံ့ပိုးကူညီမှုအဖွဲ့ဝင်များကို စွမ်းဆောင်ရည်မြှင့်သင်တန်းများပေးခြင်း၊ ပြုစုစောင့်ရှောက်ရန်နှင့် အကာအကွယ်ပေးရန် လိုအပ်သော ကလေးငယ်များအား မိဘအရင်းသဖွယ်စောင့်ရှောက်မည့် မိသားစုများကို ရှာဖွေဖော်ထုတ်ပေးခြင်း စသည်တို့ကို ဆောင်ရွက်လျက်ရှိပြီး ရေရှည်တည်တံ့ရေးအတွက် လူမှုဝန်ထမ်းဦးစီးဌာနမှ ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **နိုင်လင်းကျော်(ဒလ)**

# ညောင်ပင်ဆိပ်ကျေးရွာမှ မြန်မာ့ရိုးရာသောက်ရေအိုးလုပ်ငန်း

**သိန်းလွင်(အောင်လံ)**

ညောင်ပင်ဆိပ်ကျေးရွာသည် မကွေးတိုင်းဒေသကြီး သရက်ခရိုင် အောင်လံမြို့နယ်တွင် တည်ရှိပြီး ဖွံ့ဖြိုးတိုးတက်သော ကျေးရွာတစ်ရွာဖြစ်သည်။ စေတီတန်ဆောင်း ကျောင်းကန်ဘုရားများ၊ အခြေခံပညာအထက်တန်းကျောင်း၊တိုက်နယ်ဆေးရုံ၊ ဆေးပေးခန်း၊ ကျေးရွာစာကြည့်တိုက်များနှင့် စည်ကားသောကျေးရွာတစ်ရွာဟုဆိုလျှင်လည်းမှားနိုင်မည်မထင်ပါ။ ညောင်ပင်ဆိပ်ကျေးရွာသို့သွားမည်ဆိုလျှင် အောင်လံမြို့မှ ၂၄ မိုင်အကွာ ဒုရင်ပိုလ်ကျေးရွာမှတစ်ဆင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ပြုပြင်ဖောက်လုပ်ပေးထားသော မြေနီကျောက်ချောလမ်းကလေးအတိုင်းနှစ်မိုင်ခန့်သွားလျှင် ညောင်ပင်ဆိပ်ကျေးရွာသို့ ရောက်ရှိနိုင်သည်။ ယခင်က ထိုလမ်းခရီးကို နွားလှည်းများ၊ မြင်းလှည်းများဖြင့်သာသွား ရောက်ခဲ့ကြရသော်လည်း၊ ယခုအခါတွင် ဆိုင်ကယ်များ၊ ကိုယ်ပိုင်ကားများ၊ ခရီးသည်တင်ကားများဖြင့် နေ့ညမပြတ်သွားလာနေကြပြီဖြစ်သည်။

ညောင်ပင်ဆိပ်ရွာဆိုလျှင် နွေဦးကာလ သဘာဝရေအေးအေးသောက်သူများအတွက် ညောင်ပင်ဆိပ်သောက်ရေအိုးများကို သတိရကြမည်မှာ မလွဲပါ။ ပြည်သူတွေရေအေးအေးသောက်ရဖို့ အိုးဖုတ်လုပ်ငန်းလုပ်ကိုင်ကြရသည့် အိုးလုပ်သားများ၏ဘဝကတော့ ထင်သလောက်မအေးမြရှာကြပါ၊ မိသားစုဘဝရပ်တည်ရေးအတွက် အဆင့်ပေါင်းများစွာရှိသောအိုးဖုတ်လုပ်ငန်းကို အိမ်ရှိလူကုန် လုပ်ကိုင်ကြရသော်လည်း ရရှိသောဈေးနှုန်းက အိုးတစ်လုံး ငွေကျပ် ၆၀၀ ပတ်ဝန်းကျင်ပါ။ ဒီကြားထဲ အပျက်အစီးအကွဲအဖြတ်ကလည်းရှိနေသေး၏။

ညောင်ပင်ဆိပ်ကျေးရွာသို့အခေါက်ခေါက်အခါခါ လုပ်ငန်းတာဝန်အရ မကြာခဏသွားရောက်ဖြစ်ခဲ့ပြီး အိုးလုပ်ငန်းအကြောင်းကို စိတ်ဝင်တစား ရှိလှသော်လည်း မမေးမြန်းဖြစ်ခဲ့။ ယခုတစ်ပတ်တွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်တင်သူဇာလှိုင်၊ တိုင်းရင်းဆေးကုဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်အေးအေးနိုင်တို့နှင့်အတူပူးပေါင်းဆောင်ရွက်သည့် နယ်လှည့်စာကြည့်တိုက်နှင့် တိုင်းရင်းဆေးဖြင့် အခမဲ့ဆေးကုသခြင်း လုပ်ငန်းများကွင်းဆင်းဆောင်ရွက်ရင်း ဟောပြောပွဲ စာအုပ်နှင့် နံရံကပ်စာစောင်ပြပွဲများပြုလုပ်အပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးမှူးနှင့် ကျွန်တော်ဒေသခံ အမျိုးသမီးတစ်ဦး၏အကူအညီဖြင့် ကျေးရွာအတွင်းလှည့်ပတ်၍ ဘုရားများလှည့်ဖူးပြီးနောက် နာမည်ကြီးအိုးဖုတ်လုပ်ငန်း လုပ်ဆောင်ခြင်းတို့ကို ထဲထဲဝင်ဝင်လေ့လာဖြစ်ခဲ့သည်။



မီးကျက်ပြီး အိုးများသယ်လာသည်ကို တွေ့ရစဉ်

အိုးလုပ်ငန်းကိုလေ့လာရာ၌ ရှေးဦးစွာ အိမ်ရှေ့တွင် အိုးကတော့ အစိုကလေးများကိုနေလှန်းထားသည့် မိသားစုတစ်နိုင်တစ်ပိုင် အိုးဖုတ်လုပ်ငန်းကို လုပ်ကိုင်နေသော ဦးဝင်းမြင့်၏နေအိမ်သို့အရင်ဆုံးဝင်၍ မြန်မာ့ရိုးရာအိုးဖုတ်လုပ်ငန်းအကြောင်းကို လေ့လာမေးမြန်းမိပါသည်။ ဦးဝင်းမြင့်၏ပြောပြချက်အရ အိုးလုပ်ငန်းကို မိုးလေကင်းလွတ်ချိန် နတ်တော်-ပြာသိုလလောက်တွင် လုပ်ငန်းစတင်ကြပြီး ရှေးဦးစွာ ရွှံ့စေး(လယ်မြေ)များ၊ သဲများကိုစုဆောင်းရသည်။ ရွှံ့စေးမြေအခြောက်များကို ထုထောင်းကာရေစိမ်ရသည်။ သဲလှည်းတစ်စီးတိုက်ကိုငွေကျပ် ၂၅၀၀ ပေးဝယ်ရယူကာအသုံးပြုရပြီး သဲလှည်းတစ်စီးလျှင် အိုးအလုံး ၆၀ စာအတွက် အသုံးပြုနိုင်ကြောင်းသိခဲ့ရသည်။

ထို့နောက် မြေကြီးနှစ်ဆ သဲတစ်ဆနှုန်းဖြင့် သင်ဖျာပေါ်တွင် သဲခင်း၍ မြေတစ်ထပ်ပုံကာ၊ သဲတစ်ထပ် မြေတစ်ထပ် လောင်းကာခြေဖြင့်နင်းရသည်။ ခြေဖြင့် တစ်ထစ်ချင်းထောင့်လေးထောင့်နင်းလျှင် တစ်စပ်ပြီးသည်ဖြစ်ပြီး ထိုနည်းအတိုင်း လေးစပ်နင်းရသည်ဟုဆိုသည်။ သဲနှင့်ရွှံ့မြေအမှုန့်များတွင် အမှိုက်များပါရှိပါက အိုးပျက်စီးတတ်သဖြင့် ယင်းတို့ကို သေချာစွာ ဂရုစိုက်ပြီး ဆန်ခါဖြင့်ချရသည်။ ယင်းရောမွှေပြီးမြေကို အိုးတစ်လုံးစာစီတုံးပြီး စက်တုံး(ချား)ပေါ် တင်၍ တစ်ယောက်က လက်တံချောင်းဖြင့်လှည့်ပေးကာ တစ်ယောက်ကအိုးထွင်းခြင်း၊ နှုတ်ခမ်းပန်းဖော်ခြင်းတို့ကို လုပ်ဆောင်ရသည်။ထို့နောက် ယင်းပုံကြမ်းအိုး(အိုးကတော့)များကို နေပူတွင် အတိုင်းအတာတစ်ခုအထိလှန်းပြီး အိုးခတ်၍ရလောက်သည့်အချိန်တွင် နေရိပ်တွင်ပြောင်းရွှေ့စီကာ မှော်(အိုးလုံးပုံဖော်)ခြင်း၊ အလှချ(ပန်းဖော်၊ လက်ခတ်အခုံးဖြင့် သဲဖြူးကာအချောခတ်)ခြင်းတို့ကိုပြုလုပ်ပြီး နေမပူလေမတိုးသောနေရာတွင်ထားရှိပြီးနောက် နေသုံးနေ လှန်းလိုက်လျှင် မီးဖုတ်ရန်အသင့်ဖြစ်သော အိုးများကိုရရှိပြီဖြစ်သည်

မိသားစုလုပ်အားဖြင့် တစ်နေ့လျှင်အိုးအစိုအလုံး ၆၀ခန့်ထွက် ရှိပြီး လူငှားဖြင့်ပြုလုပ်ပါက စက်ထွင်းသူအား အိုးတစ်လုံးငွေကျပ် ၅၀၊ အိုးအလှချသူအား လုပ်အားခအဖြစ်ငွေကျပ် ၆၀ ပေးရသည်။ ရေစိမ့်စေရန်အတွက် အိုးအပေါ်မှဖြူးသောကျောက်ဖြန်းတစ်ပုံးလျှင် ငွေကျပ် ၂၅၀ ပေးရသည်ဟု သိရသည်။

အိုး ၂၃၀ သို့မဟုတ် ၂၅၀ အရတွင် အိုးတစ်ဖိုစာရ ပြီဖြစ်ပြီး အိုးဖုတ်ရန်ပြင်ဆင်ရသည်။ ပြင်ဆင်ရာ၌ ရှေးဦးစွာမီးဖုတ်မည့်အိုးများကို တစ်ဖိုစာစီပြီး အိုးချမ်းကွဲများကို အိုးများနှင့်မထိအောင် လက်ယှက်ထိုးငါးကြင်းကွက်ပုံစံစီပြီးအပေါ်မှကောက်ရိုးဖြင့်ဖုံးအုပ်၍ ရွှံ့စေးဖြင့်မံကာမီးထိုးကာ လေးနာရီခန့်အကြာဖုတ်ရသည်။ အိုးတစ်ဖိုစာအတွက်ထင်း ငွေကျပ် ၃၀၀၀၀ ဖိုးကုန်ကျ၍ အိုးဖုတ်ရာ၌ လောင်စာအတွက်ဝါးကိုလည်း ထည့်သွင်းအသုံးပြုရသည်။ မထည့်လျှင်အိုးမှာမည်း၍ မလှမပဖြစ်တတ်သည်ဟုဆိုသည်။ မီးမထိုးမီ ရွှံ့မံထားသောနေရာတွင် လေရှူပေါက်များဖောက်ရသေးသည်။ မဖောက်ပါက မှိုင်းတက်ပြီး အိုးများမည်းသွားနိုင်သည်။ အိုးမီးထိုးခမှာ တစ်ဖိုလျှင် ငွေကျပ် ၄၀၀၀ ဖြစ်သည်။ စုစုပေါင်းစရိတ်စကနှုတ်လျှင်အိုးတစ်လုံးကိုငွေကျပ် ၃၀၀ သာအမြတ်ကျန်ရှိပြီး မိသားစုလုပ်အားခထည့်သွင်းတွက်ချက်ခြင်းမရှိသေးကြောင်း၊ အိုးတစ်ဖိုလျှင် ငွေကျပ်တစ်သိန်းတစ်သောင်းခန့်ရရှိနိုင်ပြီး ပျက်စီးမှုရှိလျှင် ထို့ထက်လျော့နည်းနိုင်သည်။ အိုးတစ်ဖိုစာအတွက်အိုးများဖုတ်ရန် အသင့်ဖြစ်သည့်အချိန်အထိ လေးရက်လုပ်ကိုင်ရပြီး အိမ်ရှိ လူကုန်မိသားစု လုပ်အားခမှာ တစ်နေ့လျှင်ငွေကျပ် ၁၉၀၀၀ ခန့်သာဝင်ငွေရရှိကြောင်း၊ အချို့လူငှားဖြင့်လုပ်ရသူများတွက်ခြေမကိုက်သဖြင့် လုပ်ငန်းရပ်ဆိုင်းမှုများပင်ရှိကြောင်းသိရသည်။

အိုးလုပ်ရာတွင် ရွှံ့မြေကိုရောစပ်ရာ၌ အနင်းကောင်းရသည်။ မကောင်းလျှင်ပျက်စီးတတ်သည်။ ရွှံ့မြေသဲမြေကိုလည်း အမှိုက် အဖြုန်းများမပါအောင် ဂရုစိုက်ရသည်။ မီးထိုးများလျှင် ကွဲတတ်သည်။ အိုးမီးထိုးရာတွင်လည်း အထူးဂရုစိုက်ရသည်။ မီးများလျှင် အိုးများကွဲတတ်သလို မီးနည်းလျှင်လည်း အိုးအကျက်မညီတတ်ပါ။ အိုးများသည် ကွဲတတ်ပိန်တတ်သဖြင့် ပျက်စီးဆုံးရှုံးမှုအလေအလွင့်မရှိအောင်အလွန်ဂရုစိုက်ရသည်။ အချုပ်အားဖြင့်ဆိုရသော် အိုးလုပ်ငန်းသည်၊ စီးပွားရေးအရတွက်ခြေမကိုက်လှသော်လည်း မိသားစု တစ်ဖက်တစ်လမ်းမှဝင်ငွေရရှိရေးအတွက် ဖြစ်သလို၊ မိရိုးဖလာလုပ်ငန်းတစ်ခုအဖြစ်ပြည်သူများ ရေအေးအေးသောက်ရရေးအတွက် ကုသိုလ်လည်းရ ဝမ်းလည်းဝဆိုသကဲ့သို့ အစဉ်အလာအရလက်ဆင့်ကမ်းလုပ်ကိုင်နေကြရသော လုပ်ငန်းတစ်ခုသာဖြစ်ကြောင်း ရေးသားဖော်ပြလိုက်ရပါသည်။

## သီပေါမြို့နယ်ရှိ ရှေးဟောင်းသမိုင်းဝင် ဘော်ကြိုဘုရားပွဲတော် ကျင်းပမည်

**သီပေါ ဖေဖော်ဝါရီ ၂၈**

နှစ်စဉ် ကျင်းပမြဲဖြစ်သော ရှမ်းပြည်နယ် မြောက်ပိုင်း သီပေါမြို့နယ်ဘော်ကြိုကျေးရွာရှိ ရှေးဟောင်းသမိုင်းဝင်ဘော်ကြိုမုဋ္ဌောစေတီတော်မြတ်ကြီး၏ ဗုဒ္ဓပူဇနိယ တပေါင်းပွဲတော်ကြီးကို ၁၃၇၈ ခုနှစ် တပေါင်းလဆန်း ၁၀ ရက်မှ တပေါင်းလပြည့်နေ့ (မတ် ၇ ရက်မှ ၁၂ရက်) အထိ ကျင်းပရန် ဘုရားကြီးဂေါပက အဖွဲ့က စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ယခုနှစ် ဘော်ကြိုဘုရားပွဲတော်ကို ရှေးအစဉ်အလာအတိုင်း တပေါင်းလဆန်း ၈ ရက် နံနက် ၇ နာရီခွဲတွင် သီပေါမြို့နယ် တုံစင့်ဒေဝါနန်းမှ ကိုးမြို့ရှင် ဘိုးဘိုးကြီးအား ဘော်ကြိုဘုရားပွဲတော်ဝင်ရန်ပင့်ဆောင်ခြင်း၊ တပေါင်းလဆန်း ၁၀ ရက် နံနက် ၉ နာရီခွဲတွင် ဘုရားပွဲတော်ဖွင့်လှစ်ပွဲအခမ်းအနားကျင်းပခြင်း၊ နံနက် ၁၁ နာရီတွင် အသံမစဲမဟာပဋ္ဌာန်းပူဇော်ပွဲစတင်ခြင်း၊ တပေါင်းလပြည့်နေ့နံနက် ၅ နာရီတွင် ဗုဒ္ဓါဘိသေကအနေကဇာတင်မင်္ဂလာဆွမ်းတော်ကြီးကပ်လှူခြင်း၊ မွန်းတည့် ၁၂ နာရီတွင်လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေခြင်းစသည့် အစီအစဉ်များဖြင့်ကျင်းပမည်ဖြစ်သည်။

အဆိုပါ ဘုရားပွဲတော်တွင် ဘော်ကြိုမုဋ္ဌောစေတီတော်မြတ်ကြီး၏ မုခ်လေးမုခ်၌ သီတင်းသုံးကိန်းဝပ်စံပွာယ်တော်မူသော ရတနာမာန်အောင်၊ ရတနာဉာဏ်အောင်၊ ရတနာရန်အောင်နှင့် ရတနာဈာန်အောင်ရှေးဟောင်းဘုရားရုပ်ပွားတော် လေးဆူအား ရွှေသင်္ကန်း၊ ဆွမ်း၊ ပန်း၊ ရေချမ်း၊ ဆီမီးများ ကပ်လှူပူဇော်နိုင်ရန်လည်း စီစဉ်ထားရှိပြီး ပွဲတော်ရက်များအတွင်း မြန်မာ့ရိုးရာ ခြင်းလုံး၊ ပိုက်ကျော်ခြင်း၊ ဘော်လီဘောပြိုင်ပွဲများအပြင် ပျော်ပွဲရွှင်ပွဲဖြင့် စည်ကားသိုက်မြိုက်စွာကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**စိုင်း(သီပေါ)**

### မီးဖိုမီးအသုံးပြုလျှင်

၁။ လူစောင့်ထားပါ။
၂။ လောင်စာမီးအားကို လိုအပ်သည်ထက်ပိုမသုံးပါနှင့်။
၃။ မီးဖိုမီးကြွင်းမီးကျန်များ ငြိမ်းသတ်ပါ။
၄။ မီးဖိုနှင့်အမိုး၊ နံရံအကြားအပူခံအကာအရံများ ထားပါ။
၅။ ဆီအိုးတည်ပြီးမမေ့ပါနှင့်။

မီးသတ်ဦးစီးဌာန

## ပြင်ဦးလွင်၌ ၂၀၁၇ တက္ကသိုလ်ဝင်စာမေးပွဲတွင် မျက်မမြင်ကျောင်းသားသုံးဦးဝင်ရောက်ဖြေဆိုမည်

**ပြင်ဦးလွင် ဖေဖော်ဝါရီ ၂၈**

၂၀၁၇ ခုနှစ် မတ်လ ၈ ရက်နေ့တွင် စတင်ကျင်းပမည့် တက္ကသိုလ်ဝင်စာမေးပွဲကိုပြင်ဦးလွင်မြို့၌ အထက(၁၊၂၊၃၊ ၄၊၅)၊ အထက(၁)တိုးချဲ့ အနီးစခန်းအထက၊ အလက(၁၊ ၂၊ ၃၊ ၄) စာစစ်ဌာနအဖြစ် စုစုပေါင်းစာစစ်ဌာန ၁၁ ခု ဖွင့်လှစ်ထားရှိပြီး ကျောင်းသားကျောင်းသူ ၆၇၉၄ ဦး ဝင်ရောက်ဖြေဆိုမည်ဖြစ်ပြီး ယခုနှစ်ဖြေဆိုမည့် တက္ကသိုလ်ဝင်တန်း စာမေးပွဲကို ဝင်ရောက်ဖြေဆိုမည့် ကျောင်းသားကျောင်းသူများထဲတွင် ထူးထူးခြားခြား အနေဖြင့် အလက(၄) စာဖြေဌာန၏ ဝိဇ္ဇာဘာသာတွဲနှင့် ဖြေဆိုကြမည့် မောင်ဘုန်းခန့်ကျော်၊ မောင်မောင်မြင့်နှင့်မနှင်းဝေဖြိုးတို့သည် မျက်မမြင်ကျောင်းသားကျောင်းသူများအဖြစ် ပါဝင်လာကြောင်း သိရသည်။

ထို့အပြင် လိုအပ်လာပါက ဆေးရုံစာစစ်ဌာနအဖြစ် ဖြေဆိုရန်လျှောက်ထားလာသည့် ကျောင်းသားကျောင်းသူများရှိလာပါက ပြင်ဦးလွင်မြို့ ခုတင် ၃၀၀ ဆံ့ပြည်သူ့ဆေးရုံကြီးတွင် စာဖြေခန်းတစ်ခုကို အဆင်သင့်စီစဉ်ဆောင်ရွက်ထားပြီး ယနေ့အချိန်ထိ ဆေးရုံစာဖြေဌာနတွင် ဖြေဆိုခွင့်ပြုရန်လျှောက်ထားလာသည့် ကျောင်းသားကျောင်းသူမရှိသေးကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ မြို့နယ်ဒုတိယပညာရေးမှူး၏ ပြောပြချက်အရ သိရသည်။


တက္ကသိုလ်ဝင်တန်း ဖြေဆိုမည့် မျက်မမြင်ကျောင်းသားကျောင်းသူများသည် ပြင်ဦးလွင်မြို့ပုဂ္ဂလိကမျက်မမြင်ပညာသင်ကျောင်းမှဖြစ်ကြပြီး ယခုနှစ်တွင် နဝမတန်းကျောင်းသားတစ်ဦး၊ အဋ္ဌမတန်းကျောင်းသားသူတစ်ဦး၊ စတုတ္ထတန်းကျောင်းသားတစ်ဦးတို့သည် မျက်မမြင်ကျောင်းသားများအဖြစ် သက်ဆိုင်ရာစာမေးပွဲအသီးသီးတို့ကို ဝင်ရောက်ဖြေဆိုခဲ့ကြပြီး မခင်ထူးမာဆိုသည့် အဋ္ဌမတန်း ကျောင်းသူတစ်ဦးမှာ မွေးရာပါ လက်နှစ်ဖက်မပါရှိသောကြောင့် စာမေးပွဲကို ခြေထောက်ဖြင့် ကောင်းမွန်စွာ ဖြေဆိုနိုင်ခဲ့ကြောင်း သိရသည်။

**သက်နိုင်(ပြင်ဦးလွင်)**

**ရန်ကုန်အနောက်ပိုင်းခရိုင်အတွင်းရှိ အလုံမြို့နယ် သိပ္ပံဈေး နှင့် လမ်းမတော်မြို့နယ် မော်တင်ဈေးအတွင်း ဖေဖော်ဝါရီ ၂၄ ရက်က အရည်အသွေးအာမခံချက်မရှိသော ငရုတ်သီးမှုန့်များ၊ မဆလာမှုန့်များနှင့်အတူ အခြားအလားတူ စားကုန်များရောင်းချခြင်းရှိမရှိကို ခရိုင်စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူး ဦးကျင်ဌေးနှင့် တာဝန်ရှိသူများကွင်းဆင်းစစ်ဆေးစဉ်**

တင်ဝင်းလေး(ကြည့်မြင်တိုင်)




KBZ BANK
STRENGTH OF MYANMAR
APPLY NOW
The New KBZ Visa Credit Card
KBZ BANK
Visa payWave
4216 8888 8888 8888
4216
VALID THRU 12/21
Mee Mee
VISA
Platinum
KBZ BANK
Visa payWave
4216 8888 8888 8888
4216
VALID THRU 12/21
MG MG
VISA
Experience the World of Privileges and Luxuries
KBZ Visa Platinum & Classic Credit Card
Call Center: +951 370320
Website : www.kbzbank.com Email : hotline.cards@kbzbank.com
Facebook : www.facebook.com/KBZCards

ဦးစိုးရွှေမြင့် B.Sc (Hons:), M.Sc (Engineering Physics) (YU), I.D.C.S (NCC, London)
ဒေါ်သန္တာထွန်း B.Sc (Physics) ဦးစီးတည်ထောင်ဖွင့်လှစ်သည့်

မြန်မာ့ပညာရေးကို တန်ဖိုးထားအားပေးသော MEC

# MYANMAR EDUCATION CENTRE
# မြန်မာ့ပညာရေးအောင်မြေ

## ကိုယ်ပိုင်အထက်တန်းကျောင်း
## သူငယ်တန်း မှ ဒသမတန်း
## အထူးအဆင့်မြင့် စာသင်ဝိုင်း (၁၀ တန်း)

ပညာရေးဝန်ကြီးဌာန ခွင့်ပြုချက်မှတ်ပုံတင်အမှတ် - ကက ၁၃/၀၂/၀၉၃

သူငယ်တန်းမှ နဝမတန်းအထိ (မေလ ၄ ရက်) နေ့နှင့် ဒသမတန်းကို (မတ်လ ၂၀ ရက်) နေ့တွင် စတင်ဖွင့်လှစ်ပါမည်။

၂၀၁၇ - ၂၀၁၈ ပညာသင်နှစ်အတွက် ကျောင်းအပ်လက်ခံပြီ

**ကျောင်းတည်နေရာ** MEC-1 အမှတ် (၁၅၈)၊ ခရေပင်လမ်းမကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။
MEC-2 အမှတ် (၅၉၊ ၆၀၊ ၆၁)၊ ဝိတောက်လမ်း၊ ၂ (က) ရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။

**ဆက်သွယ်ရန်** ၀၉ ၅၁၀ ၂၁၃၃၊ ၀၉ ၇၉၈၁၃၆၃၈၈၇၊ ၀၉ ၅၀ ၅၅၂၀၃၊ ၀၉ ၉၆၃၇၃၅၄၅၁

- မူလတန်း၊ အလယ်တန်း၊ အထက်တန်းတို့ကို ပိုင်နိုင်စွာ သင်ကြားပေးနိုင်သော အတွေ့အကြုံရှိ ဆရာ၊ ဆရာမများ အလိုရှိသည်။ (ဆရာဖြစ်လက်မှတ်ပါရှိသူ ဦးစားပေးမည်)။
- အင်္ဂလိပ်စာ 4 Skills၊ ပန်းချီ၊ မြန်မာ့သိုင်း သင်ကြားပေးနိုင်သော ဆရာ၊ ဆရာမများ အလိုရှိသည်။
- ကွန်ပျူတာစာစီစာရိုက်၊ ရုံးအကူ၊ သန့်ရှင်းရေး ဝန်ထမ်းများ အလိုရှိသည်။
- Townace, Liteace, Hiace, Mini-Bus မှန်လုံကျောင်းကားဆွဲလိုသူများ ဆက်သွယ်နိုင်ပါသည်။

**ကျောင်းပုံစံနှင့် ပြင်ဆင်မှု**

- ကျယ်ဝန်းသော ကိုယ်ပိုင်မြေပေါ်တွင် ကျောင်းပုံစံဆောက်လုပ်ထား၍ -
  - စာသင်ခန်းများ ကျယ်ဝန်းပြီး လေဝင်လေထွက်နှင့် အလင်းအား အထူးကောင်းမွန်ခြင်း
  - ဘေးကင်းလုံခြုံမှုရှိ၍ ကျယ်ဝန်းသော အားကစားကွင်း ပါရှိခြင်း
  - ကျောင်းသားကျောင်းသူ ဝင်ဆံ့အားနှင့် အဆောက်အဦး၏ ခံနိုင်ရည်တို့ကို သေချာစွာ တွက်ချက်၍ ဆောက်လုပ်ထားခြင်းကြောင့် လုံခြုံစိတ်ချရမှုရှိခြင်း
  - ကျောင်းနေရာ တည်ငြိမ်မှုရှိခြင်း (မပြောင်းရွှေ့ရပါ) တို့နှင့် ပြည့်စုံပါသည်။
- စာသင်ခန်းတိုင်းတွင် လေအေးပေးစက် (Air Condition) များ အပြည့်တပ်ဆင်ထားပြီး၊ သောက်သုံးရေအတွက် ရေသန့်စက် တပ်ဆင်ထားရှိပါသည်။

**သင်ကြားမှုပုံစံ၊ စနစ်နှင့် ဖွဲ့စည်းပုံ**

- နိုင်ငံတော်မှ ချမှတ်ပေးထားသော သင်ရိုးညွှန်းတမ်းများအား တည်ထောင်သူ၊ ကျောင်းအုပ်ချုပ်မှု အဖွဲ့ဝင်များနှင့် ကျောင်းအုပ်ကြီး၏ စီမံအုပ်ချုပ်မှုဖြင့် သက်ဆိုင်ရာဘာသာရပ်သင် ဆရာ၊ ဆရာမများမှ စဉ်ဆက်မပြတ် သင်ကြားခြင်း၊ လေ့ကျင့်ခြင်း၊ တတ်မြောက်မှုစစ်ဆေးခြင်းတို့ကို စည်းစနစ်ကျနစွာဖြင့် ကြပ်မတ်ဆောင်ရွက်မည် ဖြစ်ပါသည်။ (အစိုးရကျောင်းကြီးတက်ရန်နှင့် ကျူရှင်ထပ်မံယူရန် မလိုအပ်ပါ။)
- စေတနာနှင့် ဝါသနာတို့ကို အရင်းခံပြီး ထပ်ဆောင်း၍ -
  - အင်္ဂလိပ်စာစွမ်းရည် မြင့်မားတိုးတက်စေရန် အင်္ဂလိပ်စာ (4 skills) ကို ဖြည့်စွက်၍ သင်ကြားပေးခြင်း
  - စိတ်တည်ငြိမ် နူးညံ့မှုရရှိစေရန် ပန်းချီပညာသင်ကြားပေးခြင်း
  - ကိုယ်ကာယနှင့်စိတ်ဓာတ် ကျန်းမာကြံ့ခိုင်စေရန် မြန်မာ့ရိုးရာသိုင်းပညာ သင်ကြားပေးခြင်းတို့ ပါဝင်မည်ဖြစ်ပါသည်။
- နောင်အနာဂတ်တွင် နိုင်ငံ၏ သားကောင်း၊ သမီးကောင်းများ ဖြစ်လာမည့် ကျောင်းသား၊ ကျောင်းသူတို့၏ ပညာအရည်အသွေးကိုသာမက စိတ်ဓာတ်၊ စည်းကမ်း၊ စာရိတ္တမဏ္ဍိုင် ကြံ့ခိုင်ကောင်းမွန်ရေး နည်းလမ်းကောင်းများကိုပါ အဓိကထား၍ လေ့ကျင့်ပျိုးထောင်ပေးသွားမည် ဖြစ်ပါသည်။
- တည်ထောင်သူ၊ အုပ်ချုပ်သူများကိုယ်တိုင် ပညာရေးတွင် Ph.D, M.Sc, B.Sc နိုင်ငံတကာ ဘွဲ့များရရှိကာ သင်ကြားမှု၊ အုပ်ချုပ်မှု အတွေ့အကြုံရှိ အငြိမ်းစား (ကျောင်းအုပ်ကြီးများ၊ ဆရာ၊ ဆရာမများ) နှင့် ပညာရေးဝန်ကြီးဌာနမှ တရားဝင်ခွင့်ပြုထားသော ကိုယ်ပိုင်ကျောင်းဆရာဖြစ် မှတ်ပုံတင်လက်မှတ်ရ (Ph.D, M.Sc, M.Ed, B.Ed, M.A ဆရာ အတတ်သင်ဆင်း) ဆရာ၊ ဆရာမများ အင်အားများစွာဖြင့် ခိုင်မာစွာ ဖွဲ့စည်းတည်ထောင်ထားသော ကိုယ်ပိုင်ကျောင်းကြီး ဖြစ်ပါသည်။

**အဋ္ဌမတန်း၊ နဝမတန်း၊ ဒသမတန်းများအတွက်**

- အစိုးရကျောင်းများတွင် တက်ရောက်နေသော ဒသမတန်းများအတွက် အထူးအဆင့်မြင့် စာသင်ဝိုင်း ရှိပါသည်။
- အဋ္ဌမတန်း၊ နဝမတန်း၊ ဒသမတန်းများအတွက် Study Guide အချိန်များရှိပါသည်။

**မှတ်ချက်။** ။နေ့ကျောင်း (သို့မဟုတ်) နေ့ကျောင်း + Study Guide (သို့မဟုတ်) ဒသမတန်း အဆင့်မြင့်စာသင်ဝိုင်း ကြိုက်နှစ်သက်ရာ ရွေးချယ်တက်ရောက်နိုင်ပါသည်။

**ကျောင်းချိန်နှင့် သွားလာရေး**

- သူငယ်တန်းမှ ဒသမတန်းအထိ မနက် ၈း၀၀ မှ နေ့လယ် ၁း၃၀ နာရီအထိ။
- Study Guide အချိန်ယူသော အဋ္ဌမတန်း၊ နဝမတန်း၊ ဒသမတန်းများ နံနက် ၈း၀၀ နာရီမှ ညနေ ၄း၃၀ နာရီအထိ။
- လုံခြုံစိတ်ချရသော ကျောင်းကား (Ferry) များ ရှိပါသည်။ (ရန်ကုန်မြို့အနှံ့ ကြို/ပို့ စီစဉ်ပေးပါသည်)



ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ (၂၀၁၄ - ၁၅/ ၂၀၁၅ - ၁၆) ပညာသင်နှစ်တွင် (၂) နှစ်ဆက်တိုက် အောင်ချက်အကောင်းဆုံးကျောင်း ● ပညာမြင်းမိုရ် ကိုယ်ပိုင်အထက်တန်းကျောင်း၏ စည်းကမ်း၊ ပညာ၊ အစဉ်အလာကို စုံစမ်းပြီးမှ အပ်နှံပါ... ●

ပညာရေးဝန်ကြီးဌာန၏
ခွင့်ပြုချက်အမှတ် ကက-၁၃/၁၀/၂၂၁

# ပညာမြင်းမိုရ်

## ကိုယ်ပိုင်အထက်တန်းကျောင်း နှင့် အဆင့်မြင့်ဘော်ဒါ
## ၅တန်းမှ ၁၀တန်းအထိ

အဆောင်မှူး၊ ကျွမ်းကျင် (Guide) ဘွဲ့ရ အလိုရှိသည်။ (ကျား)

- ကျူရှင်ထပ်တက်ရန်မလိုသော တစ်နေရာတည်းတွင်ပြီးပြည့်စုံသည့်ကျောင်း...
- စိတ်ကြိုက်အပ်နှံနိုင်သော အမျိုးအစားများ...
  နေ့ကျောင်း / ဘော်ဒါ / တဝက်ဘော်ဒါ
- ကိုယ်ပိုင်အထက်တန်းကျောင်းအား လစဉ်ကြေးဖြင့် လက်ခံပေးပါသည်...
- လူဦးရေကန့်သတ်ထားပါသဖြင့် ကြိုတင်အပ်နှံမှ စိတ်ချရပါလိမ့်မည်...

၈/၉/၁၀ တန်းခွဲ (၁) များ (မတ်လ) နောက်ဆုံးပတ် စမည်...
၈/၉/၁၀ တန်းခွဲ (၂) များ (ဧပြီလ) နောက်ဆုံးပတ် စမည်...
၅/၆/၇ တန်းများ (မေလဆန်း) စမည်...

၂၀၁၇ - ၁၈ ပညာသင်နှစ် အတွက်ကြိုတင် သင်တန်း
တနင်္ဂနွေနေ့ ရုံးခန်းဖွင့်သည်။
ကျောင်းကား ကြို/ပို့ ရှိသည်...

အမှတ်(၃၈/၄၀)၊ သိရိဂုဏ်ဒီပ်ရာ၊ ဝေဠုယန်လမ်း၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။
၀၉ ၂၅၉၂၅၈၄၀၇၊ ၀၉ ၉၆၅၈၀၀၉၆၁၊ ၀၉ ၄၄၅၃၄၀၀၇၇၊ ၀၉ ၇၃၀၀၄၇၂၀၊ ၀၇ ၈၅၆၂၈၃၀



CHINDWIN COLLEGE

psb Academy PEARSON
University of Portsmouth



**BE Final Year 2nd Batch**
သင်တန်းများကိုမေလ (၂) ရက်မှာ စတင်ဖွင့်လှစ်မှာဖြစ်ပြီး
**Bridging Course** ကို
မတ်လ (၆) ရက်မှာစတင်ပါမယ်။

**Business Management & Engineering HND နှင့် B Tech** ပြီးသူ မည်သူမဆိုတက်ရောက်နိုင်ပြီး
အင်္ဂလန် **University of Portsmouth** ကတိုက်ရိုက်ပေးတဲ့ **Degree** ဘွဲ့များကိုရယူနိုင်ပါပြီ

Business Management | Civil | Mechanical | Electrical

**Thein Phyu Campus** -
No. (75), Thein Phyu Road, (Lower Block), Botahtaung Township, Yangon.
**Sin Ma Lite Campus** -
1st Floor, New Sin Ma Lite Market, Corner of Kyi Myin Taing Kanar & Hantharwaddy Road.

**Enroll Now**
01 297673 , 298137, 9 784038995

# လိုင်လင်းပီ၊ ရေဇွာနှင့်မတူပီမြို့နယ်များအတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်




ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ မတူပီမြို့ မြေပြိုမှုဖြစ်ပွားသည့်နေရာများကို ကြည့်ရှုစစ်ဆေးစဉ် (သတင်းစဉ်)

**မတူပီ ဖေဖော်ဝါရီ ၂၈**

ချင်းပြည်နယ်၌ ရောက်ရှိနေသော ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်၊ ဦးဝင်းခိုင်၊ ပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွှယ်၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ်၊ ဒေါက်တာထွန်းနိုင်တို့နှင့်အတူ ယမန်နေ့နံနက်ပိုင်းတွင် မင်းတပ်မြို့မှ လိုင်လင်းပီမြို့သို့ ရောက်ရှိကြသည်။

ရှေးဦးစွာ ဒုတိယသမ္မတနှင့်အဖွဲ့ဝင်များသည် လိုင်လင်းပီမြို့ လေယာဉ်ကွင်းငယ် ဖောက်လုပ်မည့်နေရာသို့ ရောက်ရှိရာ လေကြောင်းဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက လေယာဉ်ကွင်းဖောက်လုပ်မည့် မြေနေရာရွေးချယ်ထားမှုနှင့် လုပ်ငန်းလိုအပ်ချက်များကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်က လေယာဉ်ကွင်းဖောက်လုပ်နိုင်မည့် အခြေအနေများကို ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

*စာမျက်နှာ ၅ ကော်လံ ၁* ✻

# ကျပ် ၅၀၀ တန် ထီလက်မှတ်များ ရောင်းချခြင်းနှင့် ပတ်သက်၍ ကြေညာချက်ထုတ်ပြန်

**စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန**
**ပြည်တွင်းအခွန်များဦးစီးဌာန**
**အောင်ဘာလေသိန်းဆုဌာနခွဲ**
**ကျပ် ၅၀၀ တန် ထီလက်မှတ်များ ရောင်းချခြင်းနှင့် ပတ်သက်၍ ကြေညာချက်**

**၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက်**

၁။ ပြည်တွင်းအခွန်များဦးစီးဌာန၊ အောင်ဘာလေသိန်းဆုဌာနခွဲသည် ၂၀၁၇ ခုနှစ်၊ မတ်လ (၁) ရက်နေ့မှစ၍ ပြည်သူအများ ကံစမ်းနိုင်ရန်အတွက် ကျပ် ၅၀၀ တန် အောင်ဘာလေထီလက်မှတ်များကို ထီအရောင်းကိုယ်စားလှယ်များမှတစ်ဆင့် ရောင်းချမည်ဖြစ်ပါသည်။

၂။ တိုင်းဒေသကြီး/ ပြည်နယ် (၁၄)ခုနှင့် နေပြည်တော်ကောင်စီနယ်မြေအပါအဝင် ဒေသအသီးသီးသို့ မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးများမှတစ်ဆင့် လည်းကောင်း၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့ပေါ်ရှိ မြို့နယ်များအတွက် အောင်ဘာလေသိန်းဆုဌာနခွဲနှင့် မန္တလေး (ရုံးခွဲ)များမှတစ်ဆင့်လည်းကောင်း၊ ကိုယ်စားလှယ်စုစုပေါင်း (၂၃၁၉)ဦးထံ ထီစာအုပ် (၂၈၆၉၉၉) အုပ် (ထီလက်မှတ်စောင်ရေပေါင်း ၃၁၇၅၆၉၈၉ စောင်) ဖြန့်ဝေပေးပို့ထားပြီး ဖြစ်ပါသည်။

၃။ အောင်ဘာလေသိန်းဆုဌာနခွဲနှင့် သက်ဆိုင်ရာအရောင်းကိုယ်စားလှယ်တို့ ချုပ်ဆိုထားသော ပဋိညာဉ်စာချုပ်အရ ထီလက်မှတ်များပြန်လည်ရောင်းချရာတွင် ထီလက်မှတ်အပေါ်၌ ရိုက်နှိပ်ထားသော ထီလက်မှတ်တန်ဖိုးအတိုင်းရောင်းချရန်နှင့် တန်ဖိုးအတိုင်းရောင်းချခြင်းမပြုပါက ပဋိညာဉ်စာချုပ်ပါအတိုင်း အမည်ပျက်စာရင်း (Black List) အဖြစ် သတ်မှတ်မည်ဖြစ်ပါသည်။ ထို့အပြင် လစဉ်ထီစာအုပ်ဝယ်ယူခွင့်ကို ပြန်လည်ရုပ်သိမ်းခြင်း၊ ထီအရောင်းကိုယ်စားလှယ်က ဌာနသို့ ပေးသွင်းထားသော အာမခံငွေ (Deposit) အား နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းယူခြင်းတို့ကို ဆောင်ရွက်မည် ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ထီလက်မှတ်တန်ဖိုးထက်ပို၍ ရောင်းချသူများထံမှ ဝယ်ယူခြင်းမပြုပါရန်နှင့် ထီလက်မှတ်တန်ဖိုးအတိုင်း ရောင်းချသည့်ဆိုင်များတွင်သာ ဝယ်ယူကံစမ်းကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

၅။ ထီလက်မှတ် တစ်စောင်ချင်းကိုဖြစ်စေ၊ အတွဲလိုက်ဖြစ်စေ၊ အုပ်လိုက်ဖြစ်စေရောင်းချရာတွင် ထီလက်မှတ်ပါ တန်ဖိုးထက်ပို၍ ရောင်းချသူများတွေ့ရှိပါက သက်ဆိုင်ရာ မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးများအပြင် အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်တိုင်ကြားနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်-

(က) ပြည်တွင်းအခွန်များဦးစီးဌာန(နေပြည်တော်)၀၆၇-၄၃၀၀၀၅
(ခ) အောင်ဘာလေ သိန်းဆုဌာနခွဲ (ရန်ကုန်) ၀၁-၂၄၉၂၇၃
(ဂ) အောင်ဘာလေသိန်းဆုဌာနခွဲ (မန္တလေးရုံးခွဲ)၀၂-၃၅၉၁၃

## ကယ်လီဖိုးနီးယား၌ လေယာဉ်ပျက်ကျ၊ သုံးဦးထက် မနည်းသေဆုံး

စာမျက်နှာ-၁၀



## ရေချိုချောင်းအတွင်း မိကျောင်းတစ်ကောင် အရှင်ဖမ်းမိ

စာမျက်နှာ-၁၃



## မြန်မာ-ထိုင်းအမျိုးသမီး လက်ရွေးစင် ခြေစမ်းပွဲ ပွဲကြိုသတင်းစာရှင်းလင်းပွဲကျင်းပ

စာမျက်နှာ-၁၄


COLOURFUL DATA PACKS

MPT ၏မြန်နှုန်းမြင့် အင်တာနက်ကို အသက်သာဆုံးနှုန်းထားများဖြင့် အသုံးပြုနိုင်ရန်အတွက် အခုပဲ ဝယ်ယူ သုံးစွဲလိုက်ပါ။

MPT ရွှေသို့လှမ်းချီ မြန်မာပြည်

၅၀% နှုန်းအပိုဆောင်း ရရှိနိုင်မည့် ရက် (၃၀) အသုံးပြုနိုင်သော အင်တာနက် အစီအစဉ်များ

| 1 GB + 0.5 GB | 2 GB +1 GB | 4 GB + 2 GB | 10 GB + 5 GB |
|---|---|---|---|
| *2002# | *2003# | *2004# | *2005# |
| 2,850KYATS | 5,250KYATS | 9,500KYATS | 18,000 KYATS |